ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဘုရားပွင့်၍ ချမ်းသာ၏။
တရားဟော၍ ချမ်းသာ၏။
သံဃာသင့်မြတ် ချမ်းသာ၏။
ညီညွတ်အကျင့် ချမ်းသာ၏။
ပွင့်ခြင်း ဟောခြင်း သင့်မြတ်ခြင်း
ညီညွတ်ခြင်းကြောင့် ချမ်းသာ၏။
ဓမ္မပဒ၊ ဗုဒ္ဓဝဂ်၊ ဘုရားသခင် -၁၉၄။
(မြန်မာပြန်- မင်းသုဝဏ်)

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁ ရက် စနေနေ့၊ 7, Saturday May 2016 (၈၅၅၄)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

# လာအိုနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၆**

အိမ်နီးချင်းနိုင်ငံလည်းဖြစ်၊ အာဆီယံဥက္ကဋ္ဌလည်းဖြစ်သည့် လာအိုနိုင်ငံအား တတ်အားသရွေ့ ဘက်ပေါင်းစုံမှ ထောက်ခံအားပေး သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့နှင့်အတူ ယနေ့တွင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နေ့ချင်းပြန်ခရီးသွားရောက်စဉ် နှစ်နိုင်ငံဆွေးနွေးပွဲ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတ က မြန်မာနှင့် လာအို နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လာကြသည့် နိုင်ငံများဖြစ်ကြောင်း၊ သို့ဖြစ်ရာ နှစ်နိုင်ငံအကြား အပြန်အလှန် အားပေးထောက်ခံမှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုသည် နှစ်ပေါင်း (၆၀) ကျော်ပြီဖြစ်ပါကြောင်း၊ ထို့အတွက် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစွာ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ နယ်နိမိတ်အားဖြင့် မိုင်ပေါင်း ၁၄၀ ကျော် ထိစပ်နေပြီး မည်သည့်ပြဿနာမျှမရှိခဲ့ဘဲ တစ်ဦးနှင့်တစ်ဦး အလွန်ရင်းနှီးကြသည့်နိုင်ငံများ ဖြစ်ကြပါကြောင်းနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်သမ္မတ ဦးထင်ကျော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝပ်တေးလေဆိပ်သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)



ကြေးမုံ

# ထာဝရတည်တံ့ခိုင်မြဲသော ပညာရေးစနစ်အဖြစ်ရပ်တည်

ကောင်းမွန်သည့် ပညာရေးစနစ်တစ်ရပ် ထာဝရပေါ်ထွန်းလာရေးကို ပြည်သူများမျှော်လင့်ခဲ့သည်မှာ မျိုးဆက်တစ်ဆက်မက ရှိခဲ့ပြီဖြစ်သည်။ အမှန်ဆိုလျှင် မြန်မာနိုင်ငံ၏ပညာရေးသမိုင်းကြောင်းတွင် သင်ကြားမှု၊ သင်ယူမှုစနစ် အမျိုးမျိုးဖြင့် ဖြတ်သန်းလာခဲ့ရသည်။ ရလဒ်မှာ ကျောင်းသား ကျောင်းသူများ ပညာရေးစနစ်၏အစမ်းသပ်ခံဘဝများတွင် ဖြတ်သန်းခဲ့ရသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဒုတိယသက်တမ်းကာလတွင် မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို ကောင်းမွန်သည့်ပညာရေးစနစ် ဖြစ်ထွန်းစေရန် ပြောင်းလဲဖော်ဆောင်သွားမည်ဟု သိရသည်။ ယခင်က ဖော်ဆောင်ခဲ့သော ပညာရေးစနစ်မှာ ဆရာဗဟိုပြုလိုက်၊ ကျောင်းသားဗဟိုပြုလိုက်ဖြစ်ခဲ့သည်။ ခေတ်တစ်ခုရောက်တိုင်း စနစ်တစ်ခုပြောင်းလဲပြီးနောက် အကောင်းဆုံးစနစ်ကို မျှော်လင့်ခဲ့ကြသည်။

ယခုအပြောင်းအလဲအစကို ပွင့်လင်းမြင်သာစွာမသိရသေးသော်လည်း မကြာသေးမီရက်များအတွင်းက လူမှုကွန်ရက်စာမျက်နှာများ၌ "ပြုံးပြုံးလေးထား၊ ပျော်ပျော်လေးနေ"ဟန်ပန်များဖြင့် ဆရာ၊ ဆရာမများ ကလေးများသဖွယ် ပျော်ရွှင်စွာဆော့ကစားနေပုံများကို အမှတ်မထင်မြင်တွေ့ခဲ့ရသည်။ ဤသည်မှာ လာမည့်ပညာသင်နှစ်တွင် စတင်အကောင် အထည်ဖော်တော့မည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားပေးမည့် မူလတန်းပြဆရာ ဆရာမများ မြို့နယ်အဆင့် လေ့ကျင့်သင်ကြားမှုများပင်ဖြစ်သည်။

ယခင်ကလည်း 'ကျောင်းနေပျော်မှ စာတော်မည်'ဟူသော ကြွေးကြော်သံဖြင့် ဖော်ဆောင်ခဲ့သေးသော်လည်း ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ခဲ့ချေ။ ယခု အသက်ငါးနှစ်ပြည့်ကလေးငယ်များ ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျောင်းစတင်တက်ရမည့်အစီအမံကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မည့်အစီအစဉ်များအား မြင်တွေ့ရသဖြင့် ကြိုတင်အသိအမှတ်ပြုချင်ပါသည်။

သူငယ်တန်းတွင် ကလေးငယ်များကို ကစားဖို့အချိန်ပေးမည်။ ကဗျာများ၊ သီချင်းများသင်ကြားပေးမည်။ မြန်မာ့ရိုးရာကစားနည်းများမှအစ ကစားနည်းမျိုးစုံသင်ကြားပေးမည့်အပြင် အကအလှများပါ ပါဝင်သော ဆန်းသစ်သည့် အစီအစဉ်များနှင့်စတင်ကာ သုံးလအကြာတွင် သင်ရိုးညွှန်းတမ်းအသစ်ပါအတိုင်း သင်ကြားမှုများကို ပြုလုပ်ပေးမည်ဟု သိရသည်။

ယခင်သင်ကြားခဲ့ရသည့် သင်ရိုးညွှန်းတမ်းအဟောင်းမှာ ဘာသာရပ်ဗဟိုပြုဖြစ်ပြီး ယခုသင်ရိုးညွှန်းတမ်းအသစ်သည် ကလေးများ၏အသက်အရွယ်နှင့် လိုက်လျောညီထွေဖြစ်မည့် သင်ယူမှုနယ်ပယ်ခြောက်ခုဖြင့် ဖွဲ့စည်းထားကာ ပထမတန်းသို့ကူးပြောင်းမှု အဆင်ပြေစေမည့် စနစ်ဖြစ်သည်ဟု သိရသည်။ သူငယ်တန်းစတင်တက်ရောက်မည့် ကလေးများသည် ပြဋ္ဌာန်းစာအုပ်ကို မကိုင်ရဘဲ ဆရာများက စနစ်တကျပြင်ဆင်လေ့ကျင့်ထားသည့် ပုံပြင်များ၊ တေးကဗျာများအပါအဝင် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်းစနစ်သစ်ဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

ယခုစာသင်နှစ်အထိ ငယ်ရွယ်သူကလေးသူငယ်များမှာ ကျောင်းမနေမီကပင် ကျူရှင်သင်ကြားမှုနှင့် ကလေးနှင့်မတန်အောင် စာသင်ကြားမှုဖိစီးနေသော အနေအထားတွင်ရှိသည်။ ကလေးသူငယ်များမှာ ကိုယ်လက်လှုပ်ရှားမှုနှင့် ဦးနှောက်ဖွံ့ဖြိုးမှုဘက်တွင်အားနည်းပြီး မိဘများက ပညာတတ်စေရန် အလေးထားသဖြင့် ဖွံ့ဖြိုးမှုမမှန်မကန်ဖြစ်စေသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ယခုသင်ကြားမှုစနစ်သစ်တွင်လည်း မိဘများ ပူးပေါင်းပါဝင်မှုမှာ အရေးပါသဖြင့် မိဘများအသိအမြင်တိုးအောင် ဆောင်ရွက်ပေးကြရဦးမည်။

ချုပ်၍ဆိုရလျှင် ယခုအသစ်ပြဋ္ဌာန်းထားသည့် ကလေးငယ်များ ပညာရေးစနစ်သစ်မှာ လျော်ကန်သင့်မြတ်ကောင်းမွန်သော်လည်း ဆရာနှင့်ကျောင်းသားအချိုးမျှတရေး၊ မြို့ပေါ်တွင်သာမက ကျေးလက်များတွင်ပါ တစ်ပြေးညီဖြစ်ရေး၊ ထာဝရတည်တံ့ခိုင်မြဲသော ပညာရေးစနစ်အဖြစ် ရပ်တည်နိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံး တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Vasily B. Pospelov တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများအား သောက်သုံးရေလှူဒါန်း

**ထားဝယ် မေ ၆**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လောင်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ဝေဒီကျေးရွာ၊ ကညံ့ကျွန်ကျေးရွာ၊ မကျွန်းမော်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာနှင့် ကဒက်ငယ်ကျေးရွာများသို့ ရေပေးဝေလှူဒါန်းခဲ့သည်။

ဝေဒီကျေးရွာရှိ အိမ်ထောင်စု ၅၅၂ စု(လူဦးရေ ၂၃၂၈ ဦး) အတွက် ရေဂါလန် ၁၁၀၀၊ ကညံ့ကျွန်းကျေးရွာ အိမ်ထောင်စု ၃၀၅ စု (လူဦးရေ ၁၅၈၄ ဦး)အတွက် ရေဂါလန် ၁၂၀၀၊ မကျွန်းမော်ကျေးရွာ အိမ်ထောင်စု ၁၃၅ စု (လူဦးရေ ၅၅၇ ဦး)အတွက် ရေဂါလန် ၁၆၀၀၊ ကုန်းဇရပ်ကျေးရွာ အိမ်ထောင်စု ၁၀၂ စု (လူဦးရေ ၄၂၀)အတွက် ရေဂါလန် ၁၁၀၀ တို့ကို မီးသတ်ယာဉ်များဖြင့် ကျေးရွာများအရောက် လှူဒါန်းခဲ့သည်။

ထို့သို့ ရေအခက်အခဲဖြစ်နေသော လောင်းလုံမြို့နယ် ဝေဒီကျေးရွာ၊ ကညံ့ကျွန်ကျေးရွာ၊ မကျွန်းမော်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာနှင့် ကဒက်ငယ်ကျေးရွာများရှိ စုစုပေါင်း အိမ်ခြေ ၁၂၃၂ စု (လူဦးရေ ၅၂၉၂ ဦး) အတွက် ရေဂါလန်စုစုပေါင်း ၆၁၀၀ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**




# ဟိုပန်၌ လူကုန်ကူးမှုပပျောက်ရေး ပညာပေးဟောပြော

**ဟိုပန် မေ ၆**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်ခရိုင် ဟိုပန်မြို့ရှိ ဒေသခံပြည်သူများ လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို မေ ၄ ရက် နံနက်ပိုင်းက 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ချင်းရွှေဟော်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ချင်းရွှေဟော်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(၁၇) တပ်ဖွဲ့စိတ်(၂)မှ ရဲအုပ်ကျော်သူရက လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှုအမျိုးအစား၊ ဖြစ်မှုဖြစ်ဒဏ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏တာဝန်တို့ကို ပရိုဂျက်တာဖြင့်လည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမျိုးမြင့်ဦးတို့က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ မြို့နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ယာဉ်လိုင်းတာဝန်ခံများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ရှိရင်းစွဲ ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တိုးပွားစေရန်အတွက် နှစ်နိုင်ငံ ပြည်သူများ လက်တွဲဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

လာအိုသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ကလည်း မိမိအနေဖြင့် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်အခါခါ ရောက်ရှိခဲ့ဖူးပါကြောင်း ၊ မြန်မာနှင့် လာအိုတို့သည် အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားခြားနားမှုမရှိဘဲ ညီရင်းအစ်ကိုမောင်ရင်းနှမများသဖွယ် ဆင်တူကြပါကြောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားလိုပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘွန်ညံဗိုရာချစ်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတံတားတည်ဆောက်ပြီးနောက်ပိုင်း နှစ်နိုင်ငံအစိုးရချင်း ၊ ပြည်သူချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည့် ပူးတွဲကော်မရှင်အစည်းအဝေး၊ နယ်ခြားကော်မတီအစည်းအဝေးများတွင်လည်း သက်ဆိုင်ရာနိုင်ငံများအလိုက် ဝန်ကြီးဌာနအဆင့် ဆွေးနွေးဆောင်ရွက်သွားရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်ဆီဆိုလစ်နှင့်တွေ့ဆုံ၍ မြန်မာနှင့် လာအိုသမ္မတနှစ်ဦးအကြား ဆွေးနွေးခဲ့ကြသည့် ကိစ္စရပ်ဆိုင်ရာများအပေါ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် Unknown Soldier Monument ၌ လွမ်းသူ့ပန်းခွေချအလေးပြုကြပြီး ဗီယင်ကျန်းမြို့ရှိ ထပ်လွမ်စေတီ (Thatluang) အား သွားရောက်ဖူးမြော်ကြည်ညိုကာ အမျိုးသားပြတိုက်နှင့် ဆီဆာကတ်ကျောင်းတော်ကို ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာပညာသင်များနှင့် ခေတ္တတည်းခိုသည့် Landmark Mekong Riverside ဟိုတယ်၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်သည် နံနက် ၁၀ နာရီတွင် ဗီယင်ကျန်းမြို့ရှိ SONG MUE NANG Handicraft သို့ သွားရောက်လေ့လာပြီး မွန်းလွဲပိုင်းတွင် ဆီမန်းကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် Ammalin Lao Silk Handicraft ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E .Mr. Somphanh PHENGKHAMMY နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ ပြည်သူကို အကျိုးပြုရန်အတွက် ဖြစ်ပေါ်လာခဲ့သည့်၊ ပြည်သူ့အကျိုးကိုဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညနေပိုင်းတွင် လာအိုနိုင်ငံမှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ညနေ ၆ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လာအိုနိုင်ငံသည် ၁၉၄၉ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ပြင်သစ်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်စာရင်းအရ ခန့်မှန်းလူဦးရေ ၇ သန်းခန့်ရှိပြီး ပျမ်းမျှတစ်ဦးချင်းဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၃၀၀ ခန့်ရှိသည်။ လာအိုနိုင်ငံ၏ အဓိကပို့ကုန်မှာ သစ်တောထွက်ပစ္စည်းများ၊ ကော်ဖီ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ ရွှေ၊ ကြေးနီ၊ လျှပ်စစ်ဓာတ်အား၊ ပြောင်းဖူးနှင့် ရော်ဘာတို့ဖြစ်သည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုကို ၁၉၅၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စတင်ထူထောင်ခဲ့သည်။ ရန်ကုန်မြို့၌ ၁၉၅၆ ခုနှစ်တွင် လာအိုသံရုံးကို စတင်ဖွင့်လှစ်ခဲ့သော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် ၁၉၇၁ ခုနှစ်တွင် ခေတ္တပိတ်ခဲ့ကာ ၁၉၈၀ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာသံရုံးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၁၉၆၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

မြန်မာ - လာအို နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၀၀ ပြည့်နှစ်တွင် ဗီယင်ကျန်းမြို့၌လည်းကောင်း ချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံမှ ပို့ကုန်မှာ ကုလားပဲဖြစ်ပြီး သွင်းကုန်မှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများဖြစ်သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ ၄၀၁ ဖြစ်သည်။ လယ်ယာကုန်ပစ္စည်း တင်ပို့မှုတန်ဖိုးအနေဖြင့် ၂၀၁၃-၂၀၁၄ စာရင်းအရ အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ ၂၅၂ ရှိပြီး စက်မှုကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ သန်းပေါင်း သုည ဒသမ ၀၀၈ ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E .Mr. Somphanh PHENGKHAMMY နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ လာအိုနိုင်ငံ ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗီယင်ကျန်းမြို့ရှိ ထပ်လွမ်စေတီအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗီယင်ကျန်းမြို့ရှိ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)


နိုင်ငံတော်သမ္မတ ဦးထင်ကျော် လာအိုဝန်ကြီးချုပ်နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗီယင်ကျန်းမြို့ရှိ ဆီဆာကတ်ကျောင်းတော်သို့ သွားရောက်လေ့လာစဉ်။ (သတင်းစဉ်)


နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံမှ ပြန်လည်ထွက်ခွာစဉ်။ (သတင်းစဉ်)

# ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြဿနာများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ထိရောက်စွာ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်း

**နေပြည်တော် မေ ၆**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြဿနာများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဤဥပဒေနှင့်အညီ ထိရောက်စွာစိစစ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း အဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မေ ၁၁ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

အဆိုတင်သွင်းရာတွင် ဒေါ်ခင်စောဝေက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေသည် လက်ရှိအာဏာ သက်ဝင်တည်ရှိနေသည့် ခိုင်မာသောဥပဒေ တစ်ရပ်ဖြစ်ကြောင်း၊ ဤဥပဒေအခန်း(၂) နိုင်ငံသားဖြစ်ခြင်းအပိုဒ် (၃)တွင် "နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံသားအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်ဟု လည်းကောင်း၊ အပိုဒ်(၅)တွင် တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ အပိုဒ်(၆)တွင် ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံသားဖြစ်မှုကို ရှင်းလင်းစွာဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါကြောင်း။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် လာရောက်အခြေချနေထိုင်သည့် မည်သူကိုမဆို တားမြစ်ကာကွယ်နိုင်ပြီး နိုင်ငံသားဖြစ်ထိုက်သူများကိုလည်း ဥပဒေနှင့်အညီ ခွင့်ပြုထားရှိသဖြင့် ဤဥပဒေဖြင့် စစ်ဆေးပါက အတု၊ အစစ်၊ အရောအနှော ခွဲခြမ်းစိတ်ဖြာနိုင်မည်ဖြစ်ပါကြောင်း။

ယခုလက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏နိုင်ငံသား ဟုတ်/မဟုတ် မခွဲခြားနိုင်သဖြင့် ယာယီသက်သေခံလက်မှတ် (အဖြူကတ်)ထုတ်ပေးသော ဦးရေမှာ ရခိုင်ပြည်နယ်အတွင်း (၄၉၂၆၃၄)ဦးရှိကြောင်း၊ ထို့ပြင် မည်သည့် လက်မှတ်အမျိုးအစားကိုမျှ ကိုင်ဆောင်ထားခြင်းမရှိသောသူများလည်း များစွာ ရှိနေနိုင်ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတ၏ အမိန့်စာအမှတ် (၁၉/၂၀၁၅) ဖြင့် ယာယီသက်သေခံလက်မှတ်(အဖြူကတ်)များ၏ သက်တမ်းကို မတ် ၃၀ ရက် နောက်ဆုံးသတ်မှတ်ပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အထောက်အထား တစ်စုံတစ်ရာမရှိသည့်သူများအား နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသားစသည်ဖြင့် တစ်မျိုးမျိုး သတ်မှတ်နိုင်ရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဖြင့် ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း လွှတ်တော်သို့တင်ပြခဲ့သည်။



ရသေ့တောင်မဲဆန္ဒနယ်မှ
ဒေါ်ခင်စောဝေ



ပင်လည်ဘူးမဲဆန္ဒနယ်မှ
ဦးမင်းနောင်

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားဖြစ်ထိုက်သူကို နိုင်ငံသားအဖြစ်လည်းကောင်း၊ ဧည့်နိုင်ငံသားဖြစ်ထိုက်သူများကို ဧည့်နိုင်ငံသား အဖြစ် လည်းကောင်း၊ နိုင်ငံသားပြုခွင့်ရနိုင်သူကို ပြုနိုင်ငံသားအဖြစ်လည်းကောင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မျှတသောရပိုင်ခွင့်၊ အခွင့်အရေးများကို ပေးထားကြောင်း၊ ယင်းဥပဒေပုဒ်မ(၁၈)တွင် မရိုးသားသောနည်းဖြင့် နိုင်ငံသားအဖြစ်ကိုရယူပါက ထောင်ဒဏ်ဆယ်နှစ်နှင့် ငွေဒဏ်ငါးသောင်းကို ကျခံစေရန်နှင့် ပုဒ်မ(၁၉)တွင် မရိုးသားသောနည်းဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားလက်မှတ်ကိုရယူရန် အားပေးလျှင် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်တစ်သောင်းကျပ်ကို ကျခံစေရမည်ဟု ဖော်ပြပါရှိသည်။

ယနေ့အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၏ ပင်လည်ဘူးမြို့နယ်တွင် ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့သော လယ်ယာမြေများအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါမြေများသည် သစ်တောဧရိယာအတွင်း ပါဝင်နေကြောင်း သိရှိရသဖြင့် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောမြေအဖြစ်မှ ဦးစွာ ပယ်ဖျက်ရမည်ဖြစ်ပါကြောင်း၊ ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေအဖြစ်သို့ပြောင်းလဲသတ်မှတ်ပေးပြီးဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၏ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ လက်ပန်ဆည်ကို ၂၀၀၄ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအခြေအနေတွင် ဆည်ရေသောက်ဧရိယာ၏ သုံးပုံတစ်ပုံမျှပင် ဆည်ရေမရရှိဘဲ ဆည်ရေပို့လွှတ်ရန် တူးဖော်ထားသောမြောင်းများကြောင့် တောင်သူများ၏မြေယာများနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရခြင်း၊ နိုင်ငံအတွင်း ယင်းကဲ့သို့ အဖြစ်အပျက်များ များစွာရှိနေခြင်းကိုကြားသိရသဖြင့် ယင်းကဲ့သို့ နစ်နာမှုများကို သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် မည်သည့်အချိန်တွင် ဖြေရှင်းဆောင်ရွက်မည်၊ အကယ်၍ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါက အဘယ်ကြောင့်နည်း၊ နိုင်ငံအတွင်း အလားတူဖြစ်ရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်မည်ဆိုသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ လက်ပန်ရေလှောင်တမံ၏ မူလဆည်ရေသောက်ဧရိယာမှာ ၂၅၀၀ ဧကဖြစ်ပြီး စိစစ်ပြီး ဆည်ရေသောက်ဧရိယာမှာ ၁၇၄၁ ဧကဖြစ်ပါကြောင်း၊ နှစ်အလိုက်ရေဝင်ရောက်မှု လျော့နည်းခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်မှု လျော့ကျခြင်းတို့ကြောင့် ပြည့်ဝစွာ ရေပေးဝေနိုင်ခြင်းမရှိသဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပိုင်းအတွက် ရန်ပုံငွေတောင်းခံ၍ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ပန်ရေလှောင်တမံအား အသေးစိတ်စူးစမ်းလေ့လာပြီး ရရှိလာသော အချက်အလက်များအပေါ်မူတည်၍ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါဆည်များကဲ့သို့ အခြားဆည်များ၏ ဆည်ရေသောက်စနစ်များကိုလည်း ပြုပြင်ပေးသွားနိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၏ မောက်မယ်မြို့နယ် နမ့်လွတ်ကျေးရွာအုပ်စု ကဒူးလေးကျေးရွာရှိ နမ့်ဟုတ်သစ်ရိုက်ကျောက်ဖြည့်ဆည်အား ကွန်ကရစ်ဆည်အဖြစ် အဆင့်မြှင့်တင်ပေးမည့် အစီအစဉ်နှင့် ကဒူးလေးကျေးရွာ ရေပေးမြောင်းလက်တံအား ကျောက်စီရေသွယ်မြောင်းဖြင့် ရေထိန်းတံခါး စနစ်တကျဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ဟုတ်ကွန်ကရစ်ရေလွှဲဆည်အား အကျယ် ၆၀ ပေ၊ အမြင့် ၁၀ ပေ တည်ဆောက်ရမည်ဖြစ်ပြီး ရေထိန်းတံခါးတည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်း ပြုပြင်ခြင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျ ငွေကျပ် သန်း ၃၀၀ ခန့်လိုအပ်မည်ဖြစ်ပါကြောင်း။

နမ့်ဟုတ်ကွန်ကရစ်ရေလွှဲဆည်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့်ရန်ပုံငွေအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ၏ မူလရန်ပုံငွေစာရင်းတွင် တောင်းခံထားခြင်းမရှိသဖြင့် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် အခြေခံ၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာနကပေးပို့သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထား တာဝန်ပေးအပ်နိုင်ရန် အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားရာတွင် ပြည်သူ့ဆန္ဒသဘောထားနှင့်အညီ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် တင်သွင်းရခြင်းဖြစ်

**နေပြည်တော် မေ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဒေါ်လှဋ္ဌေး(ခ) ဒေါ်အုန်းကြည်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၆)မှ ဦးမင်းဦး

ထို့ပြင် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ရေချိုငါးလုပ်ငန်း ဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁/၉၁)ဖြင့် ၁၉၉၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ထိုဥပဒေကို ရုပ်သိမ်းရခြင်းဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီမှ သိရသည်။



မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၄)မှ
ဒေါ်လှဋ္ဌေး(ခ) ဒေါ်အုန်းကြည်

ထို့ပြင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

အဆိုပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထား တာဝန်ပေးအပ်နိုင်ရန်၊ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားရာတွင် ပြည်သူ့ဆန္ဒသဘောထားနှင့်အညီ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် တင်သွင်းရခြင်းဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီမှ သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မေ ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# Edinburgh မြို့က ဒေါ်အောင်ဆန်းစုကြည်ပန်းခြံကို ရောက်ခဲ့စဉ်က

**ပန်းချီလှတင်ထွန်း**




**ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုထားသော "လွတ်မြောက်ခြင်းဂုဏ်ထူးဆောင် Edinburgh မြို့တော်သူဆု" ကြေးထွင်းကမ္ပည်းမော်ကွန်း**

မေ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ နော်ဝေမှာ ပြုလုပ်မည်ဆိုသော သတင်းပါလာသည်။ မြန်မာနိုင်ငံ ဒီမိုကရေစီထူထောင်ရေးအတွက် ဦးဆောင်နေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသောအားဖြင့် **(Aung San Suu Kyi Pankera) အောင်ဆန်းစုကြည်ပန်းခြံဟု အမည်ပေးမည့် ပန်းခြံကို နော်ဝေနိုင်ငံ ဖရိုလန်မြို့တွင် လာမည့် ဇွန် ၁၉ ရက် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့တွင် စတင်ထူထောင်မည်ဟု ဖရိုလန်မြို့မှ လာသောသတင်းအရ သိရသည်ဟု ပါရှိပါသည်။** အဆိုပါ ပန်းခြံအနီးရှိ ဘတ်စ်ကားမှတ်တိုင်ကိုလည်း ဒေါ်အောင်ဆန်းစုကြည်မှတ်တိုင်ဟု အမည်ပေးသွားဦးမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ထိုသတင်းလေးဖတ်ရသောအခါ လွန်ခဲ့သည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့က ကျွန်တော်တို့ရောက်ခဲ့ဖူးသော စကော့တလန်နိုင်ငံ Edinburgh မြို့လယ်က ရုက္ခဗေဒပန်းခြံကြီးကို ချက်ချင်းသတိရသွားပါသည်။ ထိုပန်းခြံကြီးထိပ်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်အား Freedom of the City (Edinburgh) ဂုဏ်ထူးဆောင်မြို့တော်သူဆုချီးမြှင့်စဉ်က စိုက်ထူထားသော အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်တုံးကြီးကိုလည်း မြင်ယောင်လာမိပါသည်။

Edinburgh တက္ကသိုလ်ပါမောက္ခ(ငြိမ်း) Dr. Elive နှင့်ဆရာမကြီးဒေါ်မြင့်စုတို့ ကျေးဇူးကြောင့် လန်ဒန်ပန်းချီခရီးသည်ဘဝနှင့် ရောက်နေသော ကျွန်တော်နှင့် ပန်းချီဝင်းမြင့်မိုးတို့ မျှော်လင့်မထားပါဘဲ စကော့တလန်သို့ ရောက်ခဲ့ကြပါသည်။ လန်ဒန်တက္ကသိုလ် School of Oriental and African Studies (SOAS) တွင် ကျွန်တော်ဆွေးနွေးဟောပြောသော Evolution of Myanmar Painting ဆွေးနွေးပွဲသို့ လာရောက်အားပေးသည့် ဆရာမကြီးဒေါ်မြင့်စုက Edinburgh သို့အပြန် လိုက်ခဲ့ရန် ဖိတ်ခေါ်သည့်အတွက် မူလအစီအစဉ်မရှိပါဘဲနှင့် စကော့တလန်သို့ ရောက်ခဲ့ခြင်းဖြစ်ပါသည်။ Edinburgh မြို့အနှံ့လိုက်ပို့မည့် အစီအစဉ်တွင် မြို့လယ်က 'ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ' သို့ လိုက်ပြမည့်ကိစ္စကို ကျွန်တော်အထူးစိတ်ဝင်စားသွားသည်။

ထို့ကြောင့် Edinburgh သို့ ရောက်ပြီးနောက် Edinburgh က မြန်မာများခေါ်သော ဒေါ်အောင်ဆန်းစုကြည်ပန်းခြံသို့ ဦးဆုံး ကျွန်တော်လိုက်ပို့ခိုင်းပါသည်။ ဝေးဝေးမသွားရပါ။ မြို့လယ်ရှိ မီးရထားဘူတာကြီး ဘေးနားမှာပင် ရှိပါသည်။

၂၀၀၅ ခုနှစ် ဇွန်လက **ဒေါ်အောင်ဆန်းစုကြည်၏ (၆၀)နှစ်ပြည့်မွေးနေ့ နေအိမ်အကျဉ်းချုပ်ကျခံရသည့် (၂၅၂၃) ရက်ပြည့် အထိမ်းအမှတ်အဖြစ် Edinburgh မြို့တော်ကောင်စီအဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်အား Freedom of the City (Edinburgh) ဆုဖြင့် အမြင့်မားဆုံးဂုဏ်ပြုရန် ဆုံးဖြတ်လိုက်ကြသည်။** ဤကဲ့သို့ မြို့တော်သူဂုဏ်ထူးဆောင်ဆုမျိုးကို Edinburgh မြို့တော်သူ မြို့တော်သားများကိုသာ ချီးမြှင့်ရိုးထုံးစံရှိသည်ဟုဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် သူတို့၏မြို့တော်သူ မဟုတ်သော်လည်း သူတို့ဂုဏ်ယူရမည့်သူဟု ယုံကြည်သောကြောင့် ဤဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မြို့တော်သမိုင်းတွင် အပြင်လူအား ချီးမြှင့်ခြင်းသည် နှစ်ကြိမ်သာရှိသေးသည်။ ပထမတစ်ယောက်မှာ 'နယ်လ်ဆင်မန်ဒဲလား' ဖြစ်သည်ဟု သိရသည်။

Edinburgh မြို့လယ် ရုက္ခဗေဒဉယျာဉ်ကြီးသို့ ဆရာမကြီးဒေါ်မြင့်စုကိုယ်တိုင် လိုက်ပို့ပါသည်။ ကားရပ်စရာနေရာရှာနေရသော ဆရာမကြီးက ကျွန်တော်တို့ကို ပန်းခြံကြီးထိပ်က ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်သည့် အထိမ်းအမှတ်မော်ကွန်းကျောက်တုံးရှိရာသို့ လက်ညှိုးညွှန်ပြီး စောင့်နေရန်မှာသွားပါသည်။ အတော်ကြာမှ ဆရာမကြီးပြန်ရောက်လာပါသည်။ ပန်းပင်ကြီးတစ်ပင်အောက်က ကမ္ပည်းမော်ကွန်းကျောက်တုံးကြီးပေါ်တွင် အောက်ပါအတိုင်း ကြေးထွင်းစာလုံးစာသားများကို တွေ့ရပါသည်။

**Aung San Suu Kyi**
**Freedom of the City of Edinburgh**
**18 June 2005**
**လွတ်လပ်ခွင့်**

ကမ္ပည်းမော်ကွန်း ကျောက်တုံးကြီးအနောက်တွင် လွန်ခဲ့သော ၁၀ နှစ်ကျော် ဒေါ်အောင်ဆန်းစုကြည် အသက်(၆၀)နှစ်ပြည့်မွေးနေ့က စိုက်ထားသော စကော့တလန်တွင် နာမည်ကျော် Magnolia ခေါ် မဂ်လာရှိသော ပန်းပင်ဖြစ်ကြောင်း အပွင့်ပွင့်လျှင် ဖွေးဖွေးဆွတ်ဆွတ် အရောင်ဖြစ်ပြီး အလွန်လှပကြောင်း၊ ရနံ့မှာလည်း သင်းပျံ့မွှေးကြိုင်လှကြောင်း ဆရာမကြီးဒေါ်မြင့်စုက ရှင်းပြပါသည်။

ထိုကမ္ပည်းမော်ကွန်းနှင့် Magnolia ပန်းပင် စိုက်ပျိုးဖွင့်လှစ်ပွဲနေ့က လန်ဒန်ဆရာတော်ကြွရောက်ပြီး အန္တရာယ်ကင်း ပရိတ်တရားဟောကြားချီးမြှင့်ပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဆုတောင်းပေးခဲ့ကြောင်း၊ ထိုနေ့က ရိုးရာအရ ဆန်မုန့်ပေါက်ပေါက်ကြဲရန်ဖြစ်သော်လည်း စကော့တလန်တွင် ပေါက်ပေါက်ရှာမရ၍ ရွှေရည်ငွေရည်များသာ ပက်ဖျန်းခဲ့ရကြောင်း၊ မိမိ၏လက်ဝတ်ရတနာများချွတ်၍ ရွှေရည်ငွေရည် ပက်ဖျန်းရာတွင် မိမိကိုယ်တိုင်ပက်ဖျန်းပြီး ဆုတောင်းပေးခဲ့ကြောင်း ဆရာမကြီး ဒေါ်မြင့်စုက ပြောပြပါသည်။ ထုံးစံအတိုင်း Edinburgh မြို့နေ မြန်မာအချို့ ကြောက်ရွံ့ပြီး မလာကြသူတွေလည်း ရှိခဲ့ကြောင်းဖြင့်လည်း ပြောပြပါသည်။

ထိုနေ့က Edinburgh မြို့တော်ကောင်စီက ကျင်းပသည့် ဂုဏ်ထူးဆောင်မြို့တော်သူ ဆုပေးပွဲအခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဒေါ်အောင်ဆန်းစုကြည်၏သားကြီးက ဆုတက်ရောက်ယူခဲ့သည်ဟု သိရပါသည်။

ကျွန်တော်တို့ လန်ဒန်ပြန်သည့်နေ့က Edinburgh ဘူတာသို့အသွား ရုက္ခဗေဒဉယျာဉ်ကြီးဘေးက ဖြတ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၏ ဂုဏ်ထူးဆောင်မြို့တော်သူဆု ကမ္ပည်းမော်ကွန်းတည်ရှိရာတစ်ဝိုက်တွင် ကမ္ဘာလှည့်ခရီးသည်များ စုဝေးရောက်ရှိနေသည်ကို တွေ့ခဲ့ရပါသည်။ ထို့ကြောင့် Edinburgh မြို့နေ မြန်မာများခေါ်သလို ထိုရုက္ခဗေဒဉယျာဉ်ကြီးကို ဒေါ်အောင်ဆန်းစုကြည်ပန်းခြံဟု အမည်ပေးခဲ့မိပါသည်။

ယခုအခါ လာမည့် ဇွန်လ ၁၉ ရက်နေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နော်ဝေနိုင်ငံ ဖရိုလန်မြို့တွင် အောင်ဆန်းစုကြည်ပန်းခြံ (Aung San Suu Kyi Pankera) စတင်ထူထောင်မည်ဟု သိရရာ ဂုဏ်ယူဝမ်းမြောက် နှစ်ထောင်းအားရဖြစ်မိပါကြောင်း။ ။




**ဂုဏ်ထူးဆောင် Edinburgh မြို့တော်သူ ဆုရသူ ဒေါ်အောင်ဆန်းစုကြည်အတွက် မော်ကွန်းစိုက်ထူရေးနှင့် Magnolia ပန်းပင်စိုက်ပျိုးရေးတွင် ပါဝင်ခဲ့သူ Edinburgh တက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခ ဆရာမကြီး ဒေါ်စုမြင့်နှင့် စာရေးသူရောက်ခဲ့စဉ်။**

## ဝါးခယ်မမြို့နယ်အတွင်း ရေကောင်းရေသန့်သုံးစွဲနိုင်ရေး မိုးရေလှောင်ကန်များတူးဖော်

**ဝါးခယ်မ မေ ၆**

ဝါးခယ်မမြို့နယ် ရေငန်ဒေသများရှိ ဒေသခံပြည်သူများ ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းကျေးရွာများ ရေရရှိရေးအတွက် ရေငန်ဒေသများဖြစ်သော ဝါးခယ်မမြို့နယ် ရွာသစ်ကျေးရွာ၊ ကွင်းချောင်းကျေးရွာနှင့် ကကလူကျေးရွာရှိ မြေသားမိုးရေလှောင်ကန်အဟောင်းများတွင် ကန်အလျား ပေ ၁၀၀၊ အနံပေ ၁၀၀ နှင့် အနက် ခြောက်ပေ ကန်တို့အား တူးဖော်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်း၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက မြေသားမိုးရေလှောင်ကန်များ တူးဖော်ပြီးစီးမှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ တူးဖော်လျက်ရှိသော မြေသားမိုးရေလှောင်ကန်များမှာ တစ်ကန်လျှင် ရေကောင်းရေသန့် ဂါလန် ၃၇၅၀၀၀ ဆံ့သဖြင့် တူးဖော်ပြီးစီးသွားပါက ဒေသခံပြည်သူများ ရေကောင်းရေသန့်များကို လုံလောက်စွာသုံးစွဲနိုင်တော့မည်ဖြစ်သည်။

**(မော်ကျွန်းမြင့်အောင်)**



ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူတွေသေကျေဒဏ်ရာရတာ လျော့နည်းအောင် တာဝန်ရှိသူတိုင်း တာဝန်ကျေစေချင်

## ကျော်ရင်မြင့်

ဒီကနေ့ မြန်မာနိုင်ငံမှာ လူအသေအပျောက်အများဆုံးကိစ္စဟာ စစ်ပွဲတွေကြောင့် မဟုတ်ဘူး။ ရောဂါဆိုးတွေကြောင့်လည်း မဟုတ်ဘူး။ ယာဉ်မတော်တဆမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

ယာဉ်မတော်တဆမှုတွေကြောင့် လူတွေသေကြရတဲ့ကိစ္စမှာ တာဝန်ရှိသူတွေ တာဝန်ပျက်ကွက်နေတာ မဖြစ်သင့်ပါဘူး။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူအများစုဟာ အိုကြီးအိုမတွေထက် အရွယ်ကောင်း သန်မြန်သူတွေဖြစ်ကြပါတယ်။ သန်မြန်သူတွေသေကြ၊ မသန်စွမ်းဖြစ်ကြရတာ လူ့အဖွဲ့အစည်းအတွက် ကြီးမားတဲ့ဆုံးရှုံးရမှုဖြစ်တယ်။

လူတစ်ယောက် သူ့ခြေထောက်ပေါ် သူ မရပ်နိုင်ဘဲ ဒုက္ခိတဖြစ်သွားပြီဆိုရင် သူ့မိသားစု၊ သူ့ပတ်ဝန်းကျင်အတွက် ဝန်ပိုလာပါတယ်။ သူ့မှာလည်း ကြိုးစားရှင်သန်ရတာမို့ ပင်ပန်းလှပါတယ်။ အဖိုးတန်လှတဲ့ သူ့အစွမ်းအစတွေလည်း ဆုံးရှုံးရပါတယ်။ ဒါကို မဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ(ထိုင်းနိုင်ငံပြီးရင်) ယာဉ်မတော်တဆမှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ ယာဉ်မတော်တဆမှုကြောင့် ပျမ်းမျှအားဖြင့် တစ်နေ့ကို လူ ၁၁ ယောက်သေဆုံးပြီး ၁၇ ယောက် ထိခိုက်ဒဏ်ရာရတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုပါတယ်။ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေကျေနှုန်းက နှစ်စဉ် မြင့်တက်နေတယ်။ ဒီပုံအတိုင်းသွားမယ်ဆိုရင် ၂၀၂၀ ခုနှစ်မှာ ကမ္ဘာမှာ မြန်မာက ယာဉ်မတော်တဆဖြစ်မှု တတိယအများဆုံးဖြစ်လာမယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားပါတယ်။

မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှုအဖြစ်ဆုံးကတော့ မန္တလေးမြို့ဖြစ်ပါတယ်။ ရန်ကုန်နဲ့ တောင်ကြီးက ဒုတိယနဲ့ တတိယဖြစ်ပါတယ်။

ယာဉ်မတော်တဆမှုတွေမဖြစ်အောင် ထိထိရောက်ရောက် ကာကွယ်နည်းကတော့ တာဝန်ရှိသူတွေ တာဝန်သိသိနဲ့ ဖိဖိစီးစီးလုပ်ရင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးရတဲ့အရေအတွက်က သိသိသာသာလျော့ကျသွားမှာ ဖြစ်ပါတယ်။

ယာဉ်မတော်တဆမှုတွေ လျော့ကျအောင် တာဝန်ရှိသူတွေဘက်က စတင်ဆောင်ရွက်သင့်တာတစ်ခုကတော့ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာမှာ "နားလည်မှု" နဲ့မပေးဖို့ပါ။

ဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်လံအရေးယူတာကိုဇာတ်လမ်းဆင်ပြီးရိုက်ထားတဲ့ အိန္ဒိယဘောလိဝုဒ် ရုပ်ရှင်ကားတစ်ကားရှိပါတယ်။ ရုပ်ရှင်ကားထဲမှာ က ည န အရာရှိတွေက ပိုက်ဆံရရင် ဓာတ်ပုံပဲပေး၊ ယာဉ်မောင်းလိုင်စင် အလွယ်ထုတ်ပေးတယ်။ ယာဉ်မောင်းလိုင်စင်အလွယ်တကူရတော့ ကားတွေကို လွယ်လွယ်တက်မောင်းကြ၊ တိုက်မိသေကျေကြတာကို ပြုပြင်ချင်တဲ့သူတွေက ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ကို မျက်မမြင်အသွင်ပေါ်အောင် မိတ်ကပ်နဲ့ပြင်ဆင်ပြီး အဲဒီဓာတ်ပုံနဲ့ ယာဉ်မောင်းလိုင်စင်လျှောက်စေပါတယ်။

လိုင်စင်ရပြီဆိုတော့ လိုင်စင်ထုတ်ပေးတဲ့ ကညနအရာရှိ ရုံးဆင်းချိန်မှာ ဖမ်းခေါ်ပြီး မျက်မမြင်မောင်းတယ်ဆိုတဲ့ ကားကိုစီးစေပါတယ်။ မျက်မမြင်ဟန်ဆောင်ထားသူက ကျွန်တော့်မှာ ခင်ဗျားထုတ်ပေးထားတဲ့ ယာဉ်မောင်းလိုင်စင်ရှိပါတယ်ဆိုပြီး ကားကို ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းမောင်းတော့ အရာရှိမှင်သေလောက်အောင် ကြောက်ရွံ့တာကို ရုပ်ရှင်ကသရုပ်ဖော်ပါတယ်။

ယာဉ်မောင်းလိုင်စင်ကို အလွယ်တကူရသူတွေဟာ ကား၊ ဆိုင်ကယ် မောင်းတတ်ရင် မောင်းတတ်ပါလိမ့်မယ်။ ဒါပေမယ့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလေ့လာဖူးဘူး။ နားမလည်ဘူး။ နည်းနည်းပါးပါးပဲသိတယ်။ ဒါကြောင့် မသိနားမလည်ဘဲ တက်မောင်းနေသူတွေက စည်းကမ်းအတိုင်း မောင်းနှင်တဲ့ယာဉ်တွေကို ဝင်တိုက်နေတာဖြစ်ပါတယ်။

အမှန်တကယ် ထုတ်ပေးထားတဲ့လိုင်စင်တွေနဲ့ မောင်းနှင်ကြတဲ့ ယာဉ်မောင်းများကြောင့်လည်း အန္တရာယ်မဖြစ်အောင်ထိန်းပေးဖို့ ယာဉ်ထိန်းရဲတွေမှာ တာဝန်ရှိပါတယ်။

ယာဉ်ထိန်းရဲတွေဟာ ပြည်သူလူထုအများစုနဲ့ နေ့စဉ်ထိတွေ့ဆက်ဆံနေကြရသူတွေဖြစ်တယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပုံရိပ်လှပဖို့အတွက် ယာဉ်ထိန်းရဲများက စတင်ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ ရဲတွေ တရားဥပဒေကို ဘယ်လောက်အလေးထားတယ်၊ မထားဘူး။ အကျင့်စာရိတ္တ ဘယ်လောက်ကောင်းတယ်၊ မကောင်းဘူးဆိုတာ ယာဉ်ထိန်းရဲတွေက နမူနာပြနေတယ်။

စည်းကမ်းဥပဒေချိုးဖျက်တဲ့သူတွေကို အရေးမယူဘဲ ပိုက်ဆံပဲယူနေရင် ကျွန်တော်တို့လိုလားနေကြတဲ့ တရားဥပဒေစိုးမိုးရေးဆိုတာ "ဟာသ" ပဲ ဖြစ်နေဦးမှာပါပဲ။

ယာဉ်ထိန်းရဲတွေ လမ်းဆုံမှာပိုက်ဆံတောင်းနေကြတဲ့ကိစ္စကို တာဝန်ရှိရဲအရာရှိကြီးများနဲ့ ဆွေးနွေးဖူးပါတယ်။ အခုတော့ခေတ်ပြောင်းပြီလို့ ကြွေးကြော်ပြီး တကယ်ပဲ စည်းကမ်းအတိုင်း တိတိကျကျ တာဝန်ထမ်းဆောင်လို့ ရကြပြီ အမှန်အကန်ဖြစ်အောင် နေတတ်ကြပါတယ်။

လိုင်စင်မဲ့ကား၊ လိုင်စင်မဲ့ယာဉ်မောင်းတွေ သောင်းကျန်းနေတာ မမှန်မကန်တာဝန်ရှိသူတွေကြောင့်ဖြစ်ပါတယ်။ တကယ်သာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ကြရင် တစ်လအတွင်း လိုင်စင်မဲ့ ပျောက်ကွယ်သွားပါမယ်။

အချို့ယာဉ်မောင်းတွေကလည်း ယာဉ်ထိန်းရဲရှိတဲ့ လမ်းဆုံအနီးရောက်မှ စည်းကမ်းရှိကြတယ်။ ဒါကြောင့် ယာဉ်တိုက်မှုလျော့ကျစေဖို့ ရဲကြီးများလည်း လှည့်ကင်းထွက်စေချင်ပါတယ်။ လှည့်ကင်းက ရှောင်တခင်အရေးယူဆောင်ရွက်တာဖြစ်ပြီး 'ဆပ်ပလိုင်းချက်' မဖြစ်စေချင်ပါဘူး။

"ကူညီပါရစေ"ဆိုတဲ့ ရဲတွေရဲ့ဆောင်ပုဒ်က ကောင်းပါတယ်။ ယာဉ်ထိန်းရဲတွေအနေနဲ့ ယာဉ်တွေကိုဖမ်းဖို့ထက် စည်းကမ်းတကျမောင်းနှင်အောင် ကူညီကြပ်မတ်ပေးစေချင်တယ်။ ယာဉ်မောင်းတွေ မှားယွင်းတတ်တာများတဲ့ မဝင်ရလမ်းကို ဝင်မိတာ၊ မသွားရတဲ့ယာဉ်ကြောမောင်းမိတာတွေ မဖြစ်အောင် မမှားခင်က ညွှန်ပြပေးတာက ပိုကောင်းပါတယ်။

ယာဉ်စည်းကမ်းနဲ့ပတ်သက်ရင် ဘယ်သူ့ကိုမှ ဥပဒေအထက်မှာ နေရာမပေးသင့်ပါဘူး။ မကြာခင်မှာ အခြေခံပညာကျောင်းတွေ ဖွင့်ပါတော့မယ်။ အဖြူ အစိမ်းဝတ် ကျောင်းသား ကျောင်းသူ လူငယ်လေးတွေ ဆိုင်ကယ် တဝီဝီစီးပြီး ကျောင်းသွားကြပါတော့မယ်။ ဆိုင်ကယ်ကို သုံးယောက်၊ လေးယောက်စီးကြမယ်။ အန္တရာယ်ကင်းဦးထုပ်မဆောင်းဘူး။ ဒါက မြန်မာနိုင်ငံတစ်ဝန်းလုံးမှာပါ။ ကလေးအများစုဟာ ယာဉ်မောင်းလိုင်စင်မရှိဘူး။ စနစ်တကျ သင်ယူထားတာ မဟုတ်ဘူး။

> **ယာဉ်တိုက်မှုလျော့ကျစေဖို့ ရဲကြီးများလည်း လှည့်ကင်းထွက်စေချင်ပါတယ်။ လှည့်ကင်းက ရှောင်တခင်အရေးယူဆောင်ရွက်တာဖြစ်ပြီး "ဆပ်ပလိုင်းချက်" မဖြစ်စေချင်ပါဘူး။**
>
> **"ကူညီပါရစေ"ဆိုတဲ့ ရဲတွေရဲ့ဆောင်ပုဒ်က ကောင်းပါတယ်။ ယာဉ်ထိန်းရဲတွေအနေနဲ့ ယာဉ်တွေကိုဖမ်းဖို့ထက် စည်းကမ်းတကျမောင်းနှင်အောင် ကူညီကြပ်မတ်ပေးစေချင်တယ်။ ယာဉ်မောင်းတွေ မှားယွင်းတတ်တာများတဲ့ မဝင်ရလမ်းကို ဝင်မိတာ၊ မသွားရတဲ့ယာဉ်ကြောမောင်းမိတာတွေ မဖြစ်အောင် မမှားခင်က ညွှန်ပြပေးတာက ပိုကောင်းပါတယ်။**

ထင်ပါတယ်။

ဟိုခေတ်ကတော့ ရန်ပုံငွေလိုပြီဆိုရင် လမ်းဆုံလမ်းမ လမ်းလေးခွမှာ အဖွဲ့ပေါင်းစုံနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းကြတော့တာပါပဲ။ အစဉ်အဆက် မျက်စိမှိတ်ထားခဲ့တာမို့ စည်းကမ်း ပျက်ချင်တိုင်းပျက်နေတဲ့ ကားတွေ၊ ဆိုင်ကယ်တွေဟာ အဖွဲ့ပေါင်းစုံထလုပ်ရင် တစ်သီကြီး ရန်ပုံငွေ ပေးကြရတော့တာပါပဲ။ ဒါက လုပ်ရိုးလုပ်စဉ်ပါ။

ခုတော့ရန်ပုံငွေလိုမှ ထထဖမ်းတာမျိုးမဟုတ်ဘဲ အချိန်များများ ဖိဖိစီးစီး စစ်ဆေးကြပ်မတ်ကြမယ်။ ဆပ်ပလိုင်းချက်စစ်ဆေးတာမဟုတ်ဘဲ အမှန်အကန်လုပ်မယ်ဆိုရင် ယာဉ်တွေစည်းနဲ့ကမ်းနဲ့ ဖြစ်လာမှာပါ။ ကျွန်တော်တို့လူမျိုးက ပါးနပ်ပါတယ်။ စည်းကမ်း ဥပဒေကို ဝယ်လို့ရရင် ပိုက်ဆံပေးဖို့ ဝန်မလေးပါဘူး။ သူ့ဘက်က အမှန်တကယ်လုပ်ရင် ကိုယ်ကလည်း အမှန်အကန်ဖြစ်အောင် နေတတ်ကြပါတယ်။

'ကျောင်းသား' ဆိုတော့ ထိတို့ရခက်တဲ့ 'သား'ပဲဆိုပြီး တာဝန်ရှိသူတွေကလည်း ဥပဒေနဲ့မညီပေမယ့် မျက်စိတစ်ဖက်မှိတ်ထားကြတာတွေ့ရတယ်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေအောက်မှာ နေ့စဉ်နေထိုင်တဲ့ ဆရာ၊ ဆရာမကြီးတွေက ဆရာမိဘပူးပေါင်းပြီး ကလေးတွေ နိုင်ငံ့သားကောင်းဖြစ်လာအောင် ကြပ်မတ်ပေးဖို့အချိန်တန်ပါပြီ။ မဟုတ်ရင် ကလေးတွေရဲ့ အသိထဲမှာအခွင့်ထူးခံတဲ့ အကျင့်ဆိုးကို ပျိုးထောင်ပေးသလိုဖြစ်ပါတယ်။ ဒါ့ထက်ဆိုးတာက ငယ်ငယ်ရွယ်ရွယ်နဲ့ ကြွေလွင့်ရှာကြရမယ့် အန္တရာယ်ရှိနေတာပါ။

ယာဉ်မတော်တဆမှုမှာ "အာရှချန်ပီယံဒို့မြန်မာ" မဖြစ်အောင် ယာဉ်မတော်တဆမှုကြောင့် လူတွေသေကျေဒဏ်ရာရနေတာ လျော့နည်းသွားအောင် တာဝန်ရှိသူတိုင်းက တာဝန်ကျေကြစေချင်ပါတယ်။ ။




## ရေလိုအပ်လျက်ရှိသည့် ဒိုးပင်ခုံကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေ

**နေပြည်တော် မေ ၆**

နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက သောက်သုံးရေရှားပါးသည့် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် နန်းဩကျေးရွာအုပ်စု ဒိုးပင်ခုံကျေးရွာရှိ အိမ်ခြေ ၂၈၉ မှ လူဦးရေ ၁၁၄၉ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိစေရန် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ရေဂါလန် ၂၀၀၀ ဆံ့ရေသယ်ယာဉ်ဖြင့် ကျေးလက်နေပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ရွှေရဲရင့်)

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၇၈ ခုနှစ်၊  လ၊  ရက်

(၂၀၁၆ ခုနှစ်၊  လ၊  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၅။ (ဂ) အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊”**

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်ရမည်။

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(ည)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

**“၅။ (င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူဖြစ်ခြင်း၊**

**(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း၊”**

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ သဘောဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် သတ်မှတ်အတည်ပြုပေးရမည်။”**

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(စ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၇။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို အစဉ်လိုက်ရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့များ ဖွဲ့စည်းရမည်။**

**(စ) ပုဒ်မခွဲ(င)အရ ပြုစုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်စု တစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသူ အိမ်ထောင်စုဝင် တစ်ဦးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသော မဲစာရင်းကို ရေတွက်၍ ကြေညာရမည်။”**

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ၊”**

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၁၂။ (ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။”**

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲ(ဎ)၊ ပုဒ်မခွဲ(ဓ)နှင့် ပုဒ်မခွဲ(ဝ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၁၃။ (စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံကျင်းပစေခြင်း၊**

**(ည) အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက် မလိုက်နာလျှင်ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊**

**(ဍ) လက်ပူးလက်ကြပ်ဖမ်းဆီးရမိခြင်းမရှိသော လူဆိုး၊ သူခိုးများအား ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊**

**(ဎ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သောနေရာများကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်း၊**

**(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့် တစ်ပြေးညီပြုစုခြင်း၊**

**(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏ အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊”**

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်ရမည်။

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၅ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါကအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်-”**

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာရမည်။”**

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။”**

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်-”**

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်။”**

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

---

# ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၇၈ ခုနှစ်၊  လ  ရက်

(၂၀၁၆ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရေချိုငါးလုပ်ငန်းဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၁)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် လွှတ်တော်များက ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊  ။)

(၁၃၇၈  ခုနှစ်၊  လ  ရက်)

(၂၀၁၆  ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော **“အဖွဲ့ဝင်ငါးဦးစီကို”** ဆိုသည့် စကားရပ်ကို **“ငါးဦးစီထက်မပိုသော အဖွဲ့ဝင်များကို”**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင်ပါရှိသော **“ရွေးချယ်ထားသည့်အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏”** ဆိုသည့် စကားရပ်ကို **“ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

# နိုင်ငံပေါင်း ၁၃ နိုင်ငံမှ နာမည်ကြီးအလှကုန်ပစ္စည်းများ ပြပွဲကျင်းပမည်

**ရန်ကုန်  မေ  ၆**

မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် အလှအပဆိုင်ရာ ထုတ်ကုန်များနှင့် Spa လုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကြီး Cosmobeaute Myanmar 2016 ကို ရန်ကုန်မြို့ရှိ Novotel ဟိုတယ်တွင် ဇွန် ၁ ရက်မှ ၃ ရက်ထိ ပြုလုပ်သွားမည်ဟုသိရသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အလှအပနဲ့ပတ်သက်ပြီး အသိပညာတွေ မရခဲ့ဘူး။ အလှကုန်ထုတ်တဲ့သူဆို အနိမ့်ခံရတယ်။ ပြည်တွင်းက အလှကုန်ဆိုသိပ်အထင်မကြီးကြဘူး။ ဒါပေမယ့် အလှကုန်ဆိုတာ ပညာရပ်တစ်ခုပါ။ ဒီပြပွဲကနေ နိုင်ငံတကာမှာအောင်မြင်နေတဲ့ အလှအပဆိုင်ရာထုတ်ကုန်တွေ၊ နည်းပညာတွေကို တစုတစည်းတည်း လေ့လာခွင့်ရမယ်။ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်နဲ့ ရင်းနှီးမြှုပ်နှံသူကြားမှာအခြေခိုင်မာတဲ့ စီးပွားရေးကွန်ရက်တစ်ခုကို တည်ဆောက်ပေးနိုင်စေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်”ဟု ပြပွဲစီစဉ်သူ ကိုဂျွန်နသန်က ပြောသည်။

အဆိုပါ ပြပွဲကို မလေးရှားနိုင်ငံမှ ECMI ITE Asia Sdn Bhd နှင့် မြန်မာနိုင်ငံမှ Red Event ကုမ္ပဏီတို့ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။ ပြပွဲတွင် တရုတ်၊ ဟောင်ကောင်၊ ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ဗီယက်နမ် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ နာမည်ကြီး အလှကုန်ပစ္စည်းကိုပြသသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် မကြာသေးမီ နှစ်များမှ စတင်ကာ အလှပြင်ဆိုင်များနှင့် Spa လုပ်ငန်းများသည် သိသိသာသာ တိုးတက်များပြားလာခဲ့သည်။ ထို့အတူ အလှအပဆိုင်ရာလုပ်ငန်းများအတွက် အလှပြင်သင်တန်းကျောင်းများ၊ ပြည်တွင်းမှ ပညာရှင်များ၊အနုပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများလည်း များစွာပေါ်ထွက်လာခဲ့သည်။

ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သော မြန်မာနိုင်ငံ၏ အလှအပဆိုင်ရာလုပ်ငန်းများအတွက် အကျိုးအမြတ်များစွာ ဖြစ်ပေါ်လာစေနိုင်သော အခွင့်အရေးများကို စစ်မှန်သော လုပ်ငန်းရှင်များနှင့် အမှန်တကယ်ဝယ်ယူလိုသူများအား ချိတ်ဆက်ပေးသွားမည့်အပြင် နည်းပညာဆိုင်ရာများ၊ အကျိုးတူပူးပေါင်းမှုများဖြင့် ဆွေးနွေးမှုများကို အဆိုပါပြပွဲကာလအတွင်း ပြုလုပ်သွားမည်ဟု သိရသည်။**(ခင်ဇာလီ)**

# စက်လှေကားတပ်ဆင်ထားသည့် လှူကူးခုံးကျော်တံတားဖွင့်

**ရန်ကုန် မေ ၆**
ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း(ဗဟန်း-၃လမ်း)အနီးတွင် မေ ၆ ရက် နံနက်ပိုင်းက စက်လှေကားတပ်ဆင်ထားသည့် လူကူးခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကျင်းပသည်။

"ကမ္ဘာအေးဘုရားလမ်းက ခြောက်လမ်းသွားဖြစ်ပြီး ယာဉ်အသွားအလာ ရှုပ်ထွေးပါတယ်။ ဘုရားဖူးဧည့်သည်တွေရယ်၊ နိုင်ငံခြားသားဧည့်သည်တွေ အသွားအလာများပြားတာကြောင့် ယာဉ်အန္တရာယ်ကင်းဝေးစေဖို့ရည်ရွယ်ပြီး တည်ဆောက်ပေးရတာပါ။ လူကူးမျဉ်းကျားလုပ်ပေးပေမယ့်လည်း သင့်တော်သလိုလမ်းဖြတ်ကူးနေကြတော့ ယာဉ်တိုက်မှုတွေ ကြုံတွေ့နေရပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသိန်းဇော်က ရှင်းပြသည်။

"မြန်မာနိုင်ငံရဲ့ အထင်ကရတစ်ခုဖြစ်တဲ့ ရွှေတိဂုံဘုရားကြီးကို အနယ်နယ်အရပ်ရပ်က ပြည်သူတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေလာရောက်ကြတဲ့အခါ အဆင့်အတန်းရှိရှိနဲ့စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပြီးဘုရားဖူးနိုင်အောင် ဒီစက်လှေကားကို တည်ဆောက်ပေးရခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌ ဦးဖေတိုက်အောင်က ပြောသည်။

"အဘတို့က ရန်ကုန်ကို နှစ်ခါပဲရောက်ဖူးပါတယ်။ ဒါကလည်းသားသမီးတွေကဘုရားဖူးပို့ပေးလို့ ရောက်ရတာပါ။ ရန်ကုန်မှာက ကားတွေအလွန်များတော့ လမ်းကူးဖို့အခက်အခဲဖြစ်ပြီး လမ်းမကူးတတ်ပါဘူး။ အခုလိုလွယ်လွယ်ကူကူနဲ့အန္တရာယ်ကင်းကင်းသွားလာပြီး ဘုရားဖူးရတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ဝမ်းသာပါတယ်"ဟု လပွတ္တာမြို့နယ် ဘိုကုန်းကျေးရွာမှ အဘိုးဦးသာဖန် ကပြောသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ဗဟန်းမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဦးအောင်မြတ်ကျော်၊ ဦးသောင်းထွဋ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)ဌာနမှူးဦးတင်မောင်ကြည်နှင့်ဒုတိယဌာနမှူးများ၊ ဗဟန်းမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကာ စက်လှေကားလူကူးခုံးကျော်တံတားအသုံးပြုကာ လမ်းဖြတ်ကူးကြသည့် ပြည်သူများအား ပဝါများလက်ဆောင်ပေးပြီး ရင်းနှီးခင်မင်စွာနှုတ်ဆက်ခဲ့ကြသည်။ (၁၉၇)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Vasily B. Pospelov အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❖ မယ်ကမ္ဘာမှ**
ပြိုင်ပွဲဝင်များထဲမှ မိမိကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို အွန်လိုင်းမှတစ်ဆင့် မဲပေးလိုသည့် ပရိသတ်များအနေဖြင့် www.facebook.com/miss-myanmarworldofficial တွင် အားပေးနိုင်ပြီး SMS ဖြင့် မဲပေးလိုသည့် ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်၏ ကုတ်နံပါတ်တစ်ခုတည်းကို ရိုက်နှိပ်၍ ooredoo ဖုန်းဖြင့်အသုံးပြုသူသည် ၆၀၀၁ သို့လည်းကောင်း၊ MPT ဖုန်းအသုံးပြုသူသည် ၈၆၀၆ သို့လည်းကောင်း မတ် ၇ ရက်မှ ဇွန် ၃ ရက်အထိ SMS ပေးပို့ အားပေးနိုင်ကြောင်း သိရသည်။ Telenor ဖုန်းအသုံးပြုသူများအတွက်မူ ဖုန်းနံပါတ်ကို Miss Myanmar World စာမျက်နှာမှ ဆက်လက်ကြေညာပေးသွားမည်ဟု သိရသည်။

သတင်း-ခင်ဇာလီ၊
ဓာတ်ပုံ-မီချီကိုဟန်

# အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ချေးငွေလုပ်ငန်းစတင်

**ရန်ကုန် မေ ၆**
ဘဏ္ဍာရေးဝန်ကြီးဌာန၏ မြန်မာ့အာမခံလုပ်ငန်းက မြန်မာနိုင်ငံတွင်ရှိသော SME ကဏ္ဍတွင် အရင်းအနှီးငွေ ပိုမိုရရှိစေရန်၊ SME လုပ်ငန်းများအား အာမခံပစ္စည်း တန်ဖိုးထက်ပိုမိုသည့် ဘဏ်ချေးငွေ ရရှိစေနိုင်ရန် ရည်ရွယ်၍ CGI အစီအစဉ်ကို စတင်မိတ်ဆက်ပေးခဲ့ပြီး အဆိုပါအစီအစဉ်ကို CB ဘဏ်မှ ပထမဦးဆုံး ဘဏ်အနေဖြင့် CGI အစီအစဉ်ကို အသုံးပြုကာ ချေးငွေများ စတင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ချေးငွေကိစ္စရပ်များတွင် ယခင်က အာမခံပစ္စည်း တစ်မျိုးတည်းကိုသာ မူတည်၍ ချေးငွေထောက်ပံ့မှုများ ပေးခဲ့ရာမှ ယခုအခါ SME လုပ်ငန်း၏ တိုးတက်ဖွံ့ဖြိုးမှု အလားအလာနှင့် အနာဂတ်စီးပွားရေး စီမံကိန်း၊ နိုင်ငံတော်၏ ထုတ်ကုန်စွမ်းအားဖွံ့ဖြိုးမှုကို မည်မျှအထောက်အကူပြုနိုင်သည့်အချက်၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း မည်မျှဖန်တီးနိုင်မှု အခြေအနေ စသည့်အချက်များကို ထည့်သွင်းစဉ်းစားကာ မြန်မာ့အာမခံလုပ်ငန်းနှင့် CB ဘဏ်




တို့ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယခုအခါ CB ဘဏ်က "ကြံ့" တံဆိပ် သပိတ်ထုတ်လုပ်ရေးလုပ်ငန်းကို အာမခံပစ္စည်းမပါဘဲ ချေးငွေအာမခံတစ်မျိုးတည်းကိုသာရယူပြီး အဆိုပါလုပ်ငန်းကို ထပ်မံတိုးချဲ့နိုင်ရန် ၂၀၁၆ ခုနှစ် မတ်လတွင် ပထမဆုံး CGI SME ချေးငွေ ထုတ်ပေးခဲ့သည်။

နောင်တွင်လည်း အလားတူ SME Customer များ၏ အနာဂတ်စီးပွားရေးစီမံကိန်းများ ခိုင်မာမှုရှိခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှု စသည့်အချက်များကို အဓိကထား၍ လုပ်ငန်းတိုးချဲ့နိုင်ရန် ချေးငွေများကို ထောက်ပံ့ပေးသည့် အစီအစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် CB ဘဏ်မှ CEO ဦးကျော်လင်းက အမှာစကားပြောကြားသည်။

(ကြေးမုံ)

❖

# ရေရှားပါးသော ကျေးရွာများတွင် စက်ရေတွင်းများနှင့် ရေကန်များတူးဖော်ပေး

**အုတ်ဖို မေ ၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် ကျေးရွာပေါင်း ၂၄၅ ရွာရှိပြီး သောက်သုံးရေရရှိရေးအတွက် မြေသားရေကန်နှင့် လက်နှိပ်တုံကင်တွင်းများမှ ရေကိုအားထားပြီး သုံးစွဲလျက်ရှိရာ ယခုနှစ် အယ်နီညိုရာသီဥတု၏ အပူရှိန်မြင့်မားခြင်း၊ ရေခန်းခြောက်ခြင်းနှင့် မိုးရွာသွန်းမှု နောက်ကျခြင်းတို့ကြောင့် ရေရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း အုတ်ဖိုမြို့၌ စက်ရေတွင်းကိုးတွင်းနှင့် မြေသားရေကန် နှစ်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် တင်းကုတ်ကြီးကျေးရွာတွင် သောက်သုံးရေများရရှိနေကြောင်း သိရသည်။

(ကြေးမုံ)

**❒ ကျောဖုံးမှ**
ကားတွေတိုးချဲ့ပြေးဆွဲပေးသွားမှာပါ" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

လက်ရှိတွင် BRT Lite ယာဉ်လိုင်း ခရီးသည်စီးနင်းမှုများပြားစေရန်နှင့် ခရီးသည်များ ယာဉ်စီးခ ပေးချေကတ်များ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန်၊ငွေဖြည့်မှုများ အလွယ်တကူ ဆောင်ရွက်နိုင်ရန် ဈေးကွက်မြှင့်တင်ခြင်း အစီအစဉ်များ ပြုလုပ်သွားမည်ဟု သိရသည်။

လက်ရှိပြေးဆွဲနေသော လမ်းကြောင်း (၁)သည် ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်းမောင်းနှင်ကာ (၈) မိုင်၊ လှည်းတန်း၊ မြေနီကုန်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမှတစ်ဆင့် အလံပြဘုရားလမ်း၊ ဗဟန်း (၃) လမ်းမှတ်တိုင်၊ ကုက္ကိုင်း၊ ချော်တွင်းကုန်းမှတ်တိုင်တို့ကိုဖြတ်သန်း၍ ကမ္ဘာအေးဘုရားလမ်းအတိုင်းမောင်းနှင်ကာ (၈)မိုင်လမ်းဆုံမှတစ်ဆင့် ပြည်လမ်းပေါ်သို့ ပြန်လည်ချိတ်ဆက်၍ ထောက်ကြန့်လမ်းဆုံသို့ ပြန်လည်ပေါင်းဆုံမည့် ခရီးစဉ်ဖြစ်သည်။

လမ်းကြောင်း(၂)မှာ ထောက်ကြန့်လမ်းဆုံမှ (၈) မိုင်အထိ၊ ယင်းမှ နဝဒေးရုပ်ရှင်ရုံ၊ ချော်တွင်းကုန်းမှတ်တိုင်များကို ဖြတ်သန်းကာ ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်၍ ရွှေဂုံတိုင်၊ ဗဟန်း (၃) လမ်းမှတ်တိုင်တို့ကိုဖြတ်ပြီး ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၊ ထိုမှတစ်ဆင့် ပန်းဆိုးတန်းမှတ်တိုင်ကိုဖြတ်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်းဆုံမှတစ်ဆင့် ကမ်းနားလမ်းအတိုင်း မောင်းနှင်ကာ ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်းဆုံတို့မှတစ်ဆင့် ပြည်လမ်းအတိုင်း မြေနီကုန်း၊ လှည်းတန်း၊ (၈) မိုင်တို့ကို ဖြတ်သန်း၍ ထောက်ကြန့်လမ်းဆုံသို့ ပြေးဆွဲပေးလျက်ရှိသည်။

ယင်းစနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်မှ ငွေကျပ် ၁၁ ဘီလီယံ မတည်ပေးခဲ့ပြီး ပုဂ္ဂလိက လုပ်ငန်းရှင် ခြောက်ဦးက ငွေကျပ် သိန်း ၅၀၀၀ စီနှင့် အများပြည်သူ၏အစုရှယ်ယာ ထည့်ဝင်ငွေကျပ် တစ် ဘီလီယံကျော်တို့ဖြင့် ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီလီမိတက် ထူထောင်ကာ ဖေဖော်ဝါရီ ၇ ရက်က စတင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ယာဉ်စီးခ ပုံသေ ၃၀၀ ကျပ်ဖြင့် ကတ်စနစ်သုံး ငွေပေးချေမှုစနစ်ကို ဆောင်ရွက်နေသော BRT Lite စနစ် ဘတ်စ်ကားပြေးဆွဲမှုကို ရန်ကုန်တစ်မြို့လုံးတွင် ဆောင်ရွက်သွားနိုင်ပါက အများပြည်သူဝန်ဆောင်မှုကို အခြေပြုသည့် သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာနိုင်မည်ဟု မြို့ပြသယ်ယူပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်သူများကသုံးသပ်ပြီး နိုင်ငံတကာမြို့ပြများကဲ့သို့ BRT စနစ်စစ်စစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာနိုင်သည်အထိ ရေရှည်ဆောင်ရွက်သွားသင့်သည်ဟု အဆိုပါယာဉ်လိုင်းစနစ်အပေါ် သုံးသပ်မှုများရှိသည်။

သတင်း-ဆုနှင်းလှဲ့၊ဓာတ်ပုံ- ခင်မောင်ဝင်း

# Kone အလှကုန်ပစ္စည်း အများပြည်သူများသုံးစွဲရန်မသင့်

**နေပြည်တော် မေ ၆**
ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိသည်။




အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ Kone Natural Herb Co.,Ltd Thailan ကုမ္ပဏီက ထုတ်လုပ်သော Kone Facial Cream –Sunscreen Lotion (25ml) ကုန်ပစ္စည်းသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း Hydorquinone များ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိသဖြင့် သုံးစွဲရန် မသင့်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အလှကုန်ပစ္စည်းများကို အများပြည်သူသုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူးရောင်းချခြင်း တွေ့ရှိပါက သက်ဆိုင်ရာ အာဏာပိုင်များက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်

**ကျိုက်ထို မေ ၆**
မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ကျိုထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာတွင် ၁၀ ရက်ကြာဖွင့်လှစ်ပေးမည်ဖြစ်ပြီး သံဂဟေဆက်(ဝရိန်) သင်တန်း၊ ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ ခေါင်းလျှော်ရည်နှင့်ဆပ်ပြာရည်ပြုလုပ်ခြင်းသင်တန်းများ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါသင်တန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး မေ ၂ ရက်မှ ၁၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)



# အိုင်အက်စ်အဖွဲ့တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲသူ သမ္မတအိုဘားမားအား အမေရိကန်စစ်အရာရှိက တရားစွဲဆို

**ဝါရှင်တန် မေ ၆**

အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)အား ချေမှုန်းသောစစ်ပွဲကို ဆင်နွှဲရာတွင် အမေရိကန်ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်ရရှိခဲ့ခြင်းမရှိဟုဆိုကာ သမ္မတ ဘားရက်အိုးဘားမားအား အမေရိကန်ကြည်းတပ်အရာရှိတစ်ဦးက တရားစွဲဆိုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတအိုဘားမားအား တရားစွဲဆိုလိုက်သူမှာ အမေရိကန်ကြည်းတပ်မှ အသက် ၂၈ နှစ်အရွယ် ဗိုလ်ကြီး နာသန် မိုက်ကယ်စမစ် ဖြစ်သည်။

အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်ချေမှုန်းခြင်းကို မိမိအနေဖြင့် အခိုင်အမာထောက်ခံကြောင်း၊ သို့ရာတွင် မိမိ၏ အသိစိတ်ဓာတ်အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံသူတစ်ဦးအဖြစ်လည်းကောင်း အိုင်အက်စ်အဖွဲ့အား ချေမှုန်းရေးစစ်ပွဲဆင်နွှဲရာတွင် သမ္မတအနေဖြင့် ကွန်ဂရက်လွှတ်တော်ထံမှ လျော်ကန်လျောက်ပတ်သော ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်းမရှိဟု မိမိယူဆကြောင်း ဗိုလ်ကြီး စမစ်က ပြောကြားသည်။

သမ္မတအိုဘားမားက အိုင်အက်စ်အဖွဲ့အား စစ်ဆင်နွှဲတိုက်ခိုက်နေခြင်းသည် ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်မှုဖြစ်သဖြင့် တရားဥပဒေနှင့်ညီညွတ်မှုမရှိဟု ကြေညာပေးရန် ဗိုလ်ကြီးစမစ်က ဥပဒေကြောင်းအရ ကြိုးပမ်းခြင်းဖြစ်ကြောင်း တရားရုံးမှတ်တမ်းတွင် ဖော်ပြထားသည်။

စမစ်သည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ကြည်းတပ်၌ ပြန်တမ်းဝင်အရာရှိ တစ်ဦးအဖြစ် ခန့်အပ်ခံခဲ့ရပြီး ၂၀၁၂ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ရှစ်လကြာမျှ တာဝန်ထမ်းဆောင်ခဲ့သည်။ စမစ်သည် ယခုအခါ ကူဝိတ်နိုင်ငံ၌ ထောက်လှမ်းရေးအရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကူဝိတ်၌ အမေရိကန်တပ်ဖွဲ့၏ ပူးတွဲအထူးလုပ်ငန်းစစ်ဆင်ရေးလုပ်ငန်းအတွက် ဖြန့်ကြက်ထားသော တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အဖွဲ့ တိုက်ဖျက်ရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။ **ရိုက်တာ။**

# မြောက်ကိုရီးယား အာဏာရအလုပ်သမားများ ပါတီညီလာခံ ၃၆ နှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပ

**ပြုံယမ်း မေ ၆**

မြောက်ကိုရီးယားနိုင်ငံ၌ အာဏာရအလုပ်သမားများ ပါတီ၏ ပါတီညီလာခံကို မေ ၆ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း၊ ၃၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပါတီညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယား အလုပ်သမားများပါတီ၏ သတ္တမအကြိမ် ပါတီညီလာခံကို ကင်ဂျုံအန်၏ ဦးဆောင်မှုအောက်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းလည်းဖြစ်သည်။

ယခုကျင်းပသော ပါတီညီလာခံသည် ၂၀၁၆ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံအတွက် ထူးခြားအရေးပါဆုံး နိုင်ငံရေးဖြစ်စဉ်တစ်ရပ်အဖြစ် ရှုမြင်ကြသည်။

အာဏာရ အလုပ်သမားများပါတီသည် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒသစ်များကို ရေးဆွဲချမှတ်ပေးမည်ဟု မျှော်လင့်ရသည်။ ကာလရှည်နှင့် ကာလလတ် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍လည်း ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးကြမည်ဟု ယူဆရသည်။ ၂၀၁၃ ခုနှစ် မတ်လက အလုပ်သမားများပါတီ ဗဟိုကော်မတီ၏ မျက်နှာစုံညီအစည်းအဝေးတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်ရေးစွမ်းပကား မြှင့်မားမှုတို့ကို ဒွန်တွဲဆောင်ရွက်သွားရန် ခေါင်းဆောင်ကင်က လမ်းညွှန်ချက် ချမှတ်ခဲ့ပြီး ယခုနှစ်သည် ယင်းလမ်းညွှန်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် တတိယမြောက်နှစ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

သတ္တမအကြိမ် ပါတီညီလာခံ၌ အဏုမြူလက်နက် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးရေးတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန် ညီလာခံကိုယ်စားလှယ်များက အလေးအနက်ပြု ဆွေးနွေးကြမည်ဟု မျှော်လင့်ရကြောင်း နိုင်ငံရေးသုံးသပ်လေ့လာသူများက ပြောကြားကြသည်။

ပါတီညီလာခံ၏ အစည်းအဝေးများကို သုံးရက်တိုင် ကျင်းပမည်ဟု မျှော်လင့်ရပြီး နိုင်ငံတစ်ဝန်းမှ ပါတီကိုယ်စားလှယ် ၃၀၀၀ ခန့် တက်ရောက်ကြသည်။ **ဆင်ဟွာ။**



# မြို့ပြလေကြောင်း အခြေခံအဆောက်အအုံတည်ဆောက်ရေး ယခုနှစ်တွင်တရုတ်နိုင်ငံ ဒေါ်လာ ၁၂ ဘီလီယံနီးပါးသုံးစွဲမည်

**ရှန်ဟိုင်း မေ ၆**

တရုတ်နိုင်ငံသည် မြို့ပြလေကြောင်း အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် ယခုနှစ်တွင် ယွမ် ၇၇ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉ ဘီလီယံ)ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း တရုတ်မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့(စီအေအေစီ)က မေ ၅ ရက်တွင် ပြောကြားသည်။

မြို့ပြလေကြောင်းအခြေခံအဆောက်အအုံ တည်ဆောက်ရေးအစီအစဉ်အရ ယခုနှစ်တွင် တည်ဆောက်ရေးစီမံကိန်း ၁၁ ခု၊ မြို့ပြလေကြောင်းနှင့် သက်ဆိုင်နေသော လက်ရှိအဆောက်အအုံများကို အဆင့်မြှင့်တင်မှုလုပ်ငန်း ၅၂ ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း စီအေအေစီ အကြီးအကဲ ဖန်ကျန်းလင်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုစဉ်အတွင်း တရုတ်နိုင်ငံ၏မြို့ပြလေကြောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီသွားမည်ဖြစ်ကြောင်း၊ ရဟတ်ယာဉ်များနှင့် လေယာဉ်ငယ်များဆိုင်ရာ ထွန်းသစ်စဈေးကွက်ကိုလည်း မြှင့်တင်အားပေးမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ သို့ရာတွင် အသေးစိတ်မသိရှိရပေ။

မြို့ပြလေကြောင်းဈေးကွက်ကို ဖွင့်လှစ်ပေးခြင်းဖြင့် တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ အရေးပေါ်ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ လေယာဉ်မှူး




လေ့ကျင့်ရေးလုပ်ငန်းတို့ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ရဟတ်ယာဉ်များနှင့် လေယာဉ်ငယ်များအသုံးပြုနိုင်ရန်အတွက် နိုင်ငံ့လေကြောင်းပိုင်နက်ကို ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း ဖလိုက်ဂလုပ်အမည်ရှိ မြို့ပြလေကြောင်းစာစောင်၏ အာရှရေးရာစာတည်း ဂရက်ဝေါဒရွှန်က ပြောကြားသည်။

တရုတ်နိုင်ငံ၏စစ်ဘက်သည် နိုင်ငံတော်၏လေကြောင်းပိုင်နက်ကို ထိန်းချုပ်ထားသည်။ စစ်လေယာဉ်များသည် အရပ်ဘက်လေယာဉ်များထက် ဦးစားပေးအဆင့်အတန်း ရရှိထားသည်။ **ဆင်ဟွာ။**

# ဩစတြေးလျ စစ်ဘက်လေ့ကျင့်ရေးစခန်းတိုးချဲ့ရေး စင်ကာပူနိုင်ငံက ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ငွေကြေးထောက်ပံ့မည်

**ဆစ်ဒနီ မေ ၆**

ယနေ့ထုတ်ပြန်ကြေညာသည့် သဘောတူညီချက်တစ်ရပ်အရ ဩစတြေးလျနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးစခန်းများ တိုးချဲ့ရေးအတွက် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ငွေကြေးထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

မြေရှားပါးသော စင်ကာပူနိုင်ငံက စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုများပြုလုပ်ရန် ဩစတြေးလျနိုင်ငံသို့ ယခင်ကတည်းက တပ်ဖွဲ့များစေလွှတ်ခဲ့သည်။ သဘောတူညီချက်သစ်အရ စင်ကာပူနိုင်ငံအား ဩစတြေးလျနိုင်ငံသို့ အလှည့်ကျစေလွှတ်သော တပ်ဖွဲ့ဝင်အရေအတွက်ကို ၆၀၀၀ မှ ၁၄၀၀၀ ထိ တိုးမြှင့် စေလွှတ်ခွင့်ပြုမည်ဖြစ်သည်။ သဘောတူညီချက်အရ ကွင်းစလန်ပြည်နယ်မြောက်ဘက်ရှိ ရှိုးဝါးတားဘေး လေ့ကျင့်ရေးနယ်မြေနှင့် တောင်းစ်ဗီလီ မြေပြင်လေ့ကျင့်ရေးနယ်မြေများ တိုးချဲ့ရေးအတွက် ကုန်ကျစရိတ်ကျခံရမည်ဖြစ်သည်။

ဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူး၏ ထုတ်ပြန်ကြေညာချက် အချိန်ဇယားကို ဇူလိုင်လတွင်ကျင်းပမည့် ဖယ်ဒရယ်ရွေးကောက်ပွဲတစ်ရပ်မတိုင်မီ နိုင်ငံရေးအရ အာဏာသိမ်းမှုတစ်ရပ်အဖြစ် ရှုမြင်ထားသည်။ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့ကြား ပိုမိုနီးကပ်သော စစ်ဘက်ဆက်ဆံရေး ရှေ့တိုးရန်လုပ်ဆောင်မှုမှာ အာရှနိုင်ငံအများစုနှင့် အငြင်းပွားလျက်ရှိသော တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းတုများပေါ်၌ စစ်ဘက်နှင့် အရပ်ဘက်အဆောက်အအုံများ တည်ဆောက်လျက်ရှိသည့် တရုတ်နိုင်ငံကြား တင်းမာမှုများမြင့်တက်နေသည့် အချိန်၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ **ရိုက်တာ။**

# ကမ်းရိုးတန်းစောင့်တပ်ဖွဲ့သုံး ရေယာဉ်များထောက်ပံ့ရေး ဂျပန်အား ဗီယက်နမ်အစိုးရအဖွဲ့ တိုက်တွန်း

**ဟနွိုင်း မေ ၆**

ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏အင်အားမြှင့်တင်နိုင်ရေးအတွက် စစ်ရေယာဉ်များထောက်ပံ့ပေးရန် ဗီယက်နမ်နိုင်ငံက ဂျပန်နိုင်ငံအား တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံနှင့်ပင်လယ်ရေကြောင်းပိုင်နက် အငြင်းပွားမှုများဖြစ်ပေါ်နေစဉ်တွင် ဗီယက်နမ်နိုင်ငံက ယင်းသို့ တိုက်တွန်းခြင်းဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသောဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိအိုကိရှိဒါနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇွန်ဖတ်တို့ တွေ့ဆုံဆွေးနွေးကြရာတွင် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့အင်အားမြှင့်တင်နိုင်ရေးကိစ္စပါဝင်ကြောင်း ဂျပန်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ရိုက်တာ။**

## နိုင်မွန်ချမ်းခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် မေ ၆**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်စပ်ရှိ ပေါက်ပင်ကွင်း- နတ်ကြီးစင် ဒေသနှင့် ရေး-ခေါဇာဒေသတို့တွင် လှုပ်ရှားနေသည့် နိုင်မွန်ချမ်းခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် နိုင်ငံတော် အစိုးရနှင့် တပ်မတော်၏ သဘောထား အမှန်ကို သိရှိနားလည်ပြီး နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီခွဲတွင် ကလိန်အောင်မြို့နယ်



ပေါက်ပင်ကွင်းကျေးရွာအုပ်စု ကင်ပွန်းကျေးရွာ၌ ကြိုဆိုကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အဖွဲ့ခေါင်းဆောင် နိုင်မွန်ချမ်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သော ဆန်၊ ဆီနှင့် အဝတ်အထည်များကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ နိုင်မွန်ချမ်းခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် အဖွဲ့ဝင် ၁၈ ဦးနှင့်အတူ လက်နက်ငယ် ၁၂ လက်၊ ဗုံးသီးဆယ်လုံး၊ ကျည်မျိုးစုံ ၇၆၄ တောင့်နှင့် ကျည်အိမ်မျိုးစုံ ၁၂ ခုတို့ပါရှိပြီး ယင်းအဖွဲ့ဝင်များ လုံခြုံစွာ ဘဝရပ်တည်နိုင်ရေး၊ ဥပဒေဘောင်အတွင်း အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့ ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



## ကံမမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲပြီး အဆောက်အအုံများပျက်စီး

**ကံမ မေ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မေ ၄ ရက် ညနေ ၅ နာရီခွဲခန့်မှ စတင်၍ မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများမှာ တစ်နာရီကြာ ဖြစ်ပေါ်ခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်၏ မြောက်ဘက်ခြမ်းကျေးရွာများအနက် ကျေးရွာ ၂၁ ရာတွင် သစ်ပင်များ အမြစ်မှပြိုလဲခြင်း၊ သစ်ကိုင်းများ ကျိုးပြတ်ခြင်းနှင့်အတူ လူနေအိမ် ၁၂၆ လုံး၊ ဘုန်းကြီးကျောင်းလေးကျောင်းနှင့် ဌာနပိုင်အဆောက်အအုံငါးခုတို့မှာ အမိုးလန်ခြင်း၊ သွပ်မိုးများလေနှင့်အတူ လွင့်ပါပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများမှာ ခြောက်ပင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ ဖွေးမိကျေးရွာတွင် နေအိမ် ၂၄လုံး၊ ခမ္မသော်ကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်း၊ ဆုံကုန်းကျေးရွာတွင် နေအိမ်သုံးလုံး၊ ရှားစေးဘိုကျေးရွာတွင် နေအိမ်တစ်လုံး၊ နတ်မီးကျေးရွာတွင် နေအိမ် တစ်လုံး၊ ကြပ်ကြီးကျေးရွာတွင် နေအိမ်တစ်လုံး၊ ပုညိုကျေးရွာတွင် နေအိမ်ခြောက်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ အုတ်ရှစ်ချိုကျေးရွာ တွင် နေအိမ်တစ်လုံး၊ တောမကျင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ မင်းကျေးရွာတွင် နေအိမ် သုံးလုံး၊ ရေနံ့သာကျေးရွာတွင် နေအိမ်ရှစ်လုံး၊ စာသင်ကျောင်းတစ်ကျောင်းနှင့် ဆေးရုံဝင်း အတွင်းမှ အဆောက်အအုံ တစ်လုံး၊ သစ်ငုတ္တထောင်ကျေးရွာတွင် နေအိမ်လေးလုံး၊ ထန်းတောကျေးရွာတွင် နေအိမ်လေးလုံး၊ ငါးလှိုင်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ဆန်တုံကျေးရွာတွင်နေအိမ်နှစ်လုံး၊ သပြင်ဆောင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ သံပုရာကျေးရွာတွင် နေအိမ် ၄၃ လုံး၊ သံပုရာရွာသစ်တွင် နေအိမ်နှစ်လုံး၊ ညောင်ခုံကျေးရွာတွင်နေအိမ် ၁၂ လုံး ဘုန်းကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းနှင့် တောင်မြင့်ကျေးရွာတွင် နေအိမ်ခြောက်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းတို့ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ရင်သားကင်ဆာဂရုပြု အစီအစဉ်

**နေပြည်တော် မေ ၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက် Globocan 2012 အရ ကမ္ဘာတစ်ဝန်းလုံး၌ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါသည် အဖြစ်အများဆုံးနှင့် အသေအပျောက်အများဆုံး ကင်ဆာရောဂါဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအဆင့်နောက်ကျမှသာ ဆေးကုသမှုခံယူရသဖြင့် အသေအပျောက် ပိုမိုများပြားလျက်ရှိသည်။ အမျိုးသမီးထုအတွင်း ရင်သားကင်ဆာရောဂါအကြောင်း ဗဟုသုတပိုမိုရရှိစေရန် ပညာပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက "ရင်သားကင်ဆာဂရုပြု" အစီအစဉ်အား မေ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ရင်သားကင်ဆာရောဂါ သိကောင်းစရာများအား သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများဖြစ်သော ပါမောက္ခဒေါက်တာ ဒေါ်မာလာသန်း၊ ပါမောက္ခဒေါက်တာ ဒေါ်ရင်ရင်ထွန်းနှင့် ဒေါက်တာ ဒေါ်မေကြည်တို့က ဆွေးနွေးဟောပြောခြင်း၊ သူနာပြုဆရာမကြီးများ၊ တက်ရောက်လာသူများ၊ ရင်သားကင်ဆာကုသအောင်မြင်ထားသူများနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ ရင်သားစမ်းသပ်မှု ဗီဒီယိုပြသခြင်း၊ မိမိရင်သား မိမိကိုယ်တိုင်စမ်းသပ်နည်းကို ရင်သားအတုဖြင့် သင်ပြခြင်း၊ အဖွဲ့ငယ်များမှ မိမိတို့ကိုယ်တိုင်ဦးဆောင်ပါဝင်ပြီး ဆင့်ပွားပညာပေးအစီအစဉ်များ ရှေ့ဆက်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း၊ ဖုန်း-၀၉-၇၃၁၅၄၉၇၄၊ အီးမေးလ် htun-rose@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြို့သာယာလှပရေး ပြုပြင်မွမ်းမံ

**သီပေါ မေ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် မေ ၅ ရက်နှင့် ၆ ရက်များက သီပေါ မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းရေးအတွက် အမှိုက်သိမ်းခြင်းနှင့် အမှိုက်စွန့်ပစ်ကန်များကို စက်ယန္တရားဖြင့် ရှင်းလင်းခြင်း၊ မြို့သာယာလှပရေးအတွက် ပန်းခြံနှင့်လမ်းများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းစဉ်များကို သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုင်းဝင်းမြင့်၏ ကြီးကြပ်စီမံမှုဖြင့် စည်ပင်ဌာနဝန်ထမ်းများကရက်၁၀၀စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။။

**(သီပေါကိုလတ်)**

## နှမ်းစပါးပုလဲသွယ်စံပြကွက် ရိတ်သိမ်း

**မိုင်းယောင်း မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်မိုင်ကျေးရွာ ကွင်းအမှတ်(၁)၊ တောင်သူ ဦးချိုဝင်း၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့်အညီ စိုက်ပျိုးထားသော နှမ်းစပါးပုလဲသွယ် နှစ်ဧက စံပြကွက်တွင် မေ ၅ ရက်က စပါးရိတ်သိမ်းစက်ဖြင့် စံပြကွက်ရိတ်သိမ်းပွဲကျင်းပရာ တစ်ဧက တင်း ၁၈၀ ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ စုစုပေါင်း ၇၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

## မြန်မာနိုင်ငံ၌ တတိယအကြိမ်မြောက် ကျင်းပမည့် စီးပွားရေးဆက်စပ်မှု ပြပွဲတစ်ခုဖြစ်သည့် HORECA Bizmatch Fair အား ကျင်းပမည်

**ရန်ကုန် မေ ၆**

ထိုင်းနိုင်ငံမှ ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံ၌ တတိယအကြိမ်မြောက် ကျင်းပပြုလုပ်မည်ဖြစ်သော စီးပွားရေးဆက်စပ်မှု ပြပွဲတစ်ခုဖြစ်သည့် HORECA Bizmatch Fair အား မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ မေ ၁၁ ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ မေ ၁၂ ရက်တွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံရှိ ဟိုတယ်လုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းတို့နှင့် ဆက်စပ်နေသော အသုံးအဆောင်၊ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ချိသူများ၊ အဆောက်အအုံ ဒီဇိုင်းနှင့် လုပ်ငန်းထိန်းချုပ်မှုစနစ် ပရိဂရမ်ရေးဆွဲသူများ၊ အွန်လိုင်းဈေးကွက်ရှာဖွေသည့် ပံ့ပိုးဝန်ဆောင်မှုပေးသူများ စသည့် ထိပ်တန်း ထိုင်းကုမ္ပဏီပေါင်း ၂၀ ခန့်မှ မြန်မာနိုင်ငံရှိ အလားတူလုပ်ငန်းများထံသို့ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကောင်းများအား မိတ်ဆက်တင်ပြသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်ကြီးများအား ဖိတ်ခေါ်လိုက်ခြင်း လည်းဖြစ်သည်။

ထိုင်းနိုင်ငံမှ Minister Counsellor (Commercial)ဖြစ်သော Pakainay Leng-EE က မြန်မာနိုင်ငံရဲ့ Tourism Industry က ခုဆို အလွန်တိုးတက်နေပါပြီ။ ခု မြန်မာပြည်မှာ ပြုလုပ်မယ့်ပြပွဲမှာလည်း ဝန်ဆောင်မှုအပိုင်းတွေကို တစ်ဦးချင်းအလိုက် ရှင်းပြပေးသွားမှာပါ။

မြန်မာနိုင်ငံမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ ဝင်ရောက်မှုပိုမိုများပြားလာလို့ ကျွန်တော်တို့အနေနဲ့ အရည်အသွေးပြည့်မီတဲ့ ဝန်ဆောင်မှုအပိုင်းကို ပေးချင်လို့ပါ။ ဒီကုန်ပစ္စည်းတွေဟာလည်း ထိုင်းနိုင်ငံအတွင်းမှာ အားကိုးရလောက်တဲ့ အရည်အသွေးပြည့်မီတဲ့ ကုန်ပစ္စည်းတွေပါ" ဟု ဆိုသည်။

HORECA Bizmatch NyyGJpDp Ofaom TTF(Yangon) ကုမ္ပဏီလီမိတက်မှ General Manager Daw Sandar Wynn က "မန္တလေးမြို့မှာ ပြုလုပ်မယ့်ပွဲကတော့ နှစ်နိုင်ငံ လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံဆွေးနွေးမယ့်ပွဲပါ။ ရန်ကုန်မြို့မှာကတော့ တစ်နေကုန် တွေ့ဆုံဆွေးနွေးမယ့်ပွဲပါ။ အဓိကကတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ ဟိုတယ်လုပ်ငန်းများနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းများရဲ့ လိုအပ်ချက်များကို ထိုင်းနိုင်ငံမှာရှိတဲ့ ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုများပေးနေတဲ့ ကုမ္ပဏီတွေနဲ့ တွေ့စေချင်လို့ပါ။ ထိုင်းနိုင်ငံက ထိပ်တန်းထိုင်းကုမ္ပဏီပေါင်း ၂၀ လောက်လာမယ်လို့ဆိုပေမယ့် ကုမ္ပဏီပေါင်း ၃၀ နီးပါးလောက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီပွဲပြုလုပ်လိုက်တဲ့ အကျိုးကျေးဇူးကတော့ မြန်မာနိုင်ငံမှာ တရားမဝင် ဝင်ရောက်



မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပခဲ့သည့် HORECA Bizmatch Fair အား တွေ့ရစဉ်။

နေတဲ့ ကုန်ပစ္စည်းတွေ ဝင်ရောက်မှုကနေ အရည်အသွေးပြည့်မီတဲ့ တရားဝင်ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းတွေကို အများပြည်သူ သုံးစွဲစေချင်လို့ပါ"ဟု ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဧပြီလပိုင်းက ထိုင်းနိုင်ငံမှ ပထမအကြိမ်မြောက် လာရောက်ကျင်းပခဲ့သောပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၃၀၀ ဝန်းကျင် တက်ရောက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလပိုင်းက ဒုတိယအကြိမ်မြောက် လာရောက်ကျင်းပသောပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၄၅၀ ကျော်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပပြုလုပ်မည့် ပြပွဲများ၌လည်း မြန်မာနိုင်ငံမှ တက်ရောက်ပါဝင် ဆွေးနွေးကြမည့် ကုမ္ပဏီပေါင်း ၁၀၀၀ ကျော်ထိ မျှော်မှန်းထားကြောင်း TTF(Yangon) ကုမ္ပဏီလီမိတက်မှ သိရသည်။

**စိုးဝင်း(MLA)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၅ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ မြန်မာ့ရိုးရာတူရိယာ "မြန်မာ့စောင်း"(အပိုင်း-၂)
၆း၅၀ အကပဒေသာ
၇း၀၀ ကတ်ဆက်ဇာတ်လမ်း "ဩြော်ခယ်မ"
၈း၃၀ တေးဂီတအစီအစဉ်
၈း၅၀ ဆရာဇော်ဂျီ(အပိုင်း-၁)
၉း၁၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၂၀ တေးဂီတအစီအစဉ်
၉း၄၀ မြန်မာရုပ်ရှင်"ကျောက်စက်ရေ"
၁၂း၀၀ အစီအစဉ်ပြီး၏။

*ည(၈း၃၀)နာရီ- Live;
English Premier League
"Sund- erlandVsChelsea"

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ထူးခြားခမ်းနား မြတ်တရား" တရားတော်(ဆရာတော်အရှင်ဉာဏဝရ(ဓမ္မဒူတ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၄)
၇း၃၀ MRTV-4 သတင်း
၈း၀၀ Cartoon Series (Go Go Giggles)
၉း၀၀ Drive It
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၂)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၂၀ Star တို့ရဲ့လက်ရာ
၁၁း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ် ရှည်စေလို" (အပိုင်း-၇၃+၇၄)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" [ရွှေပိုးဖြူ(အပိုင်း-၃)]
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၅၄)
၄း၀၀ (၇၀)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဂုဏ်ပြု ရုပ်သံဇာတ်လမ်း "191" (အပိုင်း-၃)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၅)
၇း၂၀ Let's Talk
၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" (စိတ်ဆိုသည်မှာ) (အပိုင်း-၁)
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၃)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို " (အပိုင်း-၇၅+၇၆)
၁၁း၃၀ MRTV-4 Stage
၂း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၃)
၅း၀၀ အစီအစဉ်ပြီး။

## MWD

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ မြဝတီနေ့စဉ်သတင်း
၁၁း၀၀ English For Myanmar
၁၁း၀၇ မျိုးချစ်တပ်မတော်
၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -တွယ်ငင်နှောင်ရစ် . . အချစ်စစ် နေမင်း၊ မယ်လိုဒီနှင့် သရုပ်ဆောင်များ ဒါရိုက်တာ အိအိခိုင်
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသချေ် အပိုင်း(၅၈)
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၁၈)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၅)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -လူ့ရွှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်သက်သေတည် အပိုင်း(၂၀)

## mitv

07:26 "Great Shwedagon - The Religious Insignias Of pagodas In Myanmar
07:44 "Impressionist Myanmar Master Artist - U Lun Gywe
08:26 "Kyaik Hmaw Wun Yele Pagoda Festival
08:36 "Tour of national heritages and archeological sites
09:26 "Myanmar Game Changers (Episode - V)
09:51 "Irrawaddy Dolphin (Part- II)
10:25 "A Visit To Today's Along-Daw-Katthapha
10:41 "Myanma Agarwood
07:26 "Bagan: The Land of Pagoda
07:50 "Today Myanmar: Yangon Stock Exchange Up & Running
08:26 "Writer, Philanthropist: Daw Than Myint Aung (Part-I)
08:54 "Myanmar Masterclass "Still Life (Fruit)"

ကြေးမုံ ရုပ်ရှင်အညွှန်း

# မြန်မာရုပ်ရှင်ဇာတ်ကားသစ် 'အုတ်ကြားမြက်ပေါက်'နှင့် စူပါဟီးရိုးဇာတ်ကားသစ် Captain America စတင်ရုံတင်ပြသ

**နွေရာသီအားလပ်ရက်ဖြစ်သည့် ယခုလိုအချိန်မျိုးတွင် ဇာတ်ကားကောင်းများကို ကြည့်ရှုလိုသူ ရုပ်ရှင်ချစ်ပရိသတ်များအတွက် မေ ၆ ရက်(ယနေ့)တွင် စတင်ရုံတင်ပြသမည့် ဇာတ်ကားသစ်များနှင့် မိတ်ဆက်ပေးလိုက်ရပါသည်။**

နွေရာသီအားလပ်ရက်ဖြစ်သည့် ယခုလိုအချိန်မျိုးတွင် ဇာတ်ကားကောင်းများကို ကြည့်ရှုလိုသူ ရုပ်ရှင်ချစ် ပရိသတ်များအတွက် မေ ၆ ရက်တွင် စတင်ရုံတင်ပြသမည့် ဇာတ်ကားသစ်များနှင့် မိတ်ဆက်ပေးလိုက်ရပါသည်။




ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးခြယ်မှုန်းပြီး အဓိကသရုပ်ဆောင်များ ဖြစ်ကြသည့် နေတိုး၊ နေမင်း၊ ထွန်းထွန်း၊ စိုးမြတ်သူဇာနှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင် သရုပ်ဆောင်ထားပြီး စန္ဒီမြင့်လွင်က ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ထားသည့် "အုတ်ကြားမြက်ပေါက်" အမည်ရှိ မြန်မာဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေး၊ တော့ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ ၁၊ ၂၊ ၃၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိ စသည့် အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ယနေ့မှ စတင်ကာ ပြသသွားမည် ဖြစ်သည်။

ဆက်လက်ပြီး နေတိုးနှင့် ရွှေမှုန်ရတီတို့ ခေါင်းဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြသည့် ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)၏ ပြသဆဲဖြစ်သည့် အချစ်စစ် ဇာတ်ကားကိုလည်း ရွှေဆောင်ရုပ်ရှင်ရုံနှင့် မင်္ဂလာ(ဝဇီ ရာ) လှိုင်သာယာတို့တွင် ဆက်လက်ရုံတင်ပြသသွားမည် ဖြစ်သည်။

ဆက်လက်ပြီး စူပါဟီးရိုး ဇာတ်ကားတွေကိုမှ ကြိုက်နှစ်သက်သူတွေအတွက် Captain America: Civil War ဇာတ်ကားကို မင်္ဂလာ (၂)၊ ဒဂုံစင်တာ (၂) မြေနီကုန်း၊ နေပြည်တော် Cineplex 123၊ မင်္ဂလာစံပြ Cineplex 123၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ Cineplex 123 တို့တွင် တစ်ပြိုင်နက်ရုံတင် ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ယခုတစ်ပတ်အတွင်းတွင် မိခင်တစ်ဦးနှင့် သားဖြစ်သူတို့ကြားက သံယောဇဉ်ကို ဖော်ညွှန်းထားသည့် The Other Side of the Door ဇာတ်ကားကို နေပြည်တော် ၁၊ ၂၊ ၃၊ ရွှေဆောင် (၂)၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသသွားမည် ဖြစ်သည်။

အလားတူ ပြသဆဲဇာတ်ကားတစ်ကားဖြစ်သည့် ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် The Jungle Book တောတွင်း ဇာတ်ကားကိုလည်း နေပြည်တော်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့တွင် ဆက်လက်ရုံတင်ပြသသွားမည် ဖြစ်ကြောင်း တစ်ပတ်အတွင်းရုပ်ရှင်အညွှန်းကဏ္ဍအဖြစ် ညွှန်းဆိုတင်ဆက်လိုက်ရပါသည်။

**ဖြိုးစန္ဒာမြင့်**

# Revival ဂီတဖျော်ဖြေပွဲမှ ရရှိလာသည့် လက်မှတ်ရောင်းရငွေများကို လှူဒါန်းသွားမည့် ဆလီနာဂိုမက်ဇ်

ဆယ်ကျော်သက်ရုပ်ရှင်သရုပ်ဆောင်နှင့် တေးသံရှင်တစ်ဦးဖြစ်သူ ဆလီနာဂိုမက်ဇ်က မကြာခင်ကျင်းပမည့် သူ၏ Revival ဂီတဖျော်ဖြေပွဲမှ ရရှိလာသည့် လက်မှတ်ရောင်းရငွေများကို နယူးယောက်မြို့အခြေစိုက် Lupus Research Institute သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။




ယင်းသို့လှူဒါန်းရခြင်းမှာ အဆိုပါအင်စတီကျု့၏လုပ်ငန်းဆောင်တာများ ပိုမိုထိရောက်စွာလည်ပတ်နိုင်ရေးအတွက်ဖြစ်ကြောင်း ဂိုမက်ဇ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

Revival ဂီတဖျော်ဖြေပွဲကို အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့တွင် လာမည့်သောကြာနေ့မှစတင်ကာ ပြန်လည်စတင် ကျင်းပသွားမည်ဖြစ်ပြီး ဂိုမက်ဇ်အနေဖြင့် စတိတ်စင်ပေါ် ပြန်လည်ခြေချရမည့်အပေါ် အလွန်ပင်စိတ်လှုပ်ရှားနေခဲ့ကြောင်း ဆိုသည်။

"ဒီဖျော်ဖြေပွဲအတွက် ကျွန်မမှာ ယုံကြည်မှုတွေ၊ ခွန်အားတွေအပြည့်ရှိပါတယ်။ ဒီခံစားမှုလေးက အလွန်ကိုလှပပါတယ်။ ကျွန်မ အကောင်းဆုံးလုပ်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ လာမယ့်ဖျော်ဖြေပွဲမှာ သီဆိုမှုပိုင်းသာမက အကပိုင်းမှာလည်း ထူးခြားမှုတွေကိုတွေ့မြင်ရမှာပါ"ဟု ဂိုမက်ဇ်က ဘေလ်ဘုတ်သို့ ပြောကြားခဲ့သည်။

ဂီတလောကနှင့် အချိန်အတန်ကြာ အဆက်ပြတ်ခဲ့သူ သူ့အတွက်ဂီတလောကသို့ ဖျော်ဖြေပွဲသစ်တစ်ခုနှင့် စတင်ခြင်းသည် ဖျော်ဖြေမှုအပိုင်းရော၊ တေးသီချင်းဖန်တီးမှုအပိုင်းမှာပါ အခက်အခဲအနည်းနှင့်အများရှိနိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

"ကျွန်မ ဂီတလောကကို ခြေဦးမလှည့်ဖြစ်ခဲ့တာ နှစ်နှစ်ရှိပြီဆိုတော့ တီထွင်မှုပိုင်းမှာ နည်းနည်းတော့ ခက်ချင်ခက်မှာပါ။ ဒါပေမယ့် ကျွန်မရဲ့ အတိတ်ကို လှပတဲ့အတိတ်လို့ပဲ ယူဆထားပါတယ်"ဟု ဂိုမက်ဇ်က ဆိုသည်။

တေးသံရှင် ဆလီနာဂိုမက်ဇ်၏ Revival ဂီတဖျော်ဖြေပွဲတွင် သူ၏ နောက်ဆုံးထွက်ရှိခဲ့သည့်သီချင်းများဖြစ်သည့် **Hands to Myself,Good For You, Come & Get it,** နှင့် **Who Says.** သီချင်းများဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဆလီနာဂိုမက်ဇ်သည် ငယ်ရွယ်စဉ် ကလေးဘဝကတည်းက စတင်ကာ ဒစ်စနေး၏ရုပ်သံဇာတ်လမ်းတွဲများဖြင့် လူသိများလာခဲ့ပြီး ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ထွက်ရှိခဲ့သည့် ဇာတ်လမ်းတွဲများဖြင့် ပိုမိုထင်ရှားလာကာ ဆယ်ကျော်သက်တေးသံရှင် ဂျက်စတင်ဘီဘာနှင့် ချစ်ကြိုးသွယ်ခဲ့မိခြင်းကြောင့် လူသိများလာခဲ့သူတစ်ဦးလည်း ဖြစ်သည်။

**မျိုးစန္ဒာမောင်**

# စံချိန်တင်ဝင်ငွေရှိနေပေမယ့် ကမ္ဘာ့ထိပ်တန်းကစားသမားတွေကို ဆွဲဆောင်နိုင်မှုမရှိတဲ့ မန်ယူ

မန်ယူက ယခုနှစ်ဘောလုံးရာသီမှာ စံချိန်တင်ဝင်ငွေတွေရရှိနေပြီး ကမ္ဘာကျော်ကစားသမားတွေကို ခေါ်ယူဖို့ ကြိုးပမ်းနေပေမယ့် ခက်တာက ဘယ်ကမ္ဘာကျော်ကစားသမားတွေကိုမှ မဆွဲဆောင်ဘူးဆိုသလို ဖြစ်နေပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးရာ သုံးသပ်သူနှင့် မြှုပ်နှံသူတွေကတော့ မန်ယူအလုပ်အမှုဆောင် ဝုဒ်ဝက်ဒ်ရဲ့ စီးပွားရေးအကွက်မြင်မှုဟာ ကျန်ကလပ်အသင်းတွေအတွက် အတုယူစရာဖြစ်ပြီး မန်ယူအသင်းဟာ ဖလားလက်မဲ့ ရာသီနှစ်ရာသီဆက်တိုက် ဖြတ်သန်းနေရတာတောင် ဝင်ငွေဘက်မှာ လျော့ကျမသွားဘဲ ပိုမိုတိုးလာအောင် ကြံဆောင်နိုင်ခဲ့တဲ့ကိစ္စရပ်ဟာ အားလုံးအတွက် စိတ်ဝင်စားစရာဖြစ်တယ်လို့ ထောက်ပြပါတယ်။

မန်ယူဒုတိယဥက္ကဋ္ဌ အက်ဝုဒ်ဝက်ဒ်ရဲ့ ထိပ်တန်းဦးစားပေးကစားသမား ခြောက်ဦးစာရင်းမှာ စီရိုနယ်လ်ဒို၊ နေမာ၊ လီဝမ်ဒေါစကီး၊ မာကိုရူးစ်၊ မူလာ၊ ဂါရတ်ဘေးလ်တို့ ပါဝင်နေကြတဲ့အတွက် လာလီဂါမှ သုံးဦးနဲ့ ဘွန်ဒက်စ်လီဂါမှ သုံးဦးတို့ပါဝင်နေတယ်ဆိုရမှာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုက မန်ယူကနေ ရီးယဲလ်မက်ဒရစ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ နဲ့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး မန်ယူက အကြိမ်ကြိမ်ပြန်ခေါ်ဖို့ ကြိုးစားနေတာကို လျစ်လျူရှုပြီး ရီးယဲလ်မှာပဲ နောက်လေးနှစ်အထိ ဆက်ရှိမှာ သေချာတယ်လို့ တုံ့ပြန်ထားပါတယ်။ ဂါရတ်ဘေးလ်ကလည်း ၂၀၁၃ ခုနှစ်မှာ မန်ယူနဲ့ရီးယဲလ်တို့ အပြိုင်ခေါ်ယူနေတဲ့ကြားကပဲ ရီးယဲလ်ကိုသာ ရွေးချယ်ခဲ့သူဖြစ်ပါတယ်။

မူလာနဲ့ လီဝမ်ဒေါစကီးကတော့ ဘိုင်ယန်မြူးနစ်နဲ့ မကြာသေးခင်ကမှ သက်တမ်းတိုးစာချုပ်ထပ်မံချုပ်ဆိုထားခဲ့သူတွေဖြစ်တာကြောင့် မန်ယူကို ပြောင်းရွှေ့ဖို့ အလားအလာမရှိဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ နေမာကိုလည်း ပြီးခဲ့တဲ့ နွေဈေးကွက်က ခေါ်ယူဖို့ ကြိုးပမ်းခဲ့ပေမယ့် အောင်မြင်မှု မရှိခဲ့ပါဘူး။ မာကိုရူးစ်ကတော့ မန်ယူထက် ဘွန်ဒက်စ်လီဂါမှာပဲ ဆက်ရှိနေမယ်လို့ ပြောကြားထားတာကြောင့် မန်ယူဟာ "ရေသာများ၍ ငါးမတွေ့" ဆိုသလို ငွေသာရှိပြီး နာမည်ကျော် ကစားသမားတွေကို ခေါ်လို့မရတဲ့ အသင်းဖြစ်နေတာဖြစ်ပါတယ်။

**(မေလှဲ့သင်း)**



# ယူရိုပါလိဂ်ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဆီဗီလာနှင့် လီဗာပူးတို့တွေ့မည်

နည်းပြဂျာဂန်ကလော့၏ လီဗာပူးအသင်း **(အပေါ်ပုံ)**သည် ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲစဉ်တွင် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ဗီလာရီးယဲလ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

လီဗာပူးအသင်းသည် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့ဖြစ်သည့် အိမ်ကွင်း ပွဲစဉ်တွင်မူ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဒုတိယအကျော့တွင် ဗီလာရီးယဲလ် ကစားသမား ဗစ်တာရုဇ်မှာ ပွဲကစားချိန် ၇၁ မိနစ်တွင် နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ယင်းပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးများကို စတားရစ်ချ်နှင့် လယ်လာနာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး ကျန်တစ်ဂိုးမှာမူ ဗီလာရီးယဲလ်ကစားသမား အယ်လ်လီဒိုက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသကဲ့သို့ ဖြစ်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အဆင့်(၄) မဝင်သော်လည်း ယူရိုပါလိဂ်ချန်ပီယံဖြစ်ခဲ့ပါက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာရရှိမည်ဖြစ်သည်။

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ၏ အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် ဆီဗီလာအသင်းနှင့် ရှက်တာဒိုးနက်စ်ခ်အသင်းတို့၏ ပွဲစဉ်တွင် ဆီဗီလာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယူရိုပါလိဂ်လက်ရှိချန်ပီယံဖြစ်သည့် ဆီဗီလာအသင်းသည်လည်း ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ဆီဗီလာအသင်းသည် ယူရိုပါလိဂ်ချန်ပီယံအဖြစ် နှစ်နှစ်ဆက်တိုက်အောင်ပွဲခံနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့ခြင်းကြောင့် သုံးနှစ်ဆက်တိုက် ယူရိုပါလိဂ်ချန်ပီယံဖြစ်လာမည်လားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်သည့်အသင်း နှစ်သင်းမှာ လီဗာပူးအသင်းနှင့် ဆီဗီလာအသင်းတို့ဖြစ်ပြီး အဆိုပါနှစ်သင်းသည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် မေ ၁၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယူရိုပါလိဂ်ဆုဖလား ရရှိသည့် သမိုင်းကိုကြည့်မည်ဆိုပါက ဆီဗီလာအသင်းလောက် အောင်မြင်မှုမည်သည့်အသင်းမျှမရရှိခဲ့ဘဲ ဆီဗီလာအသင်းသည် ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၄၊ ၂၀၁၅ စသည်ဖြင့် လေးကြိမ်အထိ ချန်ပီယံဖြစ်ထားသည့် အသင်းဖြစ်သည်။ ၎င်းနောက်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ၁၉၈၅ နှင့် ၁၉၈၆ တို့တွင် နှစ်ကြိမ်ဆွတ်ခူးထားသည်။

**(ငွေကြယ်)**

# အာဆင်နယ်ကို အနိုင်ကစားသွားမယ့် မန်စီးတီး

ရှိုင်း မင်း မင်း

## ပရီမီယာလိဂ် ရင်ခုန်သံ - ၃၇

**ပရီမီယာလိဂ်ပွဲစဉ်(၃၇)ကို လာမယ့် မေလ ၇၊ ၈ နေ့ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားပြိုင်နေကြတဲ့ မန်စီးတီးနဲ့အာဆင်နယ်တို့ ဆုံတွေ့နေတာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေကာ ဘယ်လိုရလဒ်ထွက်လာမလဲစောင့်ကြည့်ရဖို့ရှိနေပါတယ်။**

### နော့ဝှစ်ချ် - မန်ယူ ည ၆း၁၅ (၇-၅-၁၆)

နော့ဝှစ်ချ်ကတန်းမဆင်းရဖို့အတွက် အနည်းသောမျှော်လင့်ချက်ရှိနေသေးတာကြောင့် ဒီပွဲစဉ်မှာလည်းနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နော့ဝှစ်ချ်တို့ပိုမိုအားစိုက်ကစားလာမှာလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း နော့ဝှစ်ချ်ခြေကအားနည်းမှုတွေရှိနေသလို တိုက်စစ်ပိုင်းကဂိုးသွင်းခြေမငြိမ်ပါဘူး။ မန်ယူကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်တာကြောင့်လည်း နော့ဝှစ်ချ်တို့ အခက်တွေ့နိုင်ကာ ရှုံးပွဲကြုံသွားနိုင်ပါတယ်။

### ဆန်းဒါးလန်း - ချယ်လ်ဆီး ည ၉း၃၀ (၇-၅-၁၆)

စတုတ်နဲ့ သရေကျခဲ့ရတာကြောင့် ဆန်းဒါးလန်းဟာ တန်းဆင်းရမယ့်အနေအထားနဲ့ ပိုမိုနီးကပ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆန်းဒါးလန်းခြေကလည်း မဆိုးဘူးလို့ဆိုနိုင်သလို အိမ်ကွင်းကစားပုံလည်း ကောင်းမွန်တတ်ပါတယ်။ ချယ်လ်ဆီးကတော့ ဥရောပဝင်ခွင့်တောင်မှ ရယူနိုင်ဖို့ မျှော်လင့်ချက်မရှိတော့တာကြောင့်လည်း အသင်းလိုက် အားစိုက်ကစားနိုင်မှုမှာ လျော့နည်းလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းတို့အခွင့်အရေးရနိုင်ကာ သရေမျှော်လင့်ခွင့်ရှိနေပါတယ်။

### ဗီလာ - နယူးကာဆယ် ည ၉း၃၀ (၇-၅-၁၆)

တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့ ကာဆယ်ခြေကကောင်းမွန်နေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ပဲလေ့စ်ကိုအနိုင်ရယူနိုင်ခဲ့သလို နောက်ဆုံး လေးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ ဗီလာကတော့ အိမ်ကွင်းဖြစ်ပေမယ့်လည်း ခြေကအားနည်းမှုတွေများနေကာ ခံစစ်ပိုင်းကလည်း အားပျော့လွန်းပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် နယူးကာဆယ်ကပ်နိုင်ခြေရှိပါတယ်။

### ပဲလေ့စ် - စတုတ် ည ၉း၃၀ (၇-၅-၁၆)

နယူးကာဆယ်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် ပဲလေ့စ်ဟာ တန်းမဆင်းရဖို့အတွက် ဆက်လက်အားစိုက်ရဦးမယ့်အနေအထားမှာရှိနေပါသေးတယ်။ အထူးသဖြင့် အနိမ့်ဆုံးတစ်မှတ်ရဖို့လိုအပ်နေတာကြောင့်လည်း အခုအိမ်ကွင်းပွဲစဉ်မှာ ပိုမိုအားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒ့ါအပြင် စတုတ်ခြေကလည်း အားနည်းမှုတွေရှိနေတာကြောင့်လည်း ပဲလေ့စ်တို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်မှာ သေချာနေတယ်။

### ဝက်စ်ဟမ်း - ဆွမ်ဆီး ည ၉း၃၀ (၇-၅-၁၆)

ဝက်စ်ဟမ်းဟာနောက်ဆုံးပွဲစဉ်မှာလည်း ဝက်စ်ဘရွမ်းကို ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်နေပါတယ်။ အခုအချိန်မှာ ဝက်စ်ဟမ်းအနေနဲ့ ဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားနေရတာကြောင့်လည်း ဒီပွဲစဉ်မှာလည်းနိုင်ပွဲရယူနိုင်ဖို့အတွက် ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ ဒ့ါအပြင် ဆွမ်ဆီးခြေကလည်းအားနည်းမှုတွေရှိနေတာကြောင့်လည်း ဝက်စ်ဟမ်းတို့ ဒီပွဲမှာလည်းနိုင်ပွဲရယူနိုင်မှာသေချာနေပါတယ်။

### ဘုန်းမောက် - ဝက်စ်ဘရွမ်း ည ၉း၃၀ (၇-၅-၁၆)

ဘုန်းမောက်ဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာအဲဗာတန်ကို ရှုံးနိမ့်ခဲ့ရပေမယ့်လည်း တန်းမဆင်းရဖို့အတွက်သေချာမှုရှိသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်တို့အိမ်ကွင်းဖြစ်ပေမယ့်လည်း အားစိုက်ကစားမှုလျော့နည်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွမ်းကတန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်တာကြောင့်လည်း အားစိုက်ကစားမှုလျော့နည်းလာနိုင်သလို ခြေကလည်းကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်တို့အခွင့်အရေးရနိုင်ကာ အိမ်ကွင်းမှာ အနိမ့်ဆုံးသရေလောက် ကစားသွားနိုင်မှာ သေချာနေပါတယ်။

### လက်စတာ - အဲဗာတန် ည ၁၁း၃၀ (၇-၅-၁၆)

လက်စတာဟာ ဒီပွဲစဉ်မှာ အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် ဒီပွဲမှာ အမှားခံမှာ မဟုတ်ပါဘူး။ လက်စတာခြေကလည်းကောင်းမွန်နေတာကြောင့်လည်း အဲဗာတန်ကို ဖိအားပေးသွားနိုင်မှာသေချာနေပါတယ်။ အဲဗာတန်ကတော့ လက်ရှိအချိန်မှာခြေစွမ်းက သာမန်သာရှိပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ဘုန်းမောက်ကိုအနိုင်ရရှိခဲ့တယ်ဆိုပေမယ့်လည်း ခံစစ်ပိုင်းကအားနည်းမှုရှိနေဆဲဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်းလက်စတာတိုက်စစ်မှူး ဗာဒီပြန်လည်လည်ပါဝင်လာမှာဖြစ်တာကြောင့်လည်း လက်စတာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### စပါး - ဆောက်သမ်တန် ည ၇း၀၀ (၈-၅-၁၆)

စပါးခြေကအခုနောက်ပိုင်းမှာ အနည်းကျဆင်းလာပါတယ်။ ဒါပေမယ့်လည်းဒီပွဲစဉ်ကအိမ်ကွင်းဖြစ်နေတာကြောင့် စပါးတို့နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာနိုင်မှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဆောက်သမ်တန်ခြေကလည်းကောင်းမွန်နေတာကိုတော့ သတိပြုရမှာသေချာပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်တိုက်စစ်က ဂိုးသွင်းခြေထက်မြက်နေတာကြောင့်လည်း စပါးရဲ့အိမ်ကွင်းအားကိုတုံ့ပြန်ဖိအားပေးသွားနိုင်မှာသေချာနေပါတယ်။ စပါးစ်တို့ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်တတ်ပေမယ့်လည်း ဒီပွဲမှာတော့ သရေလောက်ပဲကစားနိုင်မှာသေချာနေပါတယ်။

### မန်စီးတီး - အာဆင်နယ် ည ၉း၃၀ (၈-၅-၁၆)

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာနှစ်သင်းစလုံးဟာထိပ်ဆုံး လေးသင်းစာရင်းဝင်နိုင်ဖို့အတွက်စိတ်ချရမှုမရှိသေးတဲ့အပြင် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက်လည်း အားပြိုင်နေကြရတာကြောင့် နှစ်သင်းလုံးခြေကုန်ထုတ်လာကြမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ မန်စီးတီးဟာ ချန်ပီယံလိဂ်ပွဲကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့်လည်း ခြေကကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒ့ါအပြင် အာဆင်နယ်ခြေကလည်း သာမန်သာရှိနေတာကြောင့်လည်း မန်စီးတီးတို့အခွင့်အရေးရနိုင်ပါတယ်။ မန်စီးတီးပဲအနိုင်ရဖို့ရှိနေပါတယ်။

### လီဗာပူး - ဝက်ဖို့ဒ် ည ၉း၃၀ (၈-၅-၁၆)

လီဗာပူးဟာယူရိုပါလိဂ်ပွဲတွေကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့်လည်း လက်ရှိအမှတ်အနေအထားအရ ဥရောပဝင်ခွင့်မျှော်လင့် နိုင်သေးတာကြောင့်လည်း အားစိုက်ကစားလာမှာသေချာနေပါ တယ်။ အထူးသဖြင့်အိမ်ကွင်းဖြစ်နေတာကြောင့်လည်း အမှားခံမှာမဟုတ်ပါဘူး။ ဒ့ါအပြင် ဝက်ဖို့ဒ်ကလည်း တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်တာကြောင့် အားစိုက်ကစားမှုလျော့နည်းလာနိုင်ပါတယ်။ လီဗာပူးကပဲ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာသေချာနေပါတယ်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### မီဒီယာတို့ရဲ့ စံထားရမြဲ အချက်တွေ

ရုပ်မြင်သံကြားတွေ မပေါ်ခင် ပဝေသဏီ ခေတ်တစ်ခေတ်ဆီတုန်းက ရေဒီယိုကိုသာ တစ်ပြည်လုံး အားထားခဲ့ကြရတယ်။ ဖျော်ဖြေရေးအတွက်ရော၊ သတင်းအတွက်ရော၊ သုတအတွက်ပါပေ့။ အဲဒီရေဒီယိုခေတ်ကြီးမှာ လေလှိုင်းထဲက အသံတွေကလည်း တကယ့်စံနမူနာယူထိုက်စရာ ဗမာသံ ပီပီသသများနဲ့။ အင်္ဂလိပ်ပိုင်းအစီအစဉ်ဆိုလည်း တကယ့်ကို စံအသံထွက်တွေနဲ့။ ဗမာစကား၊ အင်္ဂလိပ်စကား အသံထွက်မှန်များကို ရေဒီယိုများ ကျေးဇူးကြောင့် ကျွန်တော်တို့တွေ နားရည်ဝခဲ့ကြရ၊ အတုခိုးခဲ့ကြရ၊ စံထားခဲ့ကြရပါတယ်။

ပြောချင်တာက တစ်နိုင်ငံလုံးကို ထုတ်လွှင့်နေတဲ့ မီဒီယာတွေရဲ့ ဩဇာသက်ရောက်မှု စွမ်းပကားနဲ့တကွ စံထားအပ်တဲ့အကြောင်းပါပဲ။

ခုကာလမှာတော့ ရေဒီယိုကို ကားထဲမှာသာ ဖွင့်ကြတော့တယ်။ ရုပ်မြင်သံကြား မီဒီယာက အထူးတွင်ကျယ်နေတယ်။ ပညာရေးချွတ်ခြုံကျခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပေါက်ဖွားလာသူတွေက သည်မီဒီယာတွေမှာ နေရာယူလာကြတဲ့အခါ အသံထွက်တွေက ချာတူးလန်သထက် လန်လာတယ်။ စာမဖတ်၊ ပေမဖတ်သူတွေ နေရာယူနေကြတာမို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာရဲ့ သမီး၊ 'ခင်လက်ျာ'ကိုတောင်မှ 'ခင်လင်ကျာ'လို့ ရုပ်သံသတင်းကြေညာသူက ခပ်တည်တည်ဖတ်ပြခဲ့ဖူးတာ အထင်အရှားပါပဲ။

အဲသလို စကားလုံးကို အသာထား၊ ကြင်ကြင်နာနာကို/ကြင်ဂျင်နာနာ/ ထူထူထဲထဲကို/ထူဒူထဲဒဲ/လို့ ဖတ်ရကောင်းမှန်းတောင် မသိတော့ဘဲ ရေးထားတဲ့အတိုင်း ဖတ်နေကြတာ နားကလောစွာ ကြားနေရပါတယ်။ သရုပ်ဆောင်တွေလည်း အတူတူပါ။ ဟိုခေတ် ကျွန်ပညာရေးနဲ့ ကြီးပြင်းခဲ့ရလေတဲ့ သရုပ်ဆောင်တွေက ဗမာစကားဆိုလည်း ဗမာလို ပီပီသသ ဌာန်ကရိုဏ်းကျကျ၊ အင်္ဂလိပ်လို ညှပ်ပြောလည်း အသံထွက် ပီပီသသနဲ့ ပြောနိုင်ဆိုနိုင်ခဲ့ကြပါတယ်။ (မောင်တို့ချယ်ရီမြေ ဇာတ်ကားမှာ ဟာသသရုပ်ဆောင် [ဦး]သန်းနွဲ့ အင်္ဂလိပ်စကားလုံးတချို့နဲ့ ဝင်နှောက်တာတွေ ကြားရနိုင်ပါသေးတယ်။)

### တစ်ပြည်လုံး ရေကြီးနေပြီ

အသံထွက်တင်လားဆိုတော့ မဟုတ်ဘူးခင်ဗျ။ အခုကာလ ရုပ်မြင်သံကြားမှာ ပရိသတ်အားအပေးဆုံးဖြစ်တဲ့ ကိုရီးယားကားတွေအပြင် အိန္ဒိယကား၊ တရုတ်ကား၊ ဖိလစ်ပိုင်ကား၊ အင်္ဂလိပ်ကားတွေကိုပါ မြန်မာစာတန်းထိုးတွေနဲ့ ထုတ်လွှင့်ပြသနေတာ အများအသိပါပဲ။ တစ်ဖက်ကကြည့်ရင် ဓာတ်ရှင်ပရိသတ်အတွက် ကျေးဇူးတင်စရာကောင်းပေမယ့် နောက်တစ်ဖက်က ကြည့်မယ်ဆိုရင်တော့ ဘာသာပြန်အလွဲတွေ၊ မြန်မာစာလုံးပေါင်းသတ်ပုံအလွဲတွေ တင်းကျမ်းနဲ့ ဖြစ်နေတာကြီးက ဩဇာကြီးလှတဲ့ မီဒီယာကတစ်ဆင့် တစ်မျိုးသားလုံး မြန်မာစာ ချွတ်ခြုံကျရေးကို ဦးဆောင်ပေးနေသလို ဖြစ်နေတာကလည်း အမှန်ပါပဲ။

အမယ်. . . ရယ်တော့ ရယ်ရတယ်ခင်ဗျ။ မြန်မာစာလုံးပေါင်းနဲ့ အသုံးအနှုန်းတွေသာ လွဲနေတာ။ အဲဒီရုပ်သံဌာနတွေက သူတို့အစီအစဉ်တွေကို အင်္ဂလိပ်လို တယ်နာမည်ပေးချင်တာလား ခင်ဗျာ။ ဒါမှမဟုတ်လည်း အဆုံးသတ်မှာ ဘာသာပြန်သူ၊ စာတမ်းရေးသူတွေ နာမည်ထိုးရင်တော့ အင်္ဂလိပ်လို တယ် ရေးပြချင်တာမျိုးလားခင်ဗျ။

အစီအစဉ် နာမည်ဆိုလို့ တော်တော် ထော်လော်ကန့်လန့်နိုင်တာ တစ်ခုလည်း တွေ့ရသေးတယ်။ ကြားဖူးနားဝနဲ့ 'ဟဒယ'ဆိုတာကို ဟာသလို့ မှတ်ပြီး အစီအစဉ်အမည်မှည့်ထားတာပါပဲ။ ရေဒီယိုခေတ်တုန်းက 'ဟဒယ ရွှင်ဆေး'ဆိုတဲ့ ကဏ္ဍရှိခဲ့ဖူးတယ်။ အဲဒါကို ကြားဖူးပြီး ဟဒယကို ဟာသအမှတ်နဲ့ စတွယ်ခဲ့တာ ခုမရှိတော့တဲ့မဂ္ဂဇင်းတစ်စောင်။ ဟာသမဂ္ဂဇင်းအနေနဲ့ ထုတ်ခဲ့တာပါ။ နာမည်ကိုကျတော့ 'ဟဒယမဂ္ဂဇင်း'တဲ့ဗျား။ ပဲခူးရေကြီးနေတဲ့ ခေတ်ဆိုတော့ ဟဒယရဲ့ အနက်ကို မစူးစမ်းဘဲ ထင်သလို တွယ်လိုက်ကြတာပ။ အမှန်က ဘာမှမခက်ပါဘူး။ မြန်မာအဘိဓာန် ကောက်လှန်လိုက်တာနဲ့တင် ဟဒယဆိုတာ 'စိတ်နှလုံး'ကို ပြောတာမှန်း တန်းသိနိုင်ပါတယ်။

မြန်မာ့အသံခေတ်က ပဲခူး ရေမကြီးသေးတော့ မှန်မှန်ကန်ကန်သုံးတယ်။ ဟဒယရွှင်ဆေးဆိုတော့ စိတ်ရွှင်ဆေးပေါ့။ နှလုံးရွှင်ဆေးပေါ့။ ဟာသကြောင့် စိတ်နှလုံးရွှင်ပြုံးစေမယ်ပေါ့။ သူ့ဟာနဲ့သူ မှန်နေတယ်။ အဲဒါကို ကြားဖူးနားဝနဲ့ ဟဒယဆိုပြီး ဟာသမဂ္ဂဇင်း ထလုပ်။ ရုပ်သံတွေ တွင်ကျယ်လာတော့ ဟဒယ မဂ္ဂဇင်းလောက် သိတဲ့သူက သူတို့ရဲ့ အတင်းကလိထိုး ဟာသ အစီအစဉ်ကို 'ဟဒယ' နာမည်တပ်။ လွဲချင်တိုင်းကို လွဲနေတော့တာပါပဲ။ ပဲခူးတင်မက တစ်ပြည်လုံး ရေကြီးကုန်တော့ ပြောမယ့်သူလည်း တစ်ယောက်မှ မရှိ။

### ဘယ်လို ကုစားကြမလဲ

စိတ်ပျက်စရာ အကောင်းဆုံးကတော့ အထက်က ပြောခဲ့တဲ့ နိုင်ငံခြားကားပေါင်းစုံကို မြန်မာစာတန်းထိုးနဲ့ ပြသတဲ့အခါ ဘာသာပြန်အလွဲနဲ့ စာလုံးပေါင်း သတ်ပုံအလွဲတွေပါပဲ။ စာရှည်မှာစိုးလို့ နမူနာတွေ ထုတ်မပြတော့ပါဘူး။ အများလည်း အသိပါပဲ။

အဲသလို ဖြစ်နေတာတွေကို ကုစားနည်းလေးတစ်ခုတော့ တွေးမိလာရပါတယ်။

(၁) ကနေ့ခေတ် တွင်ကျယ်လှတဲ့ လူမှုမီဒီယာတစ်ခု ဖြစ်လေသော စာအုပ်မျက်နှာစာမှာ 'ရုပ်သံဇာတ်ကားများထဲမှ အလွဲများ'လို ခေါင်းစဉ်မျိုးနဲ့ စာမျက်နှာတစ်ခု ဖွင့်ပေးထားလိုက်ပြီး ပုံစံတစ်ခု ချပေးထားလိုက်ရုံပါပဲ။ ထုတ်လွှင့်တဲ့ ရုပ်သံဌာနအမည်၊ ဇာတ်ကားအမည်၊ ထုတ်လွှင့်တဲ့ နေ့ရက်နဲ့ အချိန်၊ တွေ့ရှိရသော သတ်ပုံအမှား၊ ဘာသာပြန်အလွဲ စတာလောက်လေးကို ပရိသတ်က တွေ့ရင်လာပြီး ဖော်ပြနိုင်အောင် စီစဉ်ထားရှိလိုက်ဖို့လေးပဲလိုမှာပါ။ သည်အခါ တစ်ပြည်လုံးမှာရှိတဲ့ ပရိသတ်က အမြင်မတော်တဲ့ အလွဲတွေ၊ သတ်ပုံမှားတွေကို တန်းစီပြီး ပြောလာကြပါလိမ့်မယ်။

(၂) အဲဒါကို ကနေ့ကာလမှာ မရှိတော့တဲ့ စာပေစိစစ်ရေးမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဝန်ထမ်းများက သက်ဆိုင်ရာ ရုပ်သံဌာနရဲ့ ထုတ်လွှင့်မှုများကို တောင်းယူကြည့်ရှုကာ ပရိသတ်တင်ပြတဲ့ အလွဲတွေ၊ သတ်ပုံမှားတွေ မှန်ကန်မှု ရှိ၊ မရှိ ကြီးကြပ် စိစစ်ပေးနိုင်ပါလိမ့်မယ်။ (ဒါဆို ကျွန်တော် စာတွေ တွင်တွင်ကျယ်ကျယ် စ ရေးချိန် ၁၉၈၈ ခုနှစ်ကတည်းက နှစ်ပေါင်းများစွာ မပြတ်ထိတွေ့ [စိတ်ညစ်]ခဲ့ရတာမို့ သံယောဇဉ် မကင်းလှသူ စာပေစိစစ်ရေးက မိတ်ဆွေကြီးများမှာလည်း မိမိတို့ တတ်ပွန်ကျွမ်းကျင်တဲ့ အလုပ်ကလေးတွေနဲ့ ကြည်မွေ့နေနိုင်မယ် ထင်ပါတယ်။)

(၃) ပြီးရင် စာလုံးပေါင်းအမှားတစ်ခုကို ကျပ် ငါးထောင်၊ ဘာသာပြန်အလွဲ တစ်ခုကို ကျပ်ငါးထောင်နှုန်းလောက် ဒဏ်ရိုက်မယ်လို့ ကြေညာပြီး အမှန်တကယ်လည်း အဲသလိုဒဏ်ရိုက်သွားမယ်ဆိုရင် နိုင်ငံတော် ဘဏ္ဍာငွေလည်း တိုးလာမှာဖြစ်သလို ဖြစ်ကတတ်ဆန်း ထင်သလို ကျဲနေတာတွေလည်း တဖြည်းဖြည်းချင်း လျော့နည်းပပျောက်သွားလေမှာ မြေကြီး လက်ခတ်မလွဲပါဘူး။

ရုပ်သံဌာနတွေလို့ ဆိုရာမှာ ကျောသားရင်သား ခွဲနေလို့ မရပါဘူး။ နိုင်ငံတော် ရုပ်သံဌာနပဲဖြစ်ဖြစ်၊ ပုဂ္ဂလိက ရုပ်သံဌာနကိုပဲဖြစ်ဖြစ် သည်အလွဲအမှားများအတွက် တစ်ပြေးညီ အရေးယူသွားဖို့တော့ အထူးလိုအပ်ပါလိမ့်မယ်။

တစ်ဆက်တည်းမှာ စာနယ်ဇင်းတွေအတွက်လည်း အဲသလို အဆင့်သုံးဆင့်နဲ့ လုပ်ဆောင်သွားပြီး ဒဏ်ငွေကိုတော့ ဝင်ငွေကောင်းလှတဲ့ ရုပ်သံများထက် ထိုက်သင့်သလို လျှော့ပေါ့ကာ ချမှတ်ကျင့်သုံးသွားမယ်ဆိုရင် မြန်မာစာ ပျက်ချင်တိုင်း ပျက်နေတာကို ဝိုင်းဝန်း ကယ်တင်နိုင်ကြမယ်လို့ မြင်မိရတာမို့ အချိန်မနှောင်းခင် အရေးတကြီး လုပ်ဆောင်ရမယ့်အထဲမှာ သည်ကိစ္စကိုလည်း စိုင်းပြင်းသင့်ပါကြောင်း ဇွတ်မှိတ်ပြောလိုက်မိရပြန်ပါပြီ။ သက်ဆိုင်သူများအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားမယ်လို့ မျှော်လင့်နေမိရပါတယ်ခင်ဗျား။ ။

" မြန်မာစာတန်းထိုးတွေနဲ့ ထုတ်လွှင့်ပြသနေတာ အများအသိပါပဲ။ တစ်ဖက်ကကြည့်ရင် ဓာတ်ရှင်ပရိသတ်အတွက် ကျေးဇူးတင်စရာကောင်းပေမယ့် နောက်တစ်ဖက်က ကြည့်မယ်ဆိုရင်တော့ ဘာသာပြန်အလွဲတွေ၊ မြန်မာစာလုံးပေါင်းသတ်ပုံအလွဲတွေ တင်းကျမ်းနဲ့ ဖြစ်နေတာကြီးက ဩဇာကြီးလှတဲ့ မီဒီယာက တစ်ဆင့် တစ်မျိုးသားလုံး မြန်မာစာ ချွတ်ခြုံကျရေးကို ဦးဆောင်ပေးနေသလို ဖြစ်နေတာကလည်း အမှန်ပါပဲ။ "

# မီးလောင်ခဲ့သည့် မန္တလေးမြို့ မင်္ဂလာဈေးကို ပြုပြင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းဆုံးဖြတ်ရန် အဖြေမရသေး

**မန္တလေး မေ ၆**

မန္တလေးမြို့ (၇၃)လမ်းနှင့် လမ်း(၃၀)ထောင့်ရှိ မင်္ဂလာဈေးတွင် မတ် ၂၂ ရက်က မီးလောင်ခဲ့ရာ ယင်းအဆောက်အအုံ၏ကြံ့ခိုင်မှုကို စစ်ဆေးရေးအဖွဲ့က စစ်ဆေးချက်များကိုတင်ပြထားပြီးဖြစ်သော်လည်း ပြုပြင်ခြင်း(သို့မဟုတ်) ပြန်လည်တည်ဆောက်ခြင်းအတွက် ဆုံးဖြတ်ချက် အဖြေမရရှိသေးကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"အဆောက်အအုံစစ်ဆေးရေးအဖွဲ့က ခေတ်မီကိရိယာတွေနဲ့ စစ်ဆေးတွေ့ရှိချက်တွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ Report တင်ပြထားပြီးဖြစ်သော်လည်း အဖြေမရသေးပါဘူး။ ဒီရက်ပိုင်းအတွင်း Report အမြန်ရအောင်ကြိုးစားနေပါတယ်။ ရောက်တာနဲ့ ကော်မတီအစည်းအဝေးထိုင်ပြီး ဆုံးဖြတ်ရမှာပါ"ဟု စည်ပင်သာယာရေးကော်မတီဝင် (၇) ဦးခင်မောင်တင့်က ပြောသည်။

မီးလောင်ပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့တော်စည်ပင်သာယာအင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း(မန္တလေး) တို့ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီး တွေ့ရှိချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း (ရန်ကုန်)သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

"စစ်ဆေးတွေ့ရှိချက်အရ တချို့အပိုင်းတွေက လုံးဝမကောင်းတော့ဘူး။ ပြုပြင်တာထက်စာရင် အသစ်ပြန်ဆောက်တာက ပိုကောင်းလိမ့်မယ်။ ပြင်ဆင်တယ်ဆိုတာလုပ်ငန်းခက်ခဲပြီး ပြည့်စုံလုံလောက်မှု မရနိုင်သလို မန္တလေးက ငလျင်ဇုန်ထဲမှာလည်း ရှိနေလို့ပါ"ဟု မြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ပြင်ဆင်မှု သို့မဟုတ် အသစ်တည်ဆောက်မှုများလုပ်ဆောင်နေစဉ်အတွင်း ဆိုင်ခန်းရှင်များ ဆက်လက်လုပ်ငန်းလုပ်ကိုင်နိုင်ရန် ယာယီဈေးဖွင့်လှစ်နိုင်မည့် နေရာတစ်ခုကိုလည်း ကြိုတင်ရှာဖွေထားရာ (၃၅)လမ်း၊ (၇၁) လမ်းရှိ ဂေါ်ရာအားကစားကွင်းနေရာ၌ အကြမ်းဖျင်းလျာထားကြောင်း သိရသည်။

"ကလပ်အသင်းခေါင်းဆောင်တွေနဲ့ ညှိနှိုင်းခဲ့ရာမှာ အများအတွက်လုပ်တာဖြစ်လို့ သဘောတူကြတယ်။ သူတို့လေ့ကျင့်ကွင်းဆင်းနိုင်ဖို့ နေရာတစ်ခုတော့ စီစဉ်ပေးရမှာပါ။ ဆရာအတတ်သင်သိပ္ပံကျောင်းမှာ အားကစားကွင်းတော့ရှိတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ မတ် ၂၂ ရက် ည ၅ နာရီခွဲခန့်တွင် မင်္ဂလာဈေးမီးလောင်ခဲ့မှုကြောင့် ဆိုင်ခန်းစုစုပေါင်း ၅၅၀ အနက် ရုံးခန်းတစ်ခန်း၊ အရောင်းပြခန်း ငါးခန်း၊ အထည်ဆိုင်ခန်း၂၆၃ ခန်းနှင့် လူနေတိုက်ခန်း ၂၈ ခန်း စုစုပေါင်း၂၉၇ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကြေးမုံ



# ကနီမြို့နယ်တွင် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပညာပေးရှင်းလင်း

**ကနီ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ အသိပညာပေးရှင်းလင်းပွဲကို မေ ၄ ရက်က ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားတွင် စစ်ကိုင်းတိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေးနှင့် ဦးထွန်းထွန်းဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် ပတ်သက်၍ ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကနီမြို့နယ်အတွင်းမှ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အခြားအသင်းအဖွဲ့များ၏ သိရှိလိုသည်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးချက်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်က သေမှုသေခင်းနှင့် ယာဉ်တိုက်မှုများတွင် လူမှုကူညီရေး အသင်းများ သိသင့်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကနီမြို့နယ်အတွင်းရှိ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အခြားအသင်းအဖွဲ့များ စုစုပေါင်း ၄၇ သင်းမှ အဖွဲ့ဝင်ပေါင်း ၁၀၀ ကျော်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အဆိုပါအဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်များနှင့် လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကူညီဆောင်ရွက်နိုင်ရန်အတွက် ကနီမြို့ မြို့နယ်လုံးဆိုင်ရာ လူမှုကွန်ရက် ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ကွန်ရက်ကိုယ်စားလှယ်နှစ်ဦးကိုလည်း ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ရက်(၁၀၀)စီမံချက်ဖြင့် ကျန်းမာရေး အသိပညာပေးဟောပြော၍ အခမဲ့ နယ်လှည့်ဆေးဝါးကုသပေးမည်

**ပူတာအို မေ ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအထိပါမကျန် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပူတာအိုမြို့နယ် တိုင်းရင်းဆေးကုဌာနက ရက်(၁၀၀)စီမံချက်ဖြင့် မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် နယ်လှည့်ကွင်းဆင်းကာ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများကို မေ ၇ ရက်တွင် ဇီးအွန်ကျေးရွာ၌ 'ကျန်းမာသက်ရှည်နေရအောင် တိုင်းရင်းနည်းကိုဆောင်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မေ ၁၄ ရက်တွင် လုံးစွတ်ရပ်ကွက် စစ်ရှောင်စခန်း၌ 'အစာလည်းဆေး ဆေးလည်းအစာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မေ ၂၈ ရက်တွင် မူလာရှီးဒီကျေးရွာ၌ 'မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ပူတောင်းကျေးရွာ၌ 'ခါးနာရောဂါနှင့် တိုင်းရင်းဆေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် မာမူးလဲ့ကျေးရွာ၌ 'ဒေသထွက်ခန်းတောက်ပင်၏ ဆေးဖက်ဝင်ပုံများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၅ ရက်တွင် အ-ထ-က(ပူတာအို) ၌ 'နေ့စဉ်လိုအပ်သောအာဟာရ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် အ-ထ-က(ဒုတ္တန်)၌ ဆေးဖက်ဝင် ပရဆေးပင်စိုက်ပျိုးမှုအသုံးဝင်ပုံများကိုလည်းကောင်း ဒုတိယတိုင်းရင်းဆေးမှူးဒေါ်လဇွမ်ခေါန်းနန်နှင့် ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အခမဲ့ဆေးဝါးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လမ်းညွှန်မှုခံယူကာ မြို့နယ်တိုင်းရင်းဆေးကုဌာန ဝန်ထမ်းများနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်ကော်မတီဝင်များ၊ ကျောင်း ကျန်းမာရေးတာဝန်ခံများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပြူတာသင်တန်းဖွင့်လှစ်

**မလှိုင် မေ ၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေလူငယ်များ ခေတ်မီနည်းပညာများ တတ်ကျွမ်းနားလည်လာစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကွန်ပျူတာသင်တန်းကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်က သင်တန်းလမ်းညွှန်စာအုပ်များကို သင်တန်းသားများအား ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်သူ ကျေးလက်လူငယ်များအား တီရှပ်တစ်ထည်နှင့် သင်တန်းထောက်ပံ့ကြေးအဖြစ် တစ်နေ့လျှင် ငွေကျပ် ၁၅၀၀ နှုန်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ရက်ပေါင်း ၃၀ ဖြစ်ပြီး အခြေခံစာစီစာရိုက်အပြင် ပါဝါပွိုင့်၊ အော်တိုကတ်နှင့် ဓာတ်ပုံပညာ (photoshop) များကိုပါသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကုန်ကျစရိတ်ကို မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် ၂၁၅၀၀၀၀ အကုန်ကျခံ သင်ကြားပေးသွားမည်ဖြစ်သည်။ **အောင်ဌေး(မလှိုင်)**

# တစ်မြို့နယ်လုံး သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် အဖွဲ့ပေါင်းစုံဖြင့် လက်တွဲလုပ်ဆောင်သွားရန်ညှိနှိုင်း

**ကျောက်ပန်းတောင်း မေ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် သန့်ရှင်းသာယာလှပသော မြို့နယ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် ဖော်ဆောင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကိုမေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးပွဲတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက ဆွေးနွေးပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာနှင့် အခြားဌာနဆိုင်ရာများ၊ ရပ်ကွက်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များ၊ NLD လူငယ်အဖွဲ့များ၊ Youth For All လူငယ်အဖွဲ့ဝင်များစုပေါင်း၍ မြို့ပေါ်ရှိ ရပ်ကွက်များသို့ ကွင်းဆင်းပြီး မိမိတို့မီးဖိုချောင်သုံး အမှိုက်များ၊ လုပ်ငန်းသုံးအမှိုက်များကို သတ်မှတ်ထားရှိသည့်အမှိုက်ကျင်း၊ အမှိုက်ပုံးများအတွင်း စနစ်တကျစွန့်ပစ်ရေးအတွက် ပညာပေးစည်းရုံးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်းဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းပါဝင်နိုင်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က တစ်ပတ်လျှင်တစ်ကြိမ်၊ သို့မဟုတ် တစ်လလျှင်တစ်ကြိမ် ပညာပေးဟောပြောခြင်းနှင့် စုပေါင်းအမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို လူငယ်ကွန်ရက်အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နေ့ရက်နှင့် အချိန်သတ်မှတ်နိုင်ရေး ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး လာမည့် မေ ၁၃ ရက်တွင် ပထမအကြိမ်အဖြစ် စုပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရပ်ကွက်အသီးသီးမှ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်ကွန်ရက်အဖွဲ့များ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက်တွင် သီရိမင်္ဂလာရပ်ကွက် သီရိပရဟိတ၌ ကျင်းပသွားရေး ဆွေးနွေးကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးပွဲသို့ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်ကွန်ရက်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကသာတွင်ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းဖွင့်ပွဲကျင်းပ

**ကသာ မေ ၆**

ကသာခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်သောနေရာဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်၍ ကသာခရိုင် ကျန်းမာရေးဦးစီးဌာနမှူးကြီးမှူး၍ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်းကို မေ ၂ ရက် နံနက် ၉ နာရီက ကသာခရိုင်ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းသို့ ကသာခရိုင်အတွင်းရှိ ကသာ၊ အင်းတော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်မြို့နယ်တို့မှဒေသခံသင်တန်းသူ၊ သင်တန်းသား ၆၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝဏ္ဏသောင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **မြင့်ဇော်(ကသာမြေ)**



လှိုင်လင်မြို့နယ် ပင်လုံအရှေ့အုပ်စု ဝမ်အင်ကျေးရွာရှိ ကျွဲ၊ နွား ၁၅၄ ကောင်အားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများကို မေ ၄ ရက် နံနက် ၇ နာရီက ခရိုင်ဦးစီးမှူး ဒေါက်တာဦးခွန်မောင်အုန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ငြိမ်းနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- မိုးလွင်ဦး

# ကော့သောင်းမြို့တွင် မိုးကြိုးပစ်၍ ကျေးရွာစေတီငယ်တစ်ဆူ အနည်းငယ်ထိခိုက်ပျက်စီး



**ကော့သောင်း မေ ၆**

နိုင်ငံနှင့်အဝှမ်း အယ်နီညိုရာသီဥတုဒဏ်ခံရပြီး မိုးခေါင်၍ ပူပြင်းခြောက်သွေ့မှုနှင့် သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်များ မတ်လဆန်းမှ မေလဆန်းအထိ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် မေ ၄ ရက် မွန်းလွဲပိုင်းက မိုးတိမ်များအုံ့ဆိုင်းညို့မှိုင်းကာ ဆယ်မိနစ်ကျော်ခန့်အကြာမျှ မိုးသည်းထန်စွာ ရွာသွန်းသည်။

မိုးရွာသွန်းစဉ် လျှပ်စီးများလက်ခြင်း၊ မိုးကြိုးပစ်ခြင်းဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရာ ကော့သောင်းမြို့မှ ငါးမိုင်ခန့်အကွာ ပုလုံးတုံတုံးပင်လယ်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း တောင်ထိပ်တွင် တည်ထားကိုးကွယ်သည့် စေတီအား မိုးကြိုးခမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် စေတီတော်ဘေး အရံစေတီငယ်နှင့် ပင်မစေတီတော်အကြား ပင်မစေတီတော်ပလ္လင်တော်အပိုင်းတွင် မိုးကြိုးဒဏ်ကြောင့် အနည်းငယ် ပဲ့စင်ကြေမွ ပျက်စီးမှုဖြစ်ပွားခဲ့သည်မှလွဲ၍ ပျက်စီးဆုံးရှုံးမှု အကြီးစားဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် မိုးလေဝသတင်းများအရ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအနှံ့အပြား မိုးသည်းထန်ခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခြင်း၊ လျှပ်စီးလက်ကာမိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ မြစ်ရေရုတ်တရက်မြင့်တက်ကာ ရေလွှမ်းမိုးမှုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်၍ မြို့ပြနှင့် ကျေးလက်ဒေသနေပြည်သူများ သတိပြုနေထိုင်ကြရန်နှင့် ဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ဖြန့်ဝေကာ ကူညီကယ်ဆယ်မှုလုပ်ငန်းများ ဆောလျှင်စွာဆောင်ရွက်နိုင်ရေး ဒေသတာဝန်ရှိအဖွဲ့အစည်းများက မြို့ပြနှင့် ကျေးလက်နေပြည်သူများအား သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# အဂ္ဂါပယ်ဇဝံဂေလိလူငယ်များအဖွဲ့မှ ကြီးမှူး၍ ကလေးတွင် ဒုတိယအကြိမ်လူငယ်ညီလာခံ ကျင်းပ




**ကလေး မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အဂ္ဂါပယ်ဇဝံဂေလိလူငယ်များအဖွဲ့မှ ကြီးမှူးစီစဉ်သည့် ဒုတိယအကြိမ် လူငယ်ညီလာခံ (Youth Conference- GO) ကို မေ ၂ ရက် ည ၇ နာရီက သဇင်ရပ်ကွက်ရှိ AMC အသင်းတော်၌ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခရစ်ယာန် ဧဝံဂေလိ(အေဂျီ) သာသနာကောင်စီ ဒုတိယ ဥက္ကဋ္ဌ (ကလေးမြို့ Agape AG သင်းအုပ်ဆရာကြီး) သိက္ခာတော်ရဆရာတော်ဦးဂိုဇနန်က နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် ယနေ့မျိုးဆက်သစ်လူငယ်များသည် အနာဂတ်တွင် ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းရတနာများဖြစ်လာကြရန်၊ လိမ္မာယဉ်ကျေး၍ စာရိတ္တကောင်းမွန်ပြီး ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးနှင့် ဒုစရိုက်များကို လုံးဝရှောင်ရှားကြရန်၊ လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ရင့်ကျက်ရန်၊ မှန်ကန်သောတစ်သက်တာဖြင့် ရည်မှန်းချက်ကြီးမားစွာထားတတ်သော လူငယ်လူရွယ်မြောက်မြားစွာ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားမြွက်ကြားခဲ့သည်။

"ကျွန်တော်တို့ ပထမအကြိမ် လူငယ်ညီလာခံကို အရင်နှစ် မေလကပြုလုပ်ခဲ့ပါတယ်။ ယခင်နှစ်ညီလာခံကို ပြန်သုံးသပ်တဲ့အခါ စိတ်ပါဝင်စားစွာနဲ့ ရပ်နီးရပ်ဝေးကနေ လာရောက်ပါဝင်ကြတယ်။ လူငယ်မြောက်မြားစွာလည်း ဘာသာရေးနဲ့ လူမှုပေါင်းသင်းဆက်ဆံရေးတွေမှာ အသိတရားတွေ၊ ဆင်ခြင်တုံတရားတွေ၊ အတွေးအခေါ်တွေ ရှင်သန်လာပြီး အမှားနဲ့အမှန် ဝေဖန်ပိုင်းခြားတတ်လာတယ်။ ဒုစရိုက်နွံထဲကနေ လွတ်မြောက်လာကြတယ်။ လမ်းမှားတဲ့အပြစ် နွံထဲနစ်မွန်းမနေတော့ဘဲ လမ်းမှန်တဲ့ဘဝတစ်သက်တာကို ပြောင်းလဲလာတာတွေ မြင်နေရ၊ ကြားနေရပြီးအကျိုးသက်ရောက်မှုများစွာရှိတဲ့အတွက် ဒီနှစ်မှာလည်း ဒုတိယအကြိမ် လူငယ်ညီလာခံကို မေ ၂ ရက်ကနေ မေ ၅ ရက်ထိ ပြုလုပ်ခဲ့ပါတယ်" ဟု အဂ္ဂါပယ်ဇဝံဂေလိလူငယ်များအဖွဲ့ လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာခိုင်ပီးက ပြောသည်။

အဆိုပါညီလာခံတွင် သိက္ခာတော်ရဆရာ ဇော်လင်းအောင်၊ ဆရာစံပီး၊ ဆရာထန်သောင် တို့က "ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များ အနာဂတ်ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းချီကြပါစို့" ခေါင်းစဉ်ဖြင့် နေ့ပိုင်းနှင့် ညပိုင်းများ၌ ဟောပြောဆွေးနွေးကြပြီး ခေတ်ပေါ်ဓမ္မတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ချင်းပြည်နယ် စစ်ကိုင်းတိုင်းဒေသကြီး တမူးကဘော်၊ ကလေးကဘော်နှင့် ဂန့်ဂေါ၊ တောင်ကြီး၊ မန္တလေး၊ မိုးကုတ်၊ လားရှိုး စသည့်အမြို့မြို့ အနယ်နယ်မှလူငယ်မောင်မယ် စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# လုံခြုံရေး၊ မူးခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး ရက်(၁၀၀) စီမံချက် စတင်ဆောင်ရွက်

**သာစည် မေ ၆**

သာစည်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရုံးနယ်မြေအတွင်းရှိ ယင်းမာပင်၊ ဟံဇား၊ မြို့မ၊ ညောင်ရမ်း ရဲတပ်ဖွဲ့စခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း လုံခြုံရေး၊ မူးခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ရက်(၁၀၀) စီမံချက်ကို မေ ၁ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သည်။

မူးခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ရဲတပ်ဖွဲ့ဝင်များက ယခုရက်ပိုင်းအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်းသို့ ကွင်းဆင်းသွားရောက်ကြ၍ လူထုနှင့်တွေ့ဆုံပြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မူးခင်းကျဆင်းရေးတို့ကို ပညာပေးဟောပြောဆွေးနွေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်နေကြသည့်အပြင် လက်ကမ်းစာစောင်များကိုပါ လူထုလက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိကြသည်။

"ရက်(၁၀၀)အထူးစီမံချက်ကာလအတွင်း မြို့နယ်အတွင်း မူးခင်းမဖြစ်ပွားရေးနှင့် မူးခင်းကျဆင်းရေးတို့ကို ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေက လူထုကိုဗဟိုပြုပြီး ဆောင်ရွက်သွားမှာပါ။ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ လူထုကြားကို စိမ့်ဝင်ထိုးဖောက်ပြီး လူထုအတွင်းဖြစ်နေတဲ့ ကိစ္စရပ်တွေကို သတင်းရယူစုဆောင်းသွားမှာပါ။ ရရှိလာတဲ့ သတင်းအချက်အလက်များပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေက လုပ်ဆောင်သင့်တဲ့ ကိစ္စရပ်တွေကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ရဲတွေဟာ အရင်လိုစခန်းထဲမှာထိုင်ပြီး အမှုတိုင်ကြားသူအလာကို စောင့်နေတဲ့အလုပ်မျိုး မလုပ်တော့ဘူး။ လူထုကြားထဲမှာဖြစ်နေတဲ့ မူးခင်းတွေကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် ပြည်သူ့ကြားမှာနေထိုင်ပြီး တရားဥပဒေစိုးမိုးမှုရှိလာအောင် ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး မောင်မောင်ဝေက ပြောသည်။

**မောင်ကို(သာစည်)**

# အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး (အခမဲ့) တတိယအကြိမ် ထိုးနှံပေး

**သုံးခွ မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ကြက်ခြေနီအသင်းနှင့် အသည်းဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ပြည်သူများအား အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး (အခမဲ့) တတိယအကြိမ်ထိုးနှံပေးခြင်းလုပ်ငန်းကို မေ ၅ ရက် နံနက် ၇ နာရီက စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ ပူးပေါင်းကာ ဆေးထိုးနှံခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် အသည်းရောင် အသားဝါ(ဘီ)ပိုးကာကွယ်ဆေးထိုးပြီးသူ လူဦးရေ နှစ်ထောင်ရှိပြီး ယခု တတိယအကြိမ်ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ သုံးလသုံးကြိမ်(အခမဲ့) ဘီပိုးကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းရုံးမှ သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# လုပ်ငန်းများအကောင်အထည်ဖော်ရေး စည်းဝေး

**မြစ်ကြီးနား မေ ၆**

ကချင်ပြည်နယ်အတွင်း ပြည်သူ့အကျိုးစီးပွားအတွက် ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၄ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ရက်(၁၀၀)အတွင်း နိုင်ငံ၊ ပြည်နယ်နှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးရှိမည့် လုပ်ငန်းများနှင့် ထင်သာမြင်သာရှိမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနတစ်ခုချင်းအလိုက် ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဌာနဆိုင်ရာများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရက်(၁၀၀)အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ ဂဟေဆက်ခြင်းသင်တန်းဖွင့်

**ပုဗ္ဗသီရိ မေ ၆**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် လူမှုစီးပွား ပိုမိုတိုးတက်စေရန်အတွက် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ ဂဟေဆက်ခြင်းသင်တန်း (၁/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဥတ္တရခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် သင်တန်းသား ၃၀ အား မေ ၄ ရက်မှ ၁၃ ရက်ထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားမည်ဖြစ်သည်။ **ရွှေရဲရင့်**

# ရေရှားပါးသည့်ကျေးရွာများ ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ငါန်းဇွန် မေ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် မေ ၃ ရက်က မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျိုးလျန်ဗွိုင်းနှင့် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ နည်းပညာဦးစိုးဝင်းထွန်းတို့သည် သံဘိုကျေးရွာအုပ်စု တောင်အောက်ကျေးရွာ၌ ငွေကျပ် ၇ ဒသမ ၉၂၇ သန်းတန်ဖိုးရှိ ပန့်တပ်ဆင်ခြင်း၊ ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းနှင့် တယ်ပင်ကျေးရွာ၌ ငွေကျပ် ၄ ဒသမ ၅ သန်းတန်ဖိုးရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့ဖော်ဆောင်ရေး ဆွေးနွေး

**ဖလမ်း မေ ၆**

ချင်းပြည်နယ် ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းတိုးချဲ့ အကောင်အထည်ဖော်ရေး ခရိုင်အဆင့်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၁၀ နာရီက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ ခရိုင်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုး၊ ခရိုင်ကျေးလက် ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းတိုးချဲ့ အကောင်အထည်ဖော်ရေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးကြကာ ခရိုင်အတွင်း မြို့နယ်အလိုက် တိုးချဲ့အကောင်အထည်ဖော်မည့်ကျေးရွာများအား အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# မြန်မာအလုပ်သမားသုံးဦးကိုသတ်ဖြတ်ခဲ့သော ထိုင်းရဲဆေးရုံ ဆရာဝန်အား သေဒဏ်ချမှတ်



**ဗန်ကောက် မေ ၆**

လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်က ထိုင်းနိုင်ငံ ဖေ့ဘုရီခရိုင် ထားရန်မြို့မှ ဒေါက်တာစုဖတ် ဥယျာဉ်ခြံတစ်ခုတွင် ခြံအလုပ်သမားအဖြစ် အလုပ်လုပ်နေသည့် မြန်မာအလုပ်သမားသုံးဦးကို သတ်ဖြတ်ခဲ့သော ထိုင်းရဲဆေးရုံဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ရဲမှူးကြီးဒေါက်တာစုဖတ်နှင့် သားနှစ်ဦးကို မေ ၁ ရက်က ဖေ့ဘုရီတရားရုံးမှ သေဒဏ်တရားစီရင်ချမှတ်ခဲ့ကြောင်း သိရသည်။

ဒေါက်တာစုတ်ဖတ်နှင့် သားအကြီး အမစ်စတာအေ့တ်ဆိုသူကို သေဒဏ်ချမှတ်လိုက်ပြီး သားအငယ် မစ်စတာအခရဆိုသူအား အခင်းဖြစ်ပွားသည့်အချိန်က အသက်မပြည့်သေးသည့်အတွက် သေဒဏ်အစား နှစ်ရှည်ထောင်ဒဏ်အဖြစ် ထောင်ဒဏ် ၂၅ နှစ် ၃ လ ချမှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါအမှုမှာ လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်က ဒေါက်တာစုဖတ် ဥယျာဉ်ခြံတွင် ခြံအလုပ်သမားအဖြစ် အလုပ်လုပ်နေသည့် မြန်မာအလုပ်သမားသည် သူ၏ဇနီးဖြင့် ဖောက်ပြန်နေသည်ဟု မသင်္ကာစိတ်ဖြင့် သေနတ်ဖြင့်ပစ်သတ်ခဲ့သည့်အမှုဖြစ်ပြီး အခင်းဖြစ်စဉ်အချိန်က အတူအလုပ်လုပ်ကိုင်လျက်ရှိသည့် အခြားမြန်မာအလုပ်သမားများ ထွက်ပြေးလွတ်မြောက်ခဲ့ရာ ဤအမှုအတွက် ခိုင်လုံသည့်သက်သေခံအဖြစ် ပြန်လည်ခေါ်ယူမေးမြန်းပြီး ပစ်သတ်ခဲ့သည့်နေရာနှင့် မြေမြှုပ်ခဲ့သည့်နေရာများအား လိုက်လံပြသကာ သက်သေအထောက်အထားခိုင်လုံမှုကြောင့် လူသတ်မှုဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အင်ထိုင်းသတင်းဌာန၏ ထုတ်လွှင့်မှုအရ သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# (၅၄၂) ကြိမ်မြောက် ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်လှစ်

**မလှိုင် မေ ၆**

ဗဟိုဓမ္မစကူးဖောင်ဒေးရှင်းမှဖွင့်လှစ်သော (၅၄၂) ကြိမ်မြောက် ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ရွှေသိမ်တော်မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသည်။

အဆိုပါ ဓမ္မစကူးဆရာဖြစ်သင်တန်းကို တစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၆၅ ဦး တက်ရောက်၍ ဗဟိုဓမ္မစကူးဖောင်ဒေးရှင်းမှ နည်းပြဆရာလေးဦးဖြင့် သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ပင့်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေသိမ်တော်မဟာစည်သာသနာ့ရိပ်သာမှ အကျိုးတော်ဆောင်များ၊ မြို့မိမြို့ဖများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲပြုလုပ်

**မော်လမြိုင် မေ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်း၊တံတား၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရက် ၁၀၀ ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အခြေအနေနှင့် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပြည်နယ်အတွင်း သောက်သုံးရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ ရေဖြန့်ဝေပေးနေမှုအခြေအနေတို့နှင့် ပတ်သက်၍ မီဒီယာရှင်းလင်းပွဲကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ မေ ၃ ရက် ညနေ ၃ နာရီတွင် ပြုလုပ်ခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ၊ CSO နှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သတင်းမီဒီယာများမှ သိရှိလိုသည့် မေးမြန်းချက်များအား ပြည်နယ်ကျေးလက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မအူပင်မြို့နယ်တွင် အိမ်တွင်းမှုအသက်မွေးလုပ်ငန်း စက်ချုပ်ပညာသင်တန်းဖွင့်လှစ်



**မအူပင် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရပ်ရွာအခြေပြုအိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်း ဖျာပုံ၏ စက်ချုပ်ပညာသင်တန်းအား မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာတွင် မေ ၅ ရက် နံနက် ၁၀ နာရီက စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

သင်တန်းသို့ မအူပင်မြို့နယ်အတွင်းမှ စက်ချုပ်ဝါသနာပါသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းမှူးဒေါ်ထူးထူးနှင့် လက်ထောက်နည်းပြ ဒေါ်စုစုဝင်းမြင့်တို့က စာတွေ့လက်တွေ့ သင်ကြားပေးပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**မအူပင်(ပြန်/ဆက်)**

# စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးပြီး အယ်နီညိုအကြောင်း အသိပညာပေး

**နေပြည်တော် မေ ၆**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာများသို့ အပတ်စဉ်ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် ပြည်သူများလက်ဝယ်အရောက် စာအုပ်များကို အခမဲ့ငှားရမ်းပေးလျက်ရှိရာ မေ ၅ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့အုပ်စု ညောင်ကုန်းကျေးရွာသို့သွားရောက်၍ ကျေးလက်နေပြည်သူများအား စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ကြပြီး စာအုပ်၊ စာစောင်လာရောက်ငှားရမ်းကြသူများအား အယ်နီညိုအကြောင်းသိကောင်းစရာများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အယ်နီညိုနှင့်ပတ်သက်၍ အသိပညာပေးထုတ်ပြန်ချက်များကို နံရံကပ်ပြဘုတ်များဖြင့် ပြသပေးကြသည်။

အဆိုပါရွေ့လျားစာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်စာစောင် ၃၀၀ ကျော်ပါရှိပြီး ကျေးလက်နေပြည်သူများ ငှားရမ်းဖတ်ရှုလိုသည့် သုတ၊ ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြသည်။ အဆိုပါငှားရမ်းပေးခဲ့သည့်စာအုပ်များကို ရက်သတ္တပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးသွားမည်ဖြစ်သည်။

**ရွှေကုက္ကို**

# အင်တာနက်ကိုအကျိုးရှိစွာအသုံးပြုရေး ဆရာဖြစ်သင်တန်းဆင်းပွဲပြုလုပ်

**ရမည်းသင်း မေ ၆**

ရမည်းသင်းမြို့ ပန်းထိမ်ရပ်ကွက်တွင်ရှိသော Telenor and MIDO နှင့် ပူးပေါင်းဖွင့်လှစ်ထားသော အလင်းအိမ်စင်တာတွင် မြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ အင်တာနက်သုံးစွဲခြင်းကို စနစ်တကျဖြစ်စေရန်နှင့် ကောင်းကျိုး၊ ဆိုးကျိုးများကို သိစေရန်အတွက် သင်တန်းကိုဖွင့်လှစ်ခဲ့ရာ မေ ၅ ရက်က သင်တန်းဆင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဆင်းပွဲကို အလင်းအိမ်စင်တာတွင်ပြုလုပ်ရာ သင်တန်းဆင်း ၁၃ ဦးနှင့် MCC နွေရာသီ ကလေးကွန်ပျူတာသင်တန်းသား၊ သင်တန်းသူ ၂၄ ဦးတို့ကို သင်တန်းတာဝန်ခံ ဦးဇော်မင်းစိုးက သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းသင်တန်းသား ၁၃ ဦးသည် သင်တန်းဆရာများအဖြစ် ကျေးလက်ပြည်သူလူထုအား အင်တာနက် အသုံးပြုခြင်းများကို ပြန်လည်သင်ပေးမည့် ပရဟိတသင်တန်းသားများဖြစ်သည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရောင်ပြစ်ကွင်းကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ အိမ်ထောင်စု ၄၆ စု၊ လူဦးရေ ၁၇၅ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ပိုမိုရရှိစေရေး ရည်ရွယ်၍ ကျောင်းကုန်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းဇော်၊ မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထွန်းထွန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သောက်ရေသန့်ဘူးကြီး ၁၅၀ လုံးကို သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဝင်းကြိုင်(ပြန်/ဆက်)



# စလင်းမြို့နယ် လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**စလင်း မေ ၆**

မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဧပြီ ၃၀ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများရှိ လူနေအိမ်များ အမိုး၊ အကာများလန်ခြင်း၊ ပြိုလဲပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မေ ၄ ရက်တွင် သွားရောက်၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

စလင်းမြို့နယ်တွင် ဖောင်းလင်းကျေးရွာ၊ ငွေတောင်ကျေးရွာတို့တွင် လူနေအိမ်များနှင့် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ အမိုးလန် ပျက်စီးမှုများပြားခဲ့သည်။ ယင်းကျေးရွာများသို့ မင်းဘူးခရိုင်နှင့် စလင်းမြို့နယ်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သွားရောက်၍ အိုးအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ပြိုလဲကျိုးကျ သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများကလည်း ကျေးလက်နေပြည်သူများအား အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို သွားရောက်ကူညီ ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

ပြည်တွင်းရေးရာ

အတွေးအမြင်

# တာဝန်ကျေပွန်ခြင်းဖြင့် မိမိဘဝကိုမြှင့်တင်ပါ

à သရက်တန်းစိုးရွှေ

ဘဝတစ်ခုရခြင်းကိုက ထိုဘဝကိုထုဆစ်ပုံဖော်ရေးအတွက် တာဝန်တစ်ခုပေးအပ်လိုက်ခြင်းပင်ဖြစ်ပေသည်။ လူဆိုသည်မှာ တာဝန်နှင့်ကင်းသည်ဟူ၍ မရှိလှပါချေ။ ဘဝတာဝန်၊ လူမှုတာဝန်၊ မိသားစုတာဝန်၊ ရပ်ကွက်မြို့ရွာ တိုင်းပြည်၏ တာဝန်တို့ကို ထမ်းဆောင်ကြရပေသည်။ တာဝန်သိသူတိုင်း တာဝန်ရှိ၍ တာဝန်ရှိသူတိုင်းတာဝန်ကျေပွန်ဖို့ လိုအပ်မြဲပင်ဖြစ်ပေသည်။

တာဝန်မကျေခြင်း၏ အခြားအမိပ္ပာယ်မှာ သစ္စာမရှိခြင်းပင်ဖြစ်ပေသည်။ ကိုယ့်တာဝန် ကိုယ့်အလုပ်ကိုသစ္စာရှိပါမှ တာဝန်ကျေသော၊ လူပီသသောသူ ဖြစ်လာမည်ဖြစ်ပေသည်။ ကမ္ဘာမြေပြင်ပေါ်တွင် ရှင်သန်နေထိုင်သူများအား ကိုယ်စီကိုယ်စီအရည်အချင်းကျွမ်းကျင်မှုအလိုက် တာဝန်ပေးအပ်ကြမြဲပင်ဖြစ်ပေသည်။ တာဝန်မကျေသမျှ အသုံးမကျသူဘဝဖြင့် အများ၏အထင်သေးခြင်းကိုခံရမည်ဖြစ်ပေသည်။ လောကတွင်လူအများအလိုမရှိသောသူများမှာ ပျင်းသူနှင့် ဖျင်းသူများပင်ဖြစ်ပေသည်။ ပျင်းခြင်း၊ ဖျင်းခြင်းကို စွဲမြဲနေသမျှ တာဝန်ကျေပွန်မှုရှိလာမည်မဟုတ်ပါချေ။

လူ့လောကတွင် ရောက်လာသမျှလူသားတိုင်း မဖြစ်မနေပြုလုပ်ရမည့် အရာတစ်ခုမှာ ဖြစ်လာသမျှကို ရင်ဆိုင်ဖြတ်သန်းရခြင်းပင်ဖြစ်ပေသည်။ မဖြတ်သန်း၊ မရင်ဆိုင်ဘဲနေ၍မရသော အရာများစွာထဲတွင် အခက်အခဲနှင့် ဘဝလည်းပါဝင်နေမြဲပင်ဖြစ်ပေသည်။ သဘာဝ လောကကြီးမှ လူသားတို့အား စွမ်းရည် ရှိမရှိစစ်ဆေးသောသင်ခန်းစာမှာ အခက်အခဲနှင့် တွေ့ကြုံစေခြင်းပင်ဖြစ်ပေသည်။ သို့အတွက် အခက်အခဲဆိုသည်မှာ ကြောက်စရာဟု မတွေးမိအောင် ကြံဆောင်ကြရမည်ဖြစ်ပေသည်။

အခက်အခဲဟူသည် ကြောက်စရာမဟုတ်ပါချေ။ အခက်အခဲအား မကျော်လွှားဖူးသမျှ အရည်အချင်းကပြည့်လာမည်မဟုတ်ပါချေ။ စိတ်ပညာရှင်တို့၏ အဆိုအရ ဦးနှောက်အတွင်းသို့ ရှုပ်ထွေးသည့်အရာများမထည့်ပါနှင့်၊ သင့်ဦးနှောက်အတွင်း စိတ်ညစ်စရာများဝင်လာသမျှ အခက်အခဲဖြေရှင်းသည့် အရည်အသွေးတို့ ကျဆင်းသွားတတ်သည်ဟုပင် ဆိုထားခဲ့ပေသည်။

အကောင်းဆုံးကို မျှော်လင့်၍ အစွမ်းကုန်ကြိုးစားအားထုတ်ရမည်မှာ လူသားတို့၏ တာဝန်သာလျှင်ဖြစ်ပေသည်။ သို့အတွက် စကားတစ်ခွန်းဆိုထားသည်က သင်ပါဝင်မျှော်လင့်လိုသော နယ်ပယ်ကိုရောက်သမျှ လက်တွေ့ကလေးဖြင့်စရင်း နေ့စဉ်မျှော်လင့်ခွင့်ကို ဖန်တီးကြဟုပင် ဆိုထားခဲ့ပေသည်။လူသည် မှားတတ်ကြသည်ဟုဆိုထားခဲ့ပေသည်။ ထိုအမှားများစွာထဲတွင် အခက်အခဲနှင့်ကြုံလာပါက စိတ်ဓာတ်ကျသွားခြင်းကြာရှည်စွာ ဖြစ်နေခြင်းက ပို၍ပင်မှားနေတတ်ပေသည်။

## စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးဟောပြောပွဲပြုလုပ်၍ဈေးအတွင်းကြည့်ရှုစစ်ဆေး



**သာစည် မေ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို မေ ၅ ရက် နံနက် ၉ နာရီက သာစည်မြို့ မြို့မဈေးကြီးအတွင်းရှိ ဈေးတာဝန်ခံရုံး၌ ပြုလုပ်သည်။

အခမ်းအနား၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် ဦးကံဆောင်က အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးသန်းနိုင်က ဓာတုဆေးများ သုံးစွဲပြုလုပ်ထားသည့် စားသောက်ကုန်များကို စားသုံးမှု မပြုလုပ်ကြရန်၊ FDA မှ တရားဝင် တားမြစ်ရောင်းချခွင့် ပိတ်ပင်ထားသည့် စားသောက်ကုန်၊ ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုလုပ်ကြရန်ကိုလည်းကောင်း၊ သာစည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးစိန်ထွန်းက တရားဝင်မှတ်ပုံတင်မရှိဘဲ ထုတ်လုပ်ရောင်းချနေသည့် ရေသန့်ဘူးများအကြောင်းနှင့် စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်းအကြောင်း၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးခြင်းအကြောင်းများကို အကျယ်တဝင့် ဆွေးနွေးကြသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များမှ ဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။

ထို့နောက် မိတ္ထီလာခရိုင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးသန်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးစိန်ထွန်းတို့ပါဝင်သောအဖွဲ့က မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များကို ဝင်ရောက်၍ FDA မှ တရားဝင်တားမြစ်ပိတ်ပင်ရောင်းချခွင့်မရှိသည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မောင်ကို (သာစည်)**

## လူထုကျန်းမာရေးစောင့်ရှောက်သည့်လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၆**

အယ်နီညိုအကြောင်း သိကောင်းစရာများဟောပြောခြင်းနှင့် လူထုကျန်းမာရေးစောင့်ရှောက်သည့် လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို မေ ၅ ရက် နံနက် ၈ နာရီက ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူနယ်မြေ အလျင်လိုကျေးရွာ ကျေးလက် ကျန်းမာရေးဆေးခန်း၌ ကျင်းပရာ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်း တက်ရောက်၍ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု၊ လတ်တလောဖြစ်ပွားနေသောရောဂါများအကြောင်း၊ အပူဒဏ်ကာကွယ်ရေးနှင့် လေပြင်းမုန်တိုင်းအန္တရာယ်အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ခုတင် ၅၀ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများသည် အယ်နီညိုအကြောင်း သိကောင်းစရာများ၊ ကြက်ငှက်တုပ်ကွေး ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက်ရောဂါ၊ ကိုယ်ဝန်ဆောင် မိခင်နှင့် တစ်နှစ်အောက်ကလေးများ အတွက်ဖြည့်စွက်စာများအား အာဟာရမျှတအောင် စာသုံးနိုင်ရေး၊ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများသည် တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးခြင်း လုပ်ငန်းကိုဆောင်ရွက်ရာ ဝက်သက်၊ ပိုလီယို၊ Pent ငါးမျိုးစပ်၊ ဦးနှောက်တီဘီနှင့် တီဘီပိုးကာကွယ်နိုင်ရန် BCG ဆေးမျိုးများကို တိုက်ကျွေးထိုးနှံပေးခဲ့ကြသည်။

ယင်းနောက်တက်ရောက်လာကြသူများနှင့်အတူ လက်ဆေးခြင်းပညာပေး လုပ်ငန်းကိုလက်တွေ့သရုပ်ပြခြင်း၊ သက်ကြီးရွယ်အိုများ၊ ဆယ်ကျော်သက် လူငယ်များနှင့် ပျိုရွယ်သူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးကင်းစကလေးမိခင်များကို အုပ်စုဖွဲ့၍ အပြန်အလှန် ဆွေးနွေးကာ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

## ရွှေဘိုမြို့တွင်အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**ရွှေဘို မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၅ ရက်က ခရိုင်ကျေးလက်ရုံး၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာ ၁၃ ရွာမှ သင်တန်းသူ ၂၆ ဦးတက်ရောက်ကြကြောင်း သိရသည်။

**မျိုးဝင်ညို(ကျွန်းလှ)**



မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ယာဉ်ထိန်းရဲတပ်ကြပ်ကြီးရဲဝင်းနှင့် ယာဉ်ကြီးကြပ်မှုကော်မတီများက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ပညာပေးရေးလုပ်ငန်းစဉ်အဖြစ် မေ ၃ ရက် ညနေ ၆ နာရီက ဆိုင်ကယ်မောင်းသူများအား နှုတ်ဖြင့်ပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းလုပ်ငန်းများဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။ သတင်းနှင့် ဓာတ်ပုံ- ၅၈၀

## လက်တူးရေတွင်းများ တူးဖော်ပြီး သောက်ရေ သုံးရေများလှူဒါန်း



**သရက်ချောင်း မေ ၆**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် သောက်ရေသုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်ရှိ ရှင်ကိုးရှင်သမိုင်းဝင်ရှင်တောင့်ပုံစေတီ ဘုရားလမ်းအနီး ရေတံခွန်ချောင်းအတွင်း မေ ၄ ရက်က မြို့ပေါ်ရပ်ကွက်နေ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ ပူးပေါင်း၍ ရေများရရှိရေးအတွက် လက်တူးတွင်း များတူးဖော်ပြီး သောက်ရေသုံးရေများအား ပေးလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါတူးဖော်ခဲ့သည့်ရေတွင်းများမှာ အနက် ၈ ပေ ခန့်ရှိပြီး အချင်း ၅ ပေခန့်ကျယ်ကာ ရေထွက်အားကောင်းသည့် ရေတွင်းများဖြစ်သည်။

လက်ရှိအခြေအနေတွင်ရေတွင်း သုံးတွင်းကို တူးဖော်ထားပြီးဖြစ်ရာ ၎င်းရေတွင်းများမှ တစ်နေ့ ပျမ်းမျှ ငါးဂါလန်ပုံးနှင့် ပုံး ၄၀၀ ခန့်ရရှိကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ဘိုးဘွားရိပ်သာအတွက် ငွေကျပ်သိန်း ၂၀၀ လှူဒါန်း

**နွားထိုးကြီး မေ ၆**

နွားထိုးကြီးဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် နွားထိုးကြီးဇာတိဖွား ဦးညဏ်ထွန်းအောင် ဇနီးဒေါ်ဝေဝေ မိသားစုက ငွေကျပ်သိန်း ၂၀၀ ပေးလှူပွဲကို မေ ၅ ရက်က နွားထိုးကြီး ထွေ/အုပ်စည်းဝေးဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘိုးဘွားရိပ်သာတည်ဆောက်ရေး အတွင်းရေးမှူး ဦးဝေလင်းအောင်က ဘိုးဘွားရိပ်သာတည်ဆောက်မှုနှင့် ရန်ပုံငွေအခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ အလှူရှင်ဦးညဏ်ထွန်းအောင်က လှူဒါန်းရခြင်းကို ရှင်းလင်းပြီး တည်ဆောက်ရေးဥက္ကဋ္ဌ ဦးသန်းထိုက်အောင်သို့ ငွေကျပ်သိန်း ၂၀၀ ကို ပေးလှူရာ တည်ဆောက်ရေးဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အလှူရှင်မိသားစုက နွားထိုးကြီး ပုညဝတီ သီလရှင်စာသင်တိုက်အတွက် ဆရာလေး ကေသရဝတီသို့ ငွေကျပ်သိန်း ၂၀ ကိုလည်း လှူဒါန်းကြောင်း သိရသည်။

လှူဒါန်းပွဲသို့ တာဝန်ရှိသူများ၊ နွားထိုးကြီး ချစ်သူများနှင့် အလှူရှင်များ၊ အသင်းအဖွဲ့များ တက်ရောက်ကြသည်။ **ငွေးမြင့်မောင်**

# ပေါရိသတ်မြို့ဟောင်းသို့တစ်ခေါက်




**ခ** မာန်သစ်ငြိမ်း( ရှေးဟောင်းသုတေသန )

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့သို့ စာရေးသူအနေဖြင့် သကြ်န်ကာလတွင် ရောက်ရှိနေထိုင်ခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီ ဖြစ်ပြီး ပြီးခဲ့သောနှစ်ပိုင်းများတွင် ကျောက်ခေတ်ဂူများ ကွင်းဆင်းလေ့လာခဲ့မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင်တော့ အင်းလေးဒေသတွင် မြို့ဟောင်းများရှိသည်ကို သိရှိသူနည်းပါးသော ရှေးမြို့တော်ဟောင်းများ နေရာသို့ ကွင်းဆင်းလေ့လာလိုစိတ် ဖြစ်ပေါ်ခဲ့သည်။ အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များအနေဖြင့်လည်း မိမိတို့ဖြတ်သန်းသွားလာနေကြသော ရွှေညောင်-ညောင်ရွှေ ကားလမ်းနေရာသည် ပေါရိသတ်မြို့ဟောင်းကို ဖြတ်ဖောက်ထားကြောင်းကို ဒေသခံတချို့မှလွဲ၍ သိရှိသူနည်းကြသည်။ ယခင်က စာရေးသူကိုယ်တိုင်ပင် မသိရှိခဲ့ပေ။ ယခု ကွင်းဆင်းလေ့လာခဲ့မှုများနှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်မှ အရာထမ်း၊ အမှုထမ်းများ၏ တူးဖော်မှုများအရလည်း ပိုမိုသိရှိလာခဲ့ရသည်။

မြန်မာနိုင်ငံတွင် စာရေးသူတို့ မသိရှိသော မြို့ဟောင်းများစွာ ရှိကြပေသည်။ လက်လှမ်းမီသလောက်ကိုသာ ပြင်ပပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များ ကွင်းဆင်းလေ့လာမှု ပြုနိုင်ခဲ့ကြသည်။ စာရေးသူအနေဖြင့်လည်း ကြုံတုန်းကြုံခိုက် အချိန်တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ကွင်းဆင်း၍ လေ့လာခဲ့ပြီး စာရေးသား ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ပေါရိသတ်မြို့ဟောင်းကို တည်သည့်ခုနှစ်သက္ကရာဇ်နှင့် တည်သောသူတို့ကို မပြောပြနိုင်ကြပေ။ မြို့ဟောင်းသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ်တွင် တည်ရှိလေသည်။ မြောက်ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုး၏ အလျားမှာ မီတာ ၂၁၅၀ (ကိုက် ၂၃၅၀)ခန့်စီရှိကြသည်။ အရှေ့ဘက်နှင့် အနောက်ဘက်မြို့ရိုးတို့မှာ မီတာ ၁၅၅၀ နှင့် ကိုက် ၁၆၅၅ ခန့်စီရှိကြသည်။ မြို့ရိုးများမှာ လေးဘက်လေးတန်စလုံး ဖြောင့်စင်းသည်။ ကွေးဝိုက်သည့်ဝိုင်းသည့်နေရာ မတွေ့ရပေ။ မြို့ဟောင်းများလည်း ကွေးဝိုင်းမှုမရှိပေ။ ထောင့်ချွန်း မြို့ထောင့်များပင် ဖြစ်သည်။

မြောက်ဘက်မြို့ရိုးကို ကားလမ်းမဖြတ်သွားသည့် နေရာသည် မြို့ဟောင်း၏ အရှေ့မြောက်ထောင့်မှ မီတာ ၄၅၀ (ကိုက် ၄၉၀) ခန့်တွင် ဖြစ်သည်။ ထိုကားလမ်းမ မြို့ရိုးကို ဖောက်ဝင်သည့်နေရာမှ အနောက်ဘက်သို့ (မီတာ ၄၅၀)ခန့်အကွာတွင်ပင် နန်းလက်

သည့် ရေကန်ကြီးတစ်ကန်ရှိပြီး မြို့ထောင့်များတွင် မြို့ထောင့်စေတီများကို မတွေ့ရပေ။

မြို့ဟောင်းဝန်းကျင်၌ တွေ့ရသည့် ရွာများ



ချောင်းခေါ် ချောင်းတစ်ချောင်းသည် မြောက်ဘက်မြို့ရိုးကိုဖြတ်၍ စီးဝင်သည်။ ယင်းနောက် မြို့ဟောင်း၏ တောင်ဘက်မြို့ရိုး၏ အလယ်ဗဟိုခန့်လောက်ရှိ အုတ်ဖိုရွာအနီးတွင် ဖောက်ထွက်သွားလေသည်။ နန်းလက်ချောင်း စီးထွက်သည့် နေရာသည် တောင်ဘက်မြို့ရိုးကို ဖောက်ထွက်သည့် ကားလမ်းနှင့် ၂၂၅ မီတာခန့်မျှ ကွာပေသည်။

ပေါရိသတ်မြို့ဟောင်း၏ မြို့ရိုးမှာ အုတ်မြို့ရိုးပင် ဖြစ်သည်။ မြောက်ဘက်ပိုင်း စစ်တပ်စခန်းချထားသည့် နေရာတစ်လျှောက်တွင် မြို့ဟောင်းအုတ်ရိုးမှာ တချို့နေရာ၌ ရှစ်ပေ၊ ပေ ၁၀၀ ခန့်မျှ မြင့်သေးသည်။ သို့ရာတွင် အခြားဘက် မြို့ရိုးများမှာ များစွာနိမ့်လျော့ခဲ့သည်။ တောင်ဘက်မြို့ရိုး၏ အရှေ့ဘက်ပိုင်း တစ်ပိုင်းလုံးမှာ အုတ်ဖို ရွာမှ အရှေ့ဘက် ကန်ထောင့်ရွာသို့ သွားသည့် လှည်းလမ်း၊ ဆိုင်ကယ်လမ်း ဖြစ်နေလေသည်။ နိမ့်လျော့လျက်ရှိနေသည်။ မြို့ရိုးကို လှည်းလမ်း၊ ဆိုင်ကယ်လမ်းအဖြစ် အသုံးပြုထားသည်။ တောင်ဘက်မြို့ရိုးတစ်လျှောက် အုတ်ဖိုရွာမှ အနောက်ဘက်သို့ ဆက်သွားလျှင် ထိုမြို့ရိုးအပိုင်းသည် ထင်ရှားဆဲပင်ဖြစ်သည်။ မြို့ဟောင်း၏ အရှေ့ဘက်တွင် ရေကန်ကြီးတစ်ကန် ရှိသည်။ မြို့ရိုး၏ အရှေ့တောင် ထောင့်မှ ၄၂၅ မီတာ(၄၆၅ ကိုက်)ခန့် နေရာ မှစ၍ အရှေ့ဘက်မြို့ရိုးတစ်လျှောက်တွင် တည်ရှိ

မှာ မြောက်ဘက်တွင် ရဲနွယ်နှင့်တာယော၊ အရှေ့ဘက်တွင် စခမ်းကြီး၊ ကန်ထောင့်နှင့် ဥယျာဉ်ရွာ၊ တောင်ဘက်၌ လင်းဇင်းကုန်း၊ အုတ်ဖိုနှင့်လမ်းဆုံကျေးရွာများနှင့် အနောက်ဘက်တွင် ဘုရားနီကျေးရွာတို့ တည်ရှိကြသည်။ အရှေ့မြောက်ဘက်တွင် ရွှေညောင်မြို့ရှိပြီး အနောက်မြောက်ဘက်တွင် တောင်လေးလုံးရွာ၊ အရှေ့တောင်၌ ကန်ထောင့်ကျေးရွာတို့ တည်ရှိကြသည်။ မြို့ဟောင်း၏ တောင်ဘက်ပို၍ကျပြီး ကားလမ်းမပေါ်တွင် ရွှေရန်ပြေ ရှေးဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် ဘုရားနှစ်ဆူရှိသည်။ ပြတင်းပေါက်များမှာ ဘဲဥပုံသဏ္ဌာန်မျိုးဖြစ်ပြီး ရှေးဟောင်းလက်ရာအဆောက်အအုံတစ်ခု ဖြစ်သည်။ ရှေးဟောင်းလက်ရာမွန်တစ်ခုအနေဖြင့် မူမပျက် ထိန်းသိမ်းသင့်သည့် အဆောက်အအုံတစ်ခုပင် ဖြစ်ပါသည်။

မြို့ဟောင်း၏အတွင်း၌ နတ်စင်ကုန်းဟုခေါ်သော ကုန်းယောင်ယောင် တစ်ခုရှိပါသည်။ ထိုနေရာတွင် သစ်ပင်အုပ်တို့ဖြင့် သိပ်သည်းထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ ထိုဒေသခံတို့က တောထူထပ်စွာ ပေါက်ရောက်သော နေရာများကို ဖျက်ဆီးမှု၊ ခုတ်ထွင်ရှင်းလင်းယူမှု မရှိကြကြောင်း သိရသည်။ စာရေးသူက မြို့ဟောင်းကို တောင်လေးလုံးကျေးရွာမှတစ်ဆင့် ဘုရားငါးဆူရွာ၏ အရှေ့တောင်ဘက်တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၌ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်ထားသော မြို့ရိုးဝင်ပေါက်နေရာအား သွားရောက်လေ့လာခဲ့သည်။ မိုးတွင်းအချိန်တွင် မြို့ဟောင်းနေရာကို သွားရောက် လေ့လာရန်မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် အောက်ခံမြေမှာ ရွှံ့စေးမြေအမျိုးအစားဖြစ်သောကြောင့် မိုးရွာလျှင် သွားလာရန် ခက်ခဲနိုင်သောကြောင့်ဖြစ်သည်။ နေရာအနှံ့ လယ်ယာမြေများဖြစ်၍ လယ်မရိတ်သိမ်းမီ သွားရေးလာရေး ခက်ခဲသည်။ လယ်ရိတ်သိမ်းပြီးချိန်တွင် ထိုဒေသသို့ သွားရောက် လေ့လာမှုပြုရန် အကောင်းဆုံးအချိန် ဖြစ်သည်။

ပေါရိသတ်မြို့ဟောင်းသည် တခြားမြို့ဟောင်းများနှင့်မတူ မှန်ကူကွက်ပုံသဏ္ဌာန်ရှိသော မြို့ဟောင်းများထဲတွင် အကြီးဆုံးမြို့လည်းဖြစ်သည်။ ဧရိယာအားဖြင့် ၈၂၄ ဧကခန့်ပင် ရှိပေသည်။ မြို့ဟောင်းမှာ တောင်ပိုင်းရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့ဟောင်းမှအပ အတော်အတန်ကြီးသည့် မြို့ဟောင်းကြီးတစ်မြို့လည်းဖြစ်သည်။ ကောင်းကင်ဓာတ်ပုံမှ ကြည့်လျှင် မြို့ဟောင်းအရာများမှာ ထင်ရှားဆဲဖြစ်သည်။ မြို့ရိုးထောင့်များသည်လည်း ကွေးဝိုင်းသည့် ထောင့်များ မပါရှိဘဲ ဆောက်လုပ်မှုပုံသဏ္ဌာန်စနစ်မှာ အလွန်ရှေးကျလှသည်ဟု မဆိုသာသော်လည်း တွေ့ရှိရသော အုတ်အမျိုးအစားမှာ လက်စင်းရာပါရှိပြီး အုတ်အတွင်းသားများတွင်လည်း စပါးခွံနှင့် ကောက်ရိုးမှျင်များပါရှိကြောင်းကို တွေ့ရသည်။

ပေါရိသတ်မြို့ဟောင်းမှ မြေမီးဖုတ်အုတ်ခွက်များကိုလည်း တွေ့ရှိခဲ့ရသည့်အပြင် ဗိသနိုးမြို့ဟောင်းတွင် တွေ့ရှိခဲ့ရသော ဗုဒ္ဓဆင်းတုတော်ပုံစံကိုလည်း ဤမြို့ဟောင်းတွင် တွေ့ရှိခဲ့ရပေသည်။ ဤသို့သောအချက်များကြောင့် ပေါရိသတ်မြို့ဟောင်းကို စာရေးသူအနေဖြင့် ပျူမြို့ဟောင်းဟု မဆိုလိုချင်ပေ။ ကျန်ရှိသောအထောက်အထားများ သိပ္ပံနည်းကျ စမ်းသပ်စစ်ဆေးမှုများအရသာလျှင် ခေတ်ကာလကို သတ်မှတ်သင့်ပေသည်။ သို့သော်လည်း ၎င်းမြို့ဟောင်းသည် ပျူမြို့တော်များနှင့် ကူးလူးဆက်သွယ်မှုတော့ရှိခဲ့နိုင်သည်ဟု တွေးထင် ယူဆမိသည်။ ပေါရိသတ်မြို့ဟောင်းကိုလည်း မြို့ဟောင်းတောင်ဘက်မြို့ရိုး၏ အပြင်ဘက်၌ ကပ်လျက် ထင်ရှားသည့် ရှေးဟောင်းစေတီကြီးတစ်ဆူဖြစ်သည့် ပေါရိသတ်စေတီကြီးကို အမှီပြု၍ မြို့ဟောင်းရာကြီးကို ပေါရိသတ်မြို့ဟောင်းဟု ခေါ်ခြင်းဖြစ်ပေသည်။

ထိုပေါရိသတ်ဘုရားကို ရှမ်းဘာသာဖြင့် မော်လီဆပ် ဝါး၊ နှီး၊ ဖျာတို့ဖြင့် ဆောက်လုပ်၍ ထုံးသုတ်၊ ထီးတော်တင်လိုက်သဖြင့် ခေါ်ဆိုခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ ခေတ်ကာလရွေ့လျောလာသဖြင့် ပေါရိသတ်ဘုရားဟုခေါ်ဆိုကြကြောင်း ဖောင်တော်ဦးစေတီသမိုင်း စာ-၄ တွင် တွေ့ရှိရပေသည်။ ပေါရိသတ်မြို့ဟောင်းတွင် ဒဏ္ဍာရီ ဆန်သော



သမိုင်းကြောင်းတော့ရှိသည်။ သို့သော်လည်း ယခုထိုသမိုင်းကြောင်းကို ရေးသားဖော်ပြမှု မပြုလိုတော့ပေ။ ကွင်းဆင်းသက်သေသည် ပိုမိုပြီး ထိရောက်သောအရာဖြစ်ပေသည်။ ပစ္စုပ္ပန်တည့်တည့်ကြည့်၍ ဖော်ပြခြင်းက စာရှုသူများကို မျက်ဝါးထင်ထင် သိမြင်စေနိုင်လိမ့်မည်ဟု ထင်မှတ်မိပါသည်။

ယခုအချိန်တွင် မြို့ဟောင်းထဲ၌ လူနေအိမ်ခြေများ၊ ဟိုတယ်များ၊ ကားလမ်းများကို များပြားစွာတွေ့ရှိ နေကြရပြီ ဖြစ်ပါသည်။ အရှေ့မြောက်ဘက် မြို့ရိုးထောင့်နှင့် တချို့နေရာတို့တွင် ကျောင်း၊ ဇရပ်၊ ရိပ်သာများ တည်ဆောက်မှုများကို တွေ့ရှိရပါသည်။ ယခုအခါတွင်တော့ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ စတင်တူးဖော်သုတေသနပြုနေပြီ ဖြစ်ပါသည်။ ရပ်ရွာ၊ မြို့နေလူထုကလည်း မိမိတို့ဒေသရှိ ရှေးမြို့ဟောင်းကြီးတစ်မြို့ တည်ရှိနေသည်ကို ရှေးဟောင်းအမွေအနှစ်နေရာဒေသတစ်ခုအနေဖြင့် သိရှိပြီး မိမိရပ်ရွာ၊ မိမိမြို့ဂုဏ်ကို ပိုမိုတိုးတက်စည်ပင်ဝပြောအောင် ထိန်းသိမ်းထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

**ပေါရိသတ်မြို့ဟောင်းကို တည်သည့်ခုနှစ်သက္ကရာဇ်နှင့် တည်သောသူတို့ကိုမပြောပြနိုင်ကြပေ။ မြို့ဟောင်းသည်မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ် တွင်တည်ရှိလေသည်။ မြောက်ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုး၏ အလျားမှာ မီတာ၂၁၅၀ (ကိုက် ၂၃၅၀) ခန့်စီရှိကြသည် . . .**

# ပူလိုက်အေးလိုက် သတိပြုစရာ ခေါင်းကိုက်ရောဂါ



**à ကြည်လွင်မြင့်(မုံရွာ)**

စာရေးသူသည် လွန်ခဲ့သည့်နှစ်နွေရာသီက ခေါင်းကိုက်ရောဂါစွဲကပ်ခဲ့သည်။ နေပူရှိန် ပြင်းနေချိန်တွင် အပြင်ထွက်လိုက်၊ လေအေးပေးစက် (aircon)ဖွင့်ထားသည့် အခန်းတွင်းသို့ ဝင်လိုက်ပြုလုပ်ရာမှ ခေါင်းကိုက်ရောဂါဖြစ်ခဲ့ခြင်းဖြစ်သည်။

တစ်ခါတစ်ရံတွင် အလုပ်ကိစ္စရှိ၍ အပြင်ထွက်သောအခါ ရာသီဥတုပူလွန်းသဖြင့် အဲကွန်းဖွင့်ထားသော မှန်လုံကားကိုစီးသည်။ တစ်နေရာသို့ရောက်သောအခါ ကားအတွင်းမှ အပြင်ထွက်ပြီး နေပူထဲတွင် ရပ် စကားပြောရသည့်အခါရှိသည်။ ပြီးလျှင် ကားအတွင်းသို့ပြန်ဝင်၊ တစ်နေရာရောက်လျှင် အပြင်ထွက်လိုက်၊ ဤသို့ဖြင့် အအေးတစ်လှည့်၊ အပူတစ်လှည့်ဖြစ်ခဲ့ရာမှ ခေါင်းကိုက်ရောဂါ ဝင်လာခြင်းဖြစ်သည်။

ခေါင်းကိုက်ဖြစ်ခါစက မျက်မှန်ဒီဂရီကြောင့်ဖြစ်သည်ထင်၍ မျက်မှန်သွားစစ်သည်။ မျက်စိအထူးကုဆရာဝန်နှင့် ပြခိုင်းသဖြင့် ပြသစစ်ဆေးမှုခံယူသည်။ မျက်စိကနီကြင်ကြင်ဖြစ်နေသည်။ မျက်ကြောအနည်းငယ်ရောင်သည်။ မျက်စဉ်းခပ်ရန်ပေးလိုက်သည်။ မျက်မှန်ကတော့ ဒီဂရီမတိုးပါ။

ဤသို့ဖြင့် တစ်ခါတစ်ရံ အကိုက်အခဲပျောက်ဆေးများသောက်ခြင်းဖြင့် ခေါင်းကိုက်ဝေဒနာမှာ သက်သာလိုက် ပြန်ပေါ်လိုက်ဖြစ်နေသည်။ အရှင်းတော့ မပျောက်ကင်းပါ။ အထူးသဖြင့် နံနက်အိပ်ရာထတွင် ခေါင်းကိုက်ခြင်းမှာ အဆိုးဆုံးဖြစ်သည်။ တစ်နေ့တာအတောအတွင်း အလုပ်များကို မစီမံနိုင်တော့။ စာရေးစာဖတ်လျှင်လည်း ခေါင်းအုံ ခေါင်းကိုက်သဖြင့် ကြာကြာအာရုံမစိုက်နိုင်ဖြစ်လာသည်။

ဤသို့ဖြင့် လချီပြီး ခေါင်းကိုက်ဝေဒနာကို ခံစားခဲ့ရသည်။

ကံကောင်းထောက်မသဖြင့် သတိရမိသည်မှာ စာရေးသူငယ်စဉ်က ကျောင်းထိုင်ဆရာတော်ဘုန်းတော်ကြီးတစ်ပါး ခေါင်းကိုက်ဝေဒနာ စွဲကပ်နေရာ မြန်မာတိုင်းရင်းဆေးဆရာကြီးတစ်ဦးက ဆရာတော်၏ ခြေဖဝါးကို ဆားပွတ်ကုသသည်ကို အမှတ်ရမိသည်။

ဆရာတော်ကို ခုတင်ပေါ်တွင် ခြေဆန့်အိပ်ခိုင်းပြီး ခုတင်ခြေရင်း၌ စဥ့်အင်တုံငယ်တွင် ဆားထည့်ထားသည်။ ဆရာတော်၏ ခြေဖဝါးကို ဆရာကြီးက ရေစိုဖတ်ဖြင့်ဦးစွာပွတ်သည်။ ထို့နောက် ခွက်ထဲမှ ဆားကြမ်းဖြင့် ခြေဖဝါးကိုပွတ်သည်။ ထို့နောက်တစ်ဖန် ရေဖတ်ဖြင့်ပွတ်ခြင်းကို တစ်လှည့်စီပြုလုပ်ပေးသည်။ နောက်ရက်များတွင်လည်း ဆရာကြီးပြခဲ့သည့်နည်းလမ်းအတိုင်း ခြေဖဝါး ဆားပွတ်ခြင်းကို ကိုရင်များ၊ ကျောင်းသားများက ပြုလုပ်ပေးကြရသည်။

ဆားပွတ်ခြင်းကို ရက်ပေါင်း(၂၀)ခန့် မှန်မှန်ပြုလုပ်ပေးခြင်းဖြင့် ဆရာတော်၏ နှစ်ကြာခေါင်းကိုက် ရောဂါဝေဒနာကြီးမှာ သက်သာပျောက်ကင်းသွားသည်ကို ပြန်လည်အမှတ်ရမိပါသည်။

စာရေးသူလည်း ဤနည်းအတိုင်း နံနက်အိပ်ရာထမျက်နှာသစ်ပြီးသည်နှင့် ရေမချိုးမီ ဆားကို ခွက်ငယ်တစ်ခုတွင်ထည့်ပြီး ခြေဖဝါးကို ဆားပွတ်ပါသည်။ ဆားကြမ်းကို အသုံးပြုပါသည်။ ထိုင်ခုံတွင် ထိုင်ပြီး ခြေဖဝါးနှစ်ဘက်ကို ရေဆွတ်ပြီးနောက် ဆားထည့်၍ ခြေဖဝါးခြင်းပွတ်ပေးလျှင် အပူများထွက်လာသလိုခံစားရပါသည်။

တစ်ခါတစ်ရံ ကိုယ်တိုင် မပွတ်နိုင်လျှင် သမီးတစ်ဦးအကူအညီဖြင့် အိပ်လျက် ခြေဆင်းပြီး ရေခွက်နှင့်ဆားခွက်ကို အဝတ်ဟောင်းတစ်ခုခင်း၍တင်ပြီး ခြေဖဝါးကို ဆားပွတ်ခိုင်းပါသည်။ ဆားပွတ်မပေးမီ ခြေဖဝါးကို ရေစိုအဝတ်ဖြင့် ဦးစွာပွတ်ပေးရပါသည်။ ထို့နောက် ဆားကြမ်းဖြင့်ပွတ်သောအခါ အပူများထွက်လာသည်ကို သိသိသာသာခံစားရပါသည်။

ဤသို့ တစ်ပတ်ခန့် ဆားပွတ်ပြီးနောက် စာရေးသူ၏ခေါင်းအုံခေါင်းကိုက် ဝေဒနာများ သက်သာလာပြီး နံနက်အိပ်ရာထချိန်တွင် မျက်စိမှ မျက်ဝတ်၊ မျက်ချေးများထွက်လာပြီး မျက်စိအမြင်မှာလည်း ယခင်ကထက် ပို၍ကြည့်ကောင်းလာသည်ကို သတိပြုမိပါသည်။

ဆားပွတ်ခြင်းအကျိုးကြောင့် ဦးခေါင်းတွင် အပူခဲ၍ခေါင်းကိုက်သောဝေဒနာသာမက မျက်စိတွင် အပူကန်ခြင်း၊ မျက်ကြောရောင်ခြင်းဝေဒနာများကိုပါ ရက်သတ္တပတ်အတွင်း သက်သာစေနိုင်သည်ကို တွေ့ရပါသည်။

ရှေးမြန်မာဆရာကြီး၏ ဆေးမစားရဘဲ မီးဖိုချောင်သုံးဆားဖြင့် ရက်ရှည်ခံစားခဲ့ရသော ခေါင်းကိုက်ဝေဒနာ သက်သာရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဆေးစားဆေးသောက်မှ ဝေဒနာ ပျောက်ကင်းလျှင် ထိုဆေး၏နောက်ဆက်တွဲဆိုးကျိုးတစ်မျိုးမျိုးကို ခံစားရစမြဲဖြစ်သည်။

ယနေ့ခေတ်တွင် ရောဂါဝေဒနာတစ်ခုဖြစ်လျှင် ထစ်ကနဲဆိုလျှင် ဆေးခန်းပြ၊ ဆေးထိုးဆေးသောက်လိုက်ရမှ ကောင်းသည်ဟု ထင်မြင်နေသူကများသည်။ သဘာဝနည်းဖြင့် ဆေးမစားရဘဲ ရောဂါပျောက်ကင်းခြင်းသည် အန္တရာယ်အကင်းဆုံးဖြစ်သည်ကို သတိပြုကြစေချင်သည်။

ခြေဖဝါးဆားပွတ်ခြင်းဖြင့် အပူအပုပ်ခိုးများ အောက်သို့ဆွဲချသောနည်းရှိသကဲ့သို့ ဆားနင်းခြင်းဖြင့်လည်း မျက်စိနှင့် ဦးနှောက်အတွင်းသို့တက်သော အပူအပုပ်ခိုးများကို ဆွဲယူသောနည်းလည်းရှိသည်။ ဆားနင်းခြင်းသည်လည်း ရေရှည်လုပ်လျှင် ထိရောက်သော ကျန်းမာရေးနည်းလမ်းကောင်းဖြစ်သည်။

ပင်လယ်ပြင်မှရေကို လယ်ကွက်ကဲ့သို့ ပြန့်ပြူးသော မြေပြင်သို့သွင်းယူပြီးနောက် နေလှန်းသောအခါ အပူရှိန်ပြင်းသဖြင့် ရေများ အငွေ့ပြန်သွားသည်။ ဆားတို့သည် ကျန်နေခဲ့သည်။ ထိုသဘာဝနေလှန်းဆားမှာ အဖြူရောင်မဟုတ်၊ ညိုညစ်ညစ်အရောင်ဖြစ်သည်။ သဘာဝဆားကို ချွတ်ဆေးသုံးပြီး ချွတ်လိုက်သောအခါမှသာ ဖြူဖွေးသောဆားကိုရသည်။ တကယ်တမ်းဆေးဖက်အဖြစ် အသုံးပြုမည်ဆိုလျှင် ချွတ်ဆေးမသုံးသော သဘာဝဆားမှာ ပို၍ဆေးဖက်ဝင်မည်ဖြစ်သည်။

ဆားသည် အပုပ်အစပ်မှန်သမျှစုဝေးသော ချောင်းမြောင်းတို့မှလာသော်လည်း အပုပ်အစပ်တို့ကို ပြန်လည်ထိန်းချုပ်ရာတွင် အရေးပါသောပစ္စည်းဖြစ်သည်။ ငါး၊ ပုစွန်စသည်များ ပုပ်သိုးပြီးအနံ့ဆိုး မထွက်စေရန်၊ အကောင်မပျက်စေရန် စီမံရာတွင် ဆားကို အသုံးပြုရသည်။ ဆားသည် အပုပ်အခိုး မှန်သမျှကို စုပ်ယူရုံသာမက ပျောက်ကွယ်သွားအောင် ချေဖျက်ပစ်နိုင်စွမ်းရှိသည်။

ရှေးလူကြီးများသည် ဆားနှင့်သွားတိုက်ကြသည်။ ဆားက ပါးစပ်အတွင်းမှ အပုပ်အစပ်များကို စုပ်ယူသွားသဖြင့် ပါးစပ်နံခြင်းကို ပျောက်ကင်းစေသည်။ ဆားရည်ဖြင့် ပလုတ်ကျင်းရုံဖြင့် သွားနာ၊ သွားဖုံးနာ၊ လည်ချောင်းနာ၊ အာခေါင်နာများ ပျောက်ကင်းစေနိုင်သည်ဟုဆိုသည်။

ဆားရည်ကို ပလုတ်ကျင်းရုံသာမက မျက်စဉ်းလည်းခတ်နိုင်သည်။ ဓာတုဗေဒဆေးရည်ဖြင့် ပြုလုပ်သော မျက်စဉ်းအမျိုးမျိုးရှိသော်လည်း ဆားရည်သည် မျက်စိနာနှင့်သင့်သည်။ မတည့်၍ ဘေးဒုက္ခပေးခြင်းမရှိပေ။ အဖျားနှင့်ညောင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းတို့ကို ဆားရည် မျက်စဉ်းခတ်ပေးလျှင် သက်သာသည်ဟု ရှေးလူကြီးများက ယူဆကြသည်။

ဆားသည် ကြွက်သားများကိုလည်း အားကောင်းစေသည်။ ချွေးထွက်များလျှင် အားကစားသမားများ ကြွက်တက်တတ်သည်။ ချွေးနှင့်အတူ ဆားဓာတ်များပါသွားသဖြင့် ကြွက်တက်ရခြင်းဖြစ်သည်။ ကြွက်တက်သည်ကို ဆားရည်ဖျော်ပြီး ချက်ချင်းတိုက်ပေးခြင်းဖြင့် ကြွက်တက်ခြင်းကို ပြေလျော့စေနိုင်သည်။ ဝမ်းသွားဖန်များလျှင်လည်း ရေဓာတ်သာမက ဆားဓာတ် ပိုဆုံးရှုံးသွားသဖြင့် ကြွက်တက်တတ်သည်။ ထို့ကြောင့် ဝမ်းသွားသူများကို အချိုရည်နှင့်ရော၍ ဓာတ်ဆားကိုပါ သွင်းပေးရသည့် ကုထုံးရှိသည်။

ဆားကိုအသုံးပြုသည့် မြန်မာ့ရိုးရာကုထုံးအများအပြားရှိရာ ဆားကြပ်ထုပ်ထိုးခြင်းသည်လည်း ထိခိုက်ဒဏ်ရာများနှင့် အရိုး၊ အကြော၊ အဆစ်များရောင်ခြင်း၊ တင်းခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။ မီးဖိုချောင်သုံးဟင်းခတ်ဆားသည် သုံးတတ်လျှင် ဆေးဖက်ဝင်ကြောင်း တင်ပြလိုက်ရပေသည်။



## ဆားပွတ်ခြင်းအကျိုးကြောင့် ဦးခေါင်းတွင် အပူခဲ၍ ခေါင်းကိုက်သောဝေဒနာသာမက မျက်စိတွင် အပူကန်ခြင်း၊မျက်ကြော. . .


Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
THE FIRST-EVER BMW EXPO.
12-15 May 2016 | Myanmar Event Park | Yangon
THE NEXT 100 YEARS
The new BMW M3 Sedan
BMW Jump and Trial Show
The all-new BMW X6
BMW xDRIVE
BMW xDrive Experience
BMW Kids Course
BMW i8 Remote Control Track
ကြိုတင်လက်မှတ်များကို BMW Showroom နှင့် City Mart ဆိုင်ခွဲများတွင် ဝယ်ယူနိုင်ပါသည်။
Hotline: 01- 230 6133 (၁၀ နှစ်အောက်ကလေးများ ဝင်ကြေးလက်မှတ် မလိုပါ။)
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မေလ၊ ဇူလိုင် (၆၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မေလ (၇-၈)ရက်များတွင် ၆၁-ကြိမ်မြောက် ဦးရေ (၇၆၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည့်သာယာ၊ ရှင်ကင်း။ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေငွေဂိုဏ်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဦးလှမြင့်** အင်္ဂလိပ်စာ၊ ဝကား၊ သင်္ချာ နှင့်အရေးသင်တန်းများ လစဉ် ပုံမှန်သင်တန်းရှိသည်

(၄၊၅၊၆၊၇၊၈)တန်းပုံမှန် | မူ၊ လယ်၊ အထက်တန်း
အင်္ဂလိပ်၊ သင်္ချာ | ဆရာဖြစ်သင်တန်း

၁၅၁၊ ၃၈-လမ်း(လယ်)၊ ကျောက်တံတား။ ၀၉-၄၂၁၇၁၇၆၈၉

၁၉၈၀မှစ၍ဆရာ/မ၊ အရာရှိဖြစ် သူများလေ့ကျင့်အောင်သော ဆုံမည်မဟုတ်
ပါမောက္ခ(ငြိမ်း) SH မြင့်သူထက် VU ဝါရင့်ဆရာ/မများ
အဝေးသင်တက္ကသိုလ် အထောက်အကူပြု
အတန်းစုံ၊ မေဂျာစုံ ၈၊၉၊၁၀တန်း နေ့တက် ဝိုင်း လက်ခံနေပြီ
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။ ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

**Y.E.S.** Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30 am 16,30 May
Mon to Thurs-10:00-12:00am 16 May
Mon to Thurs-3:00-5:00 pm 16,30 May
Sat & Sun - 9:00-12:00 am 21 May
Mon to Thurs-1:00-3:00pm 23 May
Mon to Thurs-5:30-7:00pm 23 May

**Grammar Foundation Course**
Mon to Thurs - 10:00-12:00am 16 May

**Vocabulary Enrichment Course**
Sat & Sun 10:00-12:00am 28 May

**Structure & Written Expression**
Sat & Sun - 12:30-3:30 pm 21 May
Mon toThurs 5:30-7:00pm 16 May

**Intermediate English**
Mon to Thurs-1:00-3:00pm 30 May

**Academic Preparation For IELTS (API)**
Mon to Thurs-10:30-12:30am 30 May

**SAT** Mon to Thurs -3:30-5:00pm 30 May
**IELTS**(Foundation) Mon to Thurs 5:30to7pm 30 May
**IELTS**(Test Practice) San&Sun 10:30to12:30am 28May
**IELTS(Speaking)** San&Sun 1:00to3:30pm 28May

**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 28 May

**NEW SAT** Sat & Sun -5:00-7:00pm 28May

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910






**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold

**ACCA(UK)**
**Part I,II,III & Dip IFR**
For July 2016 Intake
Enrol Now

အမှတ် - (၁၈ , 3A ~ 6 B) ဦးထွန်းလင်းခြံလမ်း (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၃၇၊ ၀၁ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၈၂၅၁၅၃၀၆၊ ၀၉ ၇၈၂၅၁၅၃၀၇
တာမွေကျောင်း - ၀၁-၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၃၀၃၊ ၀၉၉၆၁၆၅၅၁၅၅

**EVER UP HUMAN RESOURCES INSTITUTE**
ပထမဦးဆုံးဘာသာစုံဂုဏ်ထူးရှင်နှင့် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ မွေးထုတ်ပေးထားသော
abe-UK အသိအမှတ်ပြု College

abe Accredited Centre

EVER UP HUMAN RESOURCES INSTITUTE

**UK Qualifications:**
- (၁၀) တန်းဖြေဆိုထားသူများ၊ အသက် ၁၆ နှစ်ပြည့်ပြီးသူများအတွက် Double Diploma
  Diploma in Business Management (QCF Level-4)
  Diploma in Marketing Management (QCF Level-4)
- မြန်မာပြည်တက္ကသိုလ်များတွင် တက်ရောက်နေသူများ၊ လုပ်သက် (၂) နှစ်ရှိသူများအတွက်
  Diploma in Business Management (QCF Level-5)
- ဘွဲ့ရပြီးသူများ၊ မန်နေဂျာများအတွက်
  Diploma in Business Management (QCF Level-6)
  Diploma in Human Resource Management (QCF Level-6)
  Diploma in Financial Management (QCF Level-6)

Myanmar University Students / 10th Standard / Executives → ABE UK Diplomas → MBA / M.Sc / Final Year of U.K Degrees / Manager & Entrepreneur

၁၀ တန်းဖြေဆိုထားသူများအတွက် SCHOLARSHIP ရှိသည်။





လုပ်သက် (၁၅) နှစ်ကျော်ရှိပြီး Asutralia, U.K, India, Thailand နိုင်ငံများ၏ မဟာဘွဲ့ (M.A, M.Sc., M.B.A) ရရှိခဲ့သည့် ဆရာ၊ ဆရာမ (၁၃) ဦးမှ တာဝန်ယူသင်ကြားပေးနေပါသည်။

ကျောင်းအပ်လက်ခံနေပြီ။ အတန်းသစ်များ ၂၀၁၆ ဇွန်လတွင် စမည်။ မေလ (၁၅) ရက်နေ့မတိုင်မီ ကျောင်းအပ်ပါက 30% Discount ရှိသည်။ တနင်္လာနေ့တိုင်း ရုံးပိတ်သည်။

ရာထူးမြင့်တယ် ... လစာကောင်းမယ် ...
UK Management Diploma ဆိုရင် ... abe ကို ရွေးမယ်... EVER UP မှာ တက်တယ် ...

Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon, Myanmar.
Facebook : www.facebook.com/everup33.HRI, E-mail : info@everup33.com

01-256523
09 73175137




**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဝင်းထွန်းဦး (၁၂/သလန(နိုင်)၀၇၇၀၅၄)၏ သီလဝါအစုရှယ်ယာ ID နံပါတ် ၃၁၉၄၊ အစုရှယ်ယာအရေအတွက် ၂၅၀ နှင့် ဦးတင်ထွေး (၁၂/သလန(နိုင်)၀၁၉၆၀၂) ၏ သီလဝါအစုရှယ်ယာ ID နံပါတ် ၁၄၉၄၊ အစုရှယ်ယာအရေအတွက် ၅၀၅ တို့မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၁၀၆၄၆၈

**သာလွန်ကျော်**
ဒဂုံမြို့သစ်(၄)မြို့နယ်ရှိ
မြေကွက်များဈေးကောင်း
ပေးဝယ်ပါသည်။
Ph:09-20780797
09-254285314







မြန်မာနိုင်ငံတွင် စက်တပ်ယာဉ်များ အန္တရာယ်ကင်းစွာ
လှုပ်ရှားသွားလာနိုင်ရေး ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
ဘော့ရှ်သည် အရည်အသွေးယုံကြည်စိတ်ချရမှုနှင့် ဆန်းသစ်တီထွင်ထားသော
နည်းပညာတို့ဖြင့် ဂုဏ်ယူဂင့်ကြွားနိုင်သည့် မော်တော်ယာဉ်ဆိုင်ရာစက်ပစ္စည်းများကို
ထုတ်လုပ်ခဲ့ပါသည်။ မှန်သုတ်တံ၊ spark plugs နှင့် ဘက်ထရီများသည်
သင်၏မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ လှုပ်ရှားသွားလာနိုင်ရန် ကူညီပံ့ပိုးပေးပါသည်။
ကျွန်ုပ်တို့တီထွင်ထားသော စက်မှုနည်းပညာများသည် လူနေမှုဘဝများခေတ်မီတိုးတက်
ပြောင်းလဲစေရန် ကူညီပံ့ပိုးပေးပါသည်။
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ




# BRT Lite ဘတ်စ်ကားလမ်းကြောင်း ထပ်မံရောက်ရှိမည့် ကားများဖြင့် တိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့တွင် အများပြည်သူအခြေပြု BRT Lite စနစ်ဖြင့် ယာဉ်လိုင်းပြေးဆွဲလျက်ရှိရာတွင် ယခုလနှင့် ဇွန်လအတွင်း ထပ်မံရောက်ရှိလာမည့် ကားအသစ်များဖြင့် လက်ရှိပြေးဆွဲနေသော လမ်းကြောင်းနှစ်ခုတွင် ယာဉ်အစီးရေ ထပ်မံတိုးချဲ့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်က စတင်ပြေးဆွဲခဲ့သည့် BRT Lite စနစ် ဘတ်စ်ကားပြေးဆွဲမှုတွင် အများပြည်သူ ကြိုက်နှစ်သက်လက်ခံမှုများပြီး ယာဉ်အစီးရေနှင့် လမ်းကြောင်းတိုးချဲ့ ပြေးဆွဲပေးရန် တောင်းဆိုမှုများရှိရာ ယခုလအတွင်း ယာဉ်အသစ် ၁၂ စီး ရောက်ရှိလာမည်ဖြစ်ပြီး ထပ်မံရောက်ရှိလာမည့် ယာဉ်အသစ်များဖြင့် လက်ရှိလမ်းကြောင်း(၁)ဖြစ်သည့် ထောက်ကြန့်-ပြည်လမ်း ခရီးစဉ်လမ်းကြောင်းနှင့် လမ်းကြောင်း(၂) ဖြစ်သည့် ထောက်ကြန့်- ကမ္ဘာအေးဘုရားလမ်း ခရီးစဉ်လမ်းကြောင်းတွင် ယာဉ်အစီးရေ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။

"ခရီးသည်တွေကော ကျောင်းသားကျောင်းသူတွေကော လမ်းကြောင်းသစ် ပြေးဆွဲပေးဖို့ တောင်းဆိုတာတွေရှိပါတယ်။ ဒါပေမယ့် လက်ရှိလမ်းကြောင်း(၁)နဲ့ (၂)ကို ကားတွေထပ်မံ တိုးချဲ့ ပြေးဆွဲဖို့ရှိပါတယ်။ ဒီလမ်းကြောင်းတွေမှာတင် လိုအပ်ချက်တွေရှိနေပါတယ်။ အထူးသဖြင့် ရုံးတက်၊ ရုံးဆင်းချိန်တွေမှာပါ။ နေ့ခင်းပိုင်းတွေမှာ ခရီးသည်အလွန်နည်းတဲ့အတွက် အဓိကလူများတဲ့ ရုံးတက်၊ ရုံးဆင်းချိန်တွေကို ပြေးဆွဲပေးနိုင်ဖို့လုပ်နေပါတယ်။ ဆရာတို့က ရင်းနှီးမြုပ်နှံငွေတွေရှိတဲ့အတွက် နောက်ပိုင်းမှာ လိုအပ်တဲ့လမ်းကြောင်းတွေကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

# မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် အလှမယ်များရွေးချယ်



**ရန်ကုန် မေ ၆**

(၆၆) ကြိမ်မြောက် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်အတွက် Miss Myanmar World (MMW) ဆန်ခါတင်အလှမယ် ၂၀ ရွေးချယ်ပေးသည့် အခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၂ နာရီမှစတင်ကာ ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပခဲ့သည်။

ရွေးချယ်ခံရသည့် အလှမယ် ၂၀ မှာ နံပါတ်စဉ်လိုက် ခင်စန္ဒာကြည်၊ Bella၊ ရွှေအိမ်စည်၊ မိုးမြင့်သူခမ်း၊ M ဂျာဆိုင်း၊ နီနီမင်းသူ၊ ပိုးစန္ဒာခင်၊ သဒ္ဓါမာရီယာ၊ လရိပ်ပြာ၊ ထရေစီ၊ လုလုဆိုင်းမိုင်၊ မြတ်မွန်ရည်(ခ) Pinky May၊ ရွှန်းလဲ့ရတီ၊ သဥ္ဇာကျော်၊ ဇွန်သဇင်သဲ၊ ထွန်းပုလဲရတနာ၊ Seng Ja Htun၊ လဲ့ယမင်းဦး၊ ဂျယ်လီနှင့် ရွှန်းယမုံ တို့ဖြစ်သည်။ ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံတစ်ဝန်းမှ လျှောက်ထားသူ ၉၀ ရှိခဲ့ပြီး ဧပြီ ၂၉ ရက်မှ မတ် ၃ ရက်ထိ Myanmar Event Park တွင် လူတွေ့စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဆေးပညာဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်ကာ ပြိုင်ပွဲဝင်အလှမယ် ၅၀ ကို စိစစ်ရွေးချယ်ခဲ့သည်။ ယင်းအလှမယ် ၅၀ ထဲမှ ယနေ့တွင် ဆန်ခါတင် အလှမယ် ၂၀ ကို ဒုတိယအကြိမ်အဖြစ် ထပ်မံစိစစ် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

MMW အဖွဲ့အစည်းသည် ရွေးချယ်ခံရသည့် အလှမယ်များအတွက် အလှအပဆိုင်ရာသင်တန်းများ၊ ပင်ကိုစွမ်းရည်ပြပွဲများ၊ မော်ဒယ်လမ်းလျှောက်နည်းများကို ပြပွဲဒါရိုက်တာ Mr.Brain Jeremiah က သင်ကြားပြသပေးမည့်အပြင်၊ ပြိုင်ပွဲဝင်များသည် အလှဓာတ်ပုံရိုက်ကူးခြင်းများနှင့် လူမှုအကျိုးပြုလုပ်ရှားမှုများကိုပါ ပြုလုပ်သွားရမည်ဖြစ်သည်။

ထို့ပြင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချင်းမိုင်မြို့တို့သို့ သွားရောက်ရမည့် ခရီးစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



## 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၇ - ၅ - ၂၀၁၆ မှ ၁၃ - ၅ - ၂၀၁၆ အထိ)

4TV Vol.1 No-67

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။


မြန်မာပြည်အနှံ့ ကြည့်နိုင်ပြီ
4TV DTH ၂ ပေ စလောင်းနှင့် ရုပ်သံဖမ်းစက်
အရည်အသွေးမြင့်ရုပ်သံလိုင်းပေါင်းများစွာ ဖမ်းယူကြည့်ရှုနိုင်သည်

# 4TV အထူးပရိုမိုးရှင်း

MAY 31 အထိသာ

**ရုပ်သံဖမ်းစက်**
~~၄၅၀၀၀~~ ၂၄၀၀၀ ကျပ်
၁လ အခမဲ့ ကြည့်ရှုခွင့်

**၂ပေ စလောင်း**
~~၁၆၀၀၀~~ ၉၀၀၀ ကျပ်




အရည်အသွေးမြင့် ရုပ်သံလိုင်းပေါင်းများစွာ ဖမ်းယူကြည့်ရှုနိုင်သည်

အရည်အသွေးမြင့် ရုပ်သံလိုင်းပေါင်းများစွာ ပါဝင်သော

# 4TV HD PACKAGE

| | | ကျသင့်မည့်ငွေ |
|---|---|---|
| ၁ လ | သက်တမ်းတိုးလျှင် | ၈,၉၀၀ ကျပ် + (5% Tax) |
| ၃ လ | သက်တမ်းတိုးလျှင် ၁ လ အခမဲ့ ကြည့်ရှုခွင့် | ၂၆,၇၀၀ ကျပ် + (5% Tax) |
| ၈ လ | သက်တမ်းတိုးလျှင် ၄ လ အခမဲ့ ကြည့်ရှုခွင့် | ၇၁,၂၀၀ ကျပ် + (5% Tax) |

**4TV HD** ရုပ်သံလိုင်းများကို **4TV** အရောင်းပြခန်းများနှင့် **4TV** အရောင်းကိုယ်စားလှယ်ဆိုင်ခွဲများ၊ **CB Bank, AYA Bank** နှင့် **MAB Bank Mobile Banking** တွင် ဝယ်ယူသက်တမ်းတိုးနိုင်ပါသည်။

4TV ရုပ်သံဖမ်းစက်များအား 4TV အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် City Mart ဆိုင်များနှင့် Ocean Ocean Super Market များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

**HOTLINE 01-2306166** www.facebook.com/4tvmyanmar

4TV

AYA Bank
ရာဝတီဘဏ်
Your Trusted Partner

# 4TV ကို AYA Bank ဖြင့် သက်တမ်းတိုးနိုင်ပါပြီ




4TV Hotline- 01-2306166
www.facebook.com/4tvmyanmar
AYA Call Center- +959 420 055 582
www.facebook.com/ayabank

4TV အရည်အသွေးမြင့် ရုပ်သံလိုင်းများကို 4-April 2016 မှစတင်၍ AYA Bank Mobile Banking ဖြင့် သက်တမ်းတိုး ဝယ်ယူကြည့်ရှုနိုင်ပါပြီ။ 4TCustomer များ သည် AYA ဘဏ် Account ရှိရပါမည်။
AYA ဘဏ် Account မရှိသူများအတွက်နီးစပ်ရာ AYA ဘဏ်ခွဲများတွင် သွားရောက်၍ သက်တမ်းတိုးနိုင်ပါပြီ။

## 4TV ၏ တစ်ပတ်တာ ကြည့်ဖွယ်ရာ အစီအစဉ်ကောင်းများ

(၇-၅-၂၀၁၆ မှ ၁၃-၅-၂၀၁၆ အထိ)

**High Definition ရုပ်သံလိုင်းများ** — MRTV-4 HD, Channel 7 HD, Nat Geo Wild HD, National Geographic Channel HD, HBO HD, Fox HD, Fox Movies HD, Fox Action Movies HD, Star World HD, M HD, 4 HD, 4 Ladies

**ရုပ်ရှင် ရုပ်သံလိုင်းများ** — Fox Movies Premium, HBO, Fox Family Movies, FOXCRIME, CCTV 中文台, Cinemax, 4 Cinema 2, 4 Cinema, 4 Drama, 5 Special, 5 Series, 5 သုခုမ, 5 Movies

### ၇-၅-၂၀၁၆ (စနေနေ့)

**Fox Action Movies** — 08:30 PM Mirrors



**For Cinema** — 08:35 PM Dragonheart 3: The Sorcerer's Curse




**For CINEMA 2**
- 01:11 PM ဝွတ်ရှယ်သမက် — နေတိုး၊ ရန်အောင်၊ ရဲအောင်၊ ကျော်ကျော်ဗို၊ မိုးဟေကို၊ စိုးပြည့်သဇင်၊ မေသဉ္ဇာဦး၊ စိုးမိုးကြည်
- 03:44 PM ကျွန်တော့်ယောက္ခမခွကျကျ — ကျော်ရဲအောင်၊ ဖြိုးငွေစိုး၊ မယ်လိုဒီ
- 05:46 PM နှင်းဆီနက္ခတ် — လူမင်း၊ အိန္ဒြာကျော်ဇင်
- 07:55 PM ရင်တွင်းစကား — ဒွေး၊ စိုးမြတ်သူဇာ
- 10:16 PM ဝမ်းဝမ်းသရေ — ဇေရဲထက်၊ မိုးယုစံ

### ၈-၅-၂၀၁၆ (တနင်္ဂနွေနေ့)

**4 HD** — 05:00 PM Billy Elliot




**5 သုခုမ** — 08:17 PM အချစ်ကျိုင်



**For CINEMA 2**
- 01:15 PM မှုပိုင်ချစ်သူ — ကျော်သူ၊ မေသန်းနု
- 03:12 PM သစ်ခက်ချစ်သောငါး — မင်းသွေး၊ ရဲအောင်၊ မိုးယုစံ
- 04:25 PM မစဉ်းစားနဲ့ချစ်လိုက် — ပြေတီဦး၊ နိုင်သင်းကြည်၊ နဝရတ်

**5 သုခုမ**
- 03:56 PM အမေနှင့်သမီးများ — ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ နိုင်သင်းကြည်၊ သက်မွန်မြင့်၊ စန္ဒီမြင့်လွင်)

### ၉-၅-၂၀၁၆ (တနင်္လာနေ့)

**HBO HD** — 07:15 PM Game of The Thrones (New Episode)



**Fox Movies** — 03:40 PM Maggie




**For CINEMA 2**
- 02:06 PM သူကြီးသမက်ဖိုးကွက် — နေမျိုးအောင်၊ ဆုပန်ထွာ
- 03:45 PM မော်ဒယ်မိဂျမ်း — မင်းဟိတ်၊ သားညီ၊ နဝရတ်

**5 သုခုမ**
- 11:40 AM အမေ့ခြေရာ — ဒွေး၊ မေသန်းနု

### ၁၀-၅-၂၀၁၆ (အင်္ဂါနေ့)

**M HD** — 06:30 PM Misaeng: The Incomplete



**5 Movies** — 09:50 PM Poker Night




**For CINEMA 2**
- 06:30 PM ကတ်သီးကတ်သတ်ကိုမောင်မှတ် — နေထူးနိုင်၊ လှအဉ္ဇလီတင့်
- 08:17 PM သွေးရင့်ရင့်အမုန်း — ကျော်ရဲအောင်၊ ချစ်သုဝေ

**5 သုခုမ**
- 05:06 PM အချစ်စစ်သာပေးပါ — အောင်ရဲလင်း၊ စံရတီမိုးမြင့်

### ၁၁-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

**4 HD** — 07:00 PM No Escape



**Fox Movies** — 11:50 AM Tracers




**For CINEMA 2**
- 01:56 PM မျက်ဝန်းစကားထာ — မင်းသွေး၊ မယ်လိုဒီ
- 03:56 PM မုန်တိုင်းရင်ခွင် — ထူးခန့်ကျော်၊ ဇော်ဝမ်း၊ ပန်းဖြူ

**5 သုခုမ**
- 01:55 PM ပွိုင်စင် — ဟိန်းဝေယံ၊ စိုးပြည့်သဇင်

### ၁၂-၅-၂၀၁၆ (ကြာသပတေးနေ့)

**Fox Action Movies** — 02:50 PM A Dark Truth



**For Cinema** — 08:05 PM Red Lights



**For CINEMA 2**
- 01:47 PM အဖြူရောင်အတ္တ — မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်
- 04:07 PM ဓားပြေ — ထူးခန့်ကျော်၊ မောစ်၊ ချစ်စနိုးဦး
- 06:20 PM ချစ်ခြင်း၏အခြားမဲ့၌ — နေယံ၊ စိုးမြတ်နန္ဒာ၊ မေသက်နိုင်
- 08:18 PM ဘဝဆက်တိုင်း — လွင်မိုး၊ နဝရတ်

### ၁၃-၅-၂၀၁၆ (သောကြာနေ့)

**HBO HD** — 12:20 PM November Man




**5 Movies** — 07:50 PM Demonic




**For CINEMA 2**
- 01:33 PM နှင်းဆီစီးချင်း — မြင့်မြတ်၊ နဝရတ်၊ မိုးပြည့်ပြည့်မောင်
- 03:54 PM ဟင်းနော်ချစ်လိုက်မယ် — ရော၊ ချစ်ဖွယ်
- 05:48 PM ချစ်ခြင်းဖွဲ့သံစဉ် — ရန်အောင်၊ နေယံ၊ စိုးပြည့်သဇင်
- 07:53 PM ကံကြမ္မာစေညွှန်ရာ — ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာ

www.facebook.com/4tvmyanmar     ဆက်သွယ်ရန် : 01- 2306166

## 4TV ၏ တစ်ပတ်တာကြည့်ရှုရမည့် အစီအစဉ်ကောင်းများ

(၇ - ၅ - ၂၀၁၆ မှ ၁၃ - ၅ - ၂၀၁၆ အထိ)

အားကစားရုပ်သံလိုင်းများ | သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ | ဖျော်ဖြေရေး ရုပ်သံလိုင်းများ

**Fox Sports 2**
02:00 PM Track & Field IAAF World Race Walking Team Championship 2016



08:30 PM Bering Sea Gold 5 Episode 1 — Discovery Channel




08:30 PM The Catch — Star World




**Fight Sports**
06:00 AM HBO Live Boxing Saul (Canelo) Alvarez Vs Amir Khan




05:30 PM City Chase Rome — Nat Geo People



06:00 PM Wolf Children




**Fox Sports HD**
00:30 AM UFC on Fox Sports Overeem Vs Arlovski (LIVE)




09:30 PM Genius ; Electricity: Tesla vs Edison — History



02:29 PM Tangled — for KIDS




**Fox Sports 2**
05:30 AM MLB Regular Season 2016 Kansas City Royals Vs NY Yankees (LIVE)



Animal Planet
12:50 PM Yankee Jungle 2 Match Made In Maine




National Geographic Channel
09:30 PM Locked Up Abroad : Daredevil Drug Runner



05:00 PM Danger Mouse




**Fox Sports 3**
09:00 PM World Championship Kickboxing :Mike Lemaire Vs Shamir Garcia

**Fox Sports**
11:30 AM Tennis:Roland Garros 2015 Highlights

08:30 PM Nicole & Jionni's Shore Flip (S1) — fyi,




04:30 PM Globe Trekker: Around The World — TLC



**Fox Sports 3 HD**
09:00 PM ONE Championship: Clash Of Heroes (Malaysia)

**Fight Sports**
06:30 PM FIGHT SPORTS MMA Live :EFC 49 Weigh-In

08:25 PM Cursed: The Bell Witch — crime & investigation network




02:45 PM Candidly Nicole — Star World



**Fox Sports 2 HD**
02:25 PM Auto Racing F1® 2016: Pirelli Spanish Grand Prix: Practice (LIVE)



04:30 PM Chasing Monsters (S1) — History



10:15 AM ခေတ်သစ်ပျိုမေ (Live) — MRTV-4



# 4TV ၏နှစ်သစ်ကူးသင်္ကြန်အထူးအစီအစဉ်ကောင်းများ (၇-၅-၂၀၁၆ မှ ၁၃-၅-၂၀၁၆ အထိ)

## AFC အုပ်စုနောက်ဆုံးပွဲစဉ်များ




### AFC Cup 2016 Match (6)

| Date | Time | Home Team | Vs Away Team | Venue |
|---|---|---|---|---|
| 11.5.2016 | 5:30 PM | Yangon United FC | Vs Maziya FC | Y.T.C |
| 11.5.2016 | 7:15 PM | Lao Toyota FC | Vs Ayeyawaddy Unitd FC | Laos |

အာရှတိုက်ရဲ့ ကလပ်အသင်းအဆင့်ပြိုင်ပွဲတွေထဲမှာ ဒုတိယအဆင့်အမြင့်ဆုံးပြိုင်ပွဲ ဖြစ်တဲ့ AFC Cup ပြိုင်ပွဲကိုမြန်မာနေရှင်လီဂ်ကလပ်(၂)သင်းပါဝင်ယှဉ်ပြိုင်နေတာဖြစ်ပါ တယ်။ လက်ရှိပွဲစဉ်(၅)ပွဲထိကစားပြီးချိန်မှာ မြန်မာနေရှင်နယ်လီဂ်မှာ(၂)သင်းစလုံးနောက်တစ်ဆင့်ကို တက်ဖို့မသေချာသေးပဲ Ayeyawady United အသင်းက အုပ်စုအဆင့်မှ လှည့်ပြန်ဖို့သေချာနေပြီ ဖြစ်ပါတယ်။ Ayeyawady United အသင်းဟာ ပွဲစဉ်(၅)ပွဲကစားထား ရာမှာ Lao Totota တစ်သင်းသာ အိမ်ကွင်းမှာ(၄)ဂိုး၊(၂)ဂိုးနဲ့ အနိုင်ရရှိ ခဲ့ပြီး ကျန်ပွဲစဉ်(၄)ပွဲစလုံးရှုံးနိမ့်ခဲ့တာဖြစ်ပါ တယ်။ လက်ရှိမှာ အုပ်စုတွင်းရမှတ် (၃)မှတ်နဲ့ အဆင့်(၂)နေရာမှာ Bengaluru အသင်းနဲ့(၆)မှတ်ထိကွာဟနေ တာဖြစ်ပါတယ်။နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ Lao Totota အသင်းနဲ့အဝေးကွင်းပွဲစဉ်ရလဒ်ဟာ နောက်တစ်ဆင့်တက်ဖို့အရေးမပါတော့ပဲ အဆင့်(၃)နေရာမှာရပ်တည်နိုင်ဖို့သာကြိုးစားရတော့မှာ ဖြစ်ပါတယ်။

Yangon United အသင်းပါဝင်တဲ့ အုပ်စု(G)မှာတော့ Mohun Bagan အသင်းကရမှတ်(၁၁) မှတ်နဲ့အဆင့်(၁)နေရာမှာရပ်တည်နေပြီး South China အသင်းကရမှတ်(၆)မှတ်နဲ့အဆင့်(၂)၊ Yangon United အသင်းနဲ့ Maziya အသင်းကရမှတ်(၅)မှတ်စီနဲ့အ ဆင့်(၃)နဲ့အဆင့်(၄)နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။ Yangon United အသင်းဟာ အုပ်စုနောက်ဆုံးပွဲစဉ်မှာ Maziya အသင်းကို အိမ်ကွင်းမှာလက်ခံကစားရမှာဖြစ်ပါတယ်။နောက်တစ်ဆင့်ကိုတက်ရောက်ဖို့ဆိုရင် အဲဒီပွဲစဉ်မှာ မဖြစ်မနေ အနိုင်ရရှိဖို့လိုအပ်နေသလို Mohun Bagan နဲ့ South China တို့ပွဲစဉ်မှာ South China အသင်းအနိုင်မရရှိမှလည်း အဆင့်(၂)နေရာနဲ့နောက် တစ်ဆင့်ကို တက်ရောက်နိုင်မှာဖြစ်ပါတယ်။

crime &investigation network

## 48 Hours Mystery : S-6

**7:30 PM, May 15, 2016 (Sunday)**




48 Hours က လူသားရဲ့အတွေ့အကြုံ နယ်ပယ်စုံထဲက စိတ်ဝင်စားစရာအကောင်းဆုံး မှုခင်းဖြစ်ရပ်တွေကို စူးစမ်းလေ့လာအဖြေ ထုတ်ထားတာပါ။ အပတ်စဉ် စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်ရပ်တွေကို နက်နက်နဲနဲစေ့စေ့စပ်စပ် တင်ပြသွားမှာ ဖြစ်ပါတယ်။ မှားယွင်းပြစ်ဒဏ်ခံရသူတွေ အပြစ်မရှိကြောင်းကြေညာမှု၊ မဖြေရှင်းနိုင်ခဲ့တဲ့ မှုခင်းတွေကို ပြန်လည်အမှုဖွင့်ပြီးဖြေရှင်းမှု၊ ဒီအတွက်ဘဝတွေ အပြောင်း အလဲဖြစ်လာမှုတွေကို မှုရင်းအစီရင်ခံစာတင်သွင်းပုံ၊ ထိရောက်တဲ့ စာနယ်ဇင်းအတတ်ပညာတွေကို တင်ပြထားပါတယ်။




## Player's Life

SPORTS

**(7:00 PM, 13th May 2016 , FRI)**



ဒီအစီအစဉ်မှာ ပြည်တွင်းစစ်ဘေးကြောင့် မွဲတေလေး လူမှုဝန်ထမ်းကျောင်း တစ်ကျောင်းကို ရောက်ရှိခဲ့ပြီး တင်းနစ်ကစားနည်းမှာ မြန်မာ့ လက်ရွေးစင်တင်းနစ် ကစား သမားတစ်ဦး ဖြစ်လာခဲ့သော အောင်ကျော်နိုင်အကြောင်းကို တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။ ငယ်စဉ်ကစစ်ဘေးကြောင့် ရှောင်ပြေးခဲ့ရတဲ့ နမ့်ဆန်ဒေသမှ လူငယ်တွေကို တင်းနစ်ကစားနည်းကို သင်ကြားပေးနေတဲ့ မြန်မာ့လက်ရွေးစင်တင်းနစ်အားကစားသမား အောင်ကျော်နိုင်ရဲ့ အစီအစဉ်ကို တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။

## Historical Sports Man

SPORTS

**(6:30 PM, 12th May 2016 , THU)**



ဒီတစ်ပတ်မှာ ပိုက်ကျော်ခြင်း အားကစားကနေ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များစွာရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ လက်ရွေးစင်ကစားသမားဇော်ဇော်အောင်ရဲ့ ကစားသမားဘဝရရှိခဲ့တဲ့အောင်မြင်မှုတွေ၊ အမှတ်တရတွေ၊ လက်ရှိ အားကစားလှုပ်ရှားမှုတွေအကြောင်းကို တင်ဆက်ပေး သွားမှာပဲ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို for SPORTS ရုပ်သံလိုင်းကနေ မေလ ၁၂ ရက်၊ ကြာသပတေးနေ့ ညနေ (၆း၃၀) နာရီမှာထုတ်လွှင့်ပြသပေးသွားမှာဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။







မေလအတွင်း အပတ်စဉ်စနေနေ့ နှင့် တနင်္ဂနွေနေ့တွင်စောင့်မျှော်ကြည့်ရှုနိုင်ပါသည်။

## FOREVER GROUP 4TV တွင်တာဝန်ထမ်းဆောင်ရန် အလုပ်အကိုင်အခွင့်အလမ်းများ

4TV သည် Forever Group Company ၏ အခွဲတစ်ခုဖြစ်ပြီး အရည်အသွေး ကောင်းမွန်သော ပြည်တွင်း၊ ပြည်ပရုပ်သံလိုင်းပေါင်းများစွာကို ထုတ်လွှင့်ပြသနေသော အခပေး ရုပ်သံလိုင်း ထုတ်လွှင့်သူဖြစ်ပါသည်။

### 4TV အရောင်းဝန်ထမ်း (Sales)
**Vacancy** (ရန်ကုန်မြို့) ၉ ဦး (အမျိုးသားသို့မဟုတ် အမျိုးသမီး)

**Job Description**
- 4TV စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ရုပ်သံလိုင်းများ ရှင်းလင်းရောင်းချပေးခြင်း။
- အရောင်းနှင့် ပတ်သက်သောလုပ်ငန်းစဉ်များကိုလုပ်ဆောင်ရန်။
- Customer ၏ မေးခွန်းများနှင့် ပြဿနာများကိုဖြေရှင်းရန်။

**Job Requirements**
- ဘွဲ့ရ
- 4TV ကိုအထူးစိတ်ဝင်စားသူကိုဦးစားပေးမည်။
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ၊ ရုပ်ရည်သန့်ပြန့်သူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- Microsoft office (Word, Excel), Email ကောင်းမွန်စွာအသုံးပြုတတ်သူ

### 4TV Service Technician
**Vacancy** (ရန်ကုန်မြို့) ၁၀ဦး (အမျိုးသား)

**Job Description**
- 4TVစက်များကို သရုပ်ပြတပ်ဆင်၍ ရှင်းလင်းပြောပြပေးခြင်း။
- 4TVစက်များကို အိမ်တိုင်ရာရောက် လိုက်လံတပ်ဆင်ပေးခြင်း။
- 4TV customers များ၏ အဆင်မပြေမှုများကို Service Center, 4TV Showrooms များမှ တဆင့် အဆင်ပြေသည်အထိဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် အိမ်တိုင်ရာရောက်လိုက်လံဖြေရှင်းပေးခြင်း။

**Job Requirements**
- အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်
- အင်တာနာနှင့် စလောင်းလုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ
- နယ်ခရီးမကြာခဏသွားနိုင်သူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ

### 4TV Call Center ဝန်ထမ်း (4TV Call Center Staff)
**Vacancy** (ရန်ကုန်မြို့) ၉ ဦး(အမျိုးသားသို့မဟုတ် အမျိုးသမီး)

**Job Description**
- 4TV နှင့် ပတ်သက်သောမေးခွန်းများ၊ အကြောင်းအရာများကိုယဉ်ကျေးပြေပြစ်မှန်ကန်စွာ ပြန်လည်ဖြေကြားဖြေရှင်းပေးရန်။
- လိုအပ်သောအချက်အလက်များကို customers တို့အားဖုန်းဆက်အကြောင်းကြားပေးရန်။

**Job Requirements**
- အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- Microsoft office (Word,Excel), Email ကောင်းမွန်စွာအသုံးပြုတတ်သူ

### Admin Assistant
**Vacancy** (ရန်ကုန်မြို့) ၂ ဦး (အမျိုးသမီး)

**Job Description**
- စာရင်းများ ပြုစုခြင်း။
- လစာစာရင်းများကို လစဉ်တိကျမှန်ကန်စွာ တွက်ချက်ပေးခြင်း။
- Supervisor မှပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရပါမည်။

**Job Requirements**
- ဘွဲ့ရ
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူကိုဦးစားပေးမည်။
- Microsoft office (Word, Excel) , Email ကျွမ်းကျင်စွာအသုံးပြုတတ်သူဖြစ်ရပါမည်။
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ။

### Assistant Accountants
**Vacancy** (၃)ဦး(အမျိုးသားသို့မဟုတ် အမျိုးသမီး)

**Job Description**
- အရောင်းစာရင်း၊ ငွေအဝင်အထွက်စာရင်း၊ လချုပ်စာရင်းအစရှိသည်တို့ကို လုပ်ဆောင်ရပါမည်။

**Job Requirements**
- LCCI Level III အောင်
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူကိုဦးစားပေးမည်။
- Microsoft office (Word,Excel), Email ကျွမ်းကျင်စွာအသုံးပြုတတ်သူဖြစ်ရပါမည်။
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ

### 4TV Store Staff (စတိုဝန်ထမ်း)
**Vacancy** အမျိုးသား(၃)ဦး၊ အမျိုးသမီး (၁) ဦး

**Job Description**
- Stock ကုန်ပစ္စည်းအဝင်အထွက်စာရင်းပြုစုခြင်း၊ Store ထိန်းသိမ်းစောင့်ရှောက်ခြင်း။
- အမျိုးသားများသည် ပစ္စည်းအသယ်အပို့ ပြုလုပ်နိုင်ရပါမည်။

**Job Requirements**
- တက္ကသိုလ်ဝင်တန်းအောင်
- Microsoft office (Word,Excel), Email ကျွမ်းကျင်စွာအသုံးပြုတတ်သူဖြစ်ရပါမည်။
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ

### 4TV Delivery Staff
**Vacancy** အမျိုးသား(၅)ဦး

**Job Description**
- 4TV ကုန်ပစ္စည်းများကိုအချိန်တိကျစွာနေ့စဉ် 4TV Showroom များ၊ အဝေးပြေးကားဂိတ်များသို့ ပို့ဆောင်ပေးရပါမည်။
- အမျိုးသားများသည် ပစ္စည်းအသယ်အပို့ ပြုလုပ်နိုင်ရပါမည်။

**Job Requirements**
- တက္ကသိုလ်ဝင်တန်းအောင်
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ

လစ်လပ်ရာထူးများအားလုံးအတွက် လုပ်ငန်းသဘောသဘာဝအရ လိုအပ်သော လေ့ကျင့်သင်ကြားပေးမှုများကို 4TV မှ တာဝန်ယူသင်ကြားပေးမည်ဖြစ်ပါသည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ 4TV ကိုအထူးစိတ်ဝင်စားသူများကိုဦးစားပေးမည်။ စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း (CV form)၊လိုင်စင်ဓါတ်ပုံ ၁ ပုံ၊ လိုအပ်သော စာရွက်စာတမ်းအထောက်အထားမိတ္တူ တို့နှင့်တကွ အောက်ပါ 4TV Showroom လိပ်စာများသို့ မေလ ၂၁ ရက် ၊၂၀၁၅ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

### 4TV Main Showroom

(ဟံသာဝတီလမ်း၊ ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးဝင်းဘေး၊ ရန်ကုန်မြို့ ။) စုံစမ်းရန် – 4TV Hotline –၀၁-၂၃၀၆၁၆၆,

4TV Facebook page : www.facebook.com/4tvmyanmar

